www.burmeseclassic.com

ဘဒ္ဒန္တာစရိယ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)

စီစဉ်ရေးသားအပ်သော

# ကိုးထပ်ကြီးဘုရားသမိုင်း



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော အနှစ်(၁၀၀)က သမိုင်းသွားအစဉ်ကို အတိုင်းသားထင်အောင်
ကွင်းကွင်းကွက်ကွက် ရှင်းလင်းချက်ဖြင့်

**ဘဒ္ဒန္တာစရိယ**
( နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် )

စိစဉ်ရေးသားအပ်သော

# ကိုးထပ်ကြီးဘုရားသမိုင်း

စိစဉ်သူ
**ဦးသန်း (ဂေါပကအဖွဲ့ဝင်)**
ကိုးထပ်ကြီးဘုရားဂေါပကအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

**မှတ်တမ်း ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်**
၈၂၈/၂၀၀၄(၁၂)


**မျက်နှာဖုံးခွင့်ပြုချက်**
၃၂၀၀၃၇၀၅၀၁

**ထုတ်ဝေသူ**
ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အမှတ် ၁၁၀၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ/ပုံနှိပ်သူ**
ဦးသန်း(၀၃၀၅၀) အေးမေတ္တာပုံနှိပ်တိုက်
၆၆၊ ကွမ်းရွဲတန်းလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၇၀၉၈၈၉


**ရနိုင်သောနေရာ**
ကိုးထပ်ကြီးဘုရား ဂေါပကရုံး
ဖုန်း ၀၁-၅၁၀၆၆၃၊ ၀၁-၅၁၂၃၄၃

**ဓမ္မဒါန**



burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးအား ရောင်တော်ဖွင့် ပူဇော်နေပုံ






ဆရာတော်ကြီးများ ဘုရားအနေကဇာတင်နေပုံ

www.burmeseclassic.com

www.burmeseclassic.com





ဩဝါဒါစရိယဆရာတော်ဘုရားကြီးများက
ဩဝါဒကထာများ ချီးမြှင့်နေစဉ်









www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com







## စိစစ်သူ၏ အမှာစာ

၂၀၀၈ ခုနှစ်၊ မေလတွင် မည်သူမျှ မေ့ပျောက်လို့မရသော နာဂစ်မုန်တိုင်းသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းတွင် ညှာတာကင်းမဲ့စွာ တိုက်ခတ်သွားခဲ့ပါသည်။

ထိုမုန်တိုင်းသည် ဘားကရာကျောင်းတိုက်အတွင်းရှိ ကျောင်းများကိုထပ်ကြီးဘုရားဝင်းအတွင်းရှိ တန်ဆောင်းနှင့် သစ်ပင်များကိုလည်း အလွတ်မပေးခဲ့ပါ။

ထူးဆန်းသည်မှာ ဘုရားကြီးတန်ခိုးတော်နှင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့၏ တန်ခိုးတော်ကြောင့် ဘုရားကြီးရုပ်ပွားတော်နှင့် ဆင်းတုတော်၊ စေတီတော်များရှေ့ရှိ အမြင့်ဆုံးမုခ်ဦးကြီး ယိမ်းယိုင်လဲပြိုခြင်းမရှိဘဲ သက်တမ်းရင့် မန်ကျည်းပင်အိုကြီး၊ သရက်ပင်၊ အင်ကြင်းပင်တို့ ပြိုလဲကျသည့်အတွက် တန်ဆောင်းမုခ်ဦးအချို့ ပျက်စီးခဲ့ရပါတယ်။ သို့သော် မပူပါ။ ဂေါပကနှင့် ဘုရားဝန်ထမ်းများက ထိုအခြင်းအရာများကို ချက်ချင်းပင် စတင်ရှင်းလင်းခဲ့ကြပါတယ်။ စာသင်သား ရဟန်းပျိုများကလည်း မိမိတို့စေတနာအလျောက် လုပ်အားဒါန ပေးလှူခဲ့ကြပါတယ်။

အထူးကျေးဇူးတင်ထိုက်သူများကိုလည်း ချန်လှပ်ထား၍မရပါ။ ကြည့်မြင်တိုင်၊ ဗဟိုမြင်းဈေးကြီးမှ ကုန်သည်ကြီး ဦးအောင်သန်းစိန်တို့ မိသားစု ဖြစ်ပါ၏။ ဘုရားကြီးမှ တစ်စုံတစ်ရာ ပံ့ပိုးမှု စရိတ်စက စိုးစဉ်းမျှမယူဘဲ လုပ်သား(၁၀)ဦးကို (၁၀)ရက်တိုင်တိုင် မမောမပန်း စေတနာသဒ္ဓါထက်သန်စွာ လုပ်အားဒါန ပေးလှူခဲ့ကြပါတယ်။

ထိုကိစ္စရပ်များကို ကြားသိရသော ဂေါပကလူကြီးဟောင်း အဒေါ်ချစ်(ခ) ဦးချစ်ကလည်း မကျန်းမမာ လေဖြတ်၍ ဆေးရုံတက်ရောက် ကုသနေစဉ်အတွင်း ဂေါပကများကို ဆေးရုံသို့ခေါ်၍ နှစ်ကျိပ်ရှစ်ဆူ တန်ဆောင်း ပြုပြင်ရန်၊ စနေတန်ဆောင်းတွင် ရုပ်ပွားတော်တည်ထား အများကိုးကွယ်နိုင်ရန် ကျပ်သိန်းပေါင်း(၈၀)ကို သဒ္ဓါကြည်ဖြူစွာ

www.burmeseclassic.com

လှူဒါန်းခဲ့ပါသည်။ ဆက်လက်၍လည်း သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။

ထို့ပြင် ဘုရားကြီးဝင်းနှင့်တကွသော တောကရာဝင်းအတွင်းရှိ ကျောင်းပေါင်း (၃၈)ကျောင်းမှ စာသင်တိုက်များ သုန်းတော်ကြီး ကျောင်းများ လျှပ်စစ်မီးမပြတ် လင်းစေခြင်းငှာ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ "လင်း-မြန်-မြိုး-လျှံ" စီမံကိန်းတော်ကြီး ချမှတ် အလှူခံ၍ 400 KVA ဗိုအားရှိ ထရန်စဖော်မာတော်ကြီးကို ကျောင်း သိမ်းဝေါင်းများသွား အကုန်အကျခံ၍ "HHA ဘုမ္မကျ" ကို ဌာနရှင်း တည်ဆောက်ခဲ့ပါတယ်။ ယခုအခါ လျှပ်စစ်မီးများ မပြတ်လည်ပတ် လျက် ရှိပါတယ်။

စီစဉ်သူ
ဦးအေးနိုး (ဧဝါပက)
အေးမင်္ဂလာပုံနှိပ်တိုက်

## ဩဝါဒါစရိယ ဆရာတော်ကြီးများ



www.burmeseclassic.com









နှစ်ပေါင်း ၁၀၀ ကျော်က ဘုံကိုးဆင့်တန်ဆောင်းနှင့်အတူ ဖူးမြော်ရသော ရွှေမော်ဓောဘုရားကြီး



www.burmeseclassic.com



ဘုရားကြီးပတ်လည်မှ သစ်သားပန်းပုဘုရားများနှင့် ကျောက်ဆင်းတုဘုရားများ



ကိုးနဝင်းဆောင်ဆီမို့ ရွှေတောင်ပြည့် ဓာတ်တော်ဝင်စေတီ



အင်းဝထော် ရွှေဘောင်မွှန်းဘုရား

www.burmeseclassic.com


www.burmeseclassic.com



ဓါတော မြတ်စွာဘုရား



နတ်ရုံဘုရား




အဓိဋ္ဌာန်ကျောက်ဆုံ




ကိုးထောင့်ကြီးဘုရား ပုံတူတော်


www.burmeseclassic.com

www.burmeseclassic.com









၁၉၇၆-ခုနှစ်မှ ၂၀၁၂-ခုနှစ်အထိ
နှစ်စဉ် မပျက်မကွက် ဘုရားကြီးရွှေသင်္ကန်းကပ်ရန် လှူဒါန်းခဲ့သော
ပန်းဆိုင်ပုဂ္ဂိုလ်အသင်း အရောင်တော်ခတ်အသင်း

www.burmeseclassic.com

www.burmeseclassic.com













ဝါတွင်း/ဝါပ ဥပုသ်သီလပေး ဓမ္မသဘင်အခမ်းအနား

www.burmeseclassic.com

www.burmeseclassic.com



ကထိန်သင်္ကန်း ကပ်လှူပွဲ



နှစ်စဉ်ကျင်းပမြဲ တန်ဆောင်တိုင် မီးထွန်းပွဲ

www.burmeseclassic.com

www.burmeseclassic.com





သံဃာအပါး(၉၀) ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီး



အဓိဋ္ဌာန်အောင်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ




www.burmeseclassic.com

www.burmeseclassic.com












ဗုဒ္ဓပူဇနိယပွဲ တရားပွဲလှည့်ဆော်ရေးနှင့်
တရားပွဲ ရုပ်သဘင် အခမ်းအနား

www.burmeseclassic.com

www.burmeseclassic.com



ဂျူပင်နီယာပွဲ ရွာနှင့်စျေးမြင်ကွင်း






ဂျူပင်နီယာပွဲ ထမနဲထိုးပွဲ မြင်ကွင်း

www.burmeseclassic.com


www.burmeseclassic.com





ဗောဓိပင် ညောင်ရေသွန်းပွဲတော်




ဂြိုဟ်တိုင်ရေခင် နှင့် နတ်ကွန်းများ

www.burmeseclassic.com

www.burmeseclassic.com



နာဂစ်ဒဏ်သင့် အပင်ကြီးများကို စာသင်ရဟန်းများနှင့် ဝန်ထမ်းများက ရှင်းလင်းနေစဉ်



နာဂစ်မုန်တိုင်းကြောင့် ပြိုလဲသွားသော အပင်ကြီးများကို
သဒ္ဓါထက်သန်စွာဖြင့် ပိုင်းဖြတ်ရှင်းလင်းနေစဉ်

www.burmeseclassic.com

www.burmeseclassic.com





နာဂစ်မုန်တိုင်းဒဏ်သင့် အဆောက်အဦများအား
ရှင်းလင်းပြင်ဆင်နေကြစဉ်





နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော အမိုးတော်ကြီးအား
အသစ်ပြန်လည်ပြုပြင်နေစဉ်

www.burmeseclassic.com


www.burmeseclassic.com







ခြေတော်ရာတန်ဆောင်း နှင့် ဆေတီဒီ မီးဇက်ခန်း







www.burmeseclassic.com



ကြို့ကိုးကြီး အဓိကဘုံဝင်နေသည့်များ တနင်္လာနေ့တိုင်း ဈေးကာနေပုံ





www.burmeseclassic.com

www.burmeseclassic.com





ဘုရားကြီးအရှေ့ဘက်မုခ်ဦးနှင့် နှစ်ကျိပ်ရှစ်ဆူ တန်ဆောင်းများ





ပရိတ်တော်ရေကန် နှင့် အများသုံးသောက်ရေသန့် ရေချမ်းစင်

www.burmeseclassic.com

www.burmeseclassic.com






ရေတံခွန် ၊ ဘိုးဘိုးကြီးတန်ဆောင်း နှင့် ဆုတောင်းပြည့်တန်ဆောင်း၊






မူလဘုရားဒါယကာ ဒါယိကာမများ၏တန်ဆောင်း
ဘက်စုံတည်ဆောက်ပြီးစီးသွားသော "သန္တိသုခ" (၂)ထပ်မွေ့ရာခံအသစ်ကြီး

www.burmeseclassic.com



ကိုးနဝင်း ဒေသင်သိဒ္ဓိ ဆုတောင်းပြည့် စေတီတော်



ရှေးဟောင်း စေနတန်ဆောင်း



အင်းကြင်းပင် နှင့် မြို့ပင်တိုင်များ



www.burmeseclassic.com

www.burmeseclassic.com





ခေတ်မီစွာ ပြန်လည်တည်ဆောက်ထားသော ဆိုင်ခန်းများ








ဘိုးသိကြားတန်ဆောင်း နှင့် ဈေးတော်ရုံများ

www.burmeseclassic.com


www.burmeseclassic.com

နတ်ရုပ် ၊ ဝေဿန္တရာဇာတ်တော် သရုပ်ဖော်ဆင်းတုတော်များ





အရှေ့ဘက်မုခ်ဦးတော်ကြီး



သမိန်ထင် ကျောက်စာတိုင်

www.burmeseclassic.com

www.burmeseclassic.com





ရေထံခွန် ၊ ဘိုးဘိုးကြီး ၊ ဆုတောင်းပြည့်ဘုရားများ



ဘုရားငါးဆူ ၊ နှစ်ကျိပ်ရှစ်ဆူ ကန်ဆောင်တော်များ




www.burmeseclassic.com

www.burmeseclassic.com





ဒေဝယျာ တန်ဆောင်းတော်ကြီး



ဒေဝယျာစေတီးတော်ဝင်



လင်းကွန်းပင်

www.burmeseclassic.com

ဓာတ်ပုံများ



## ဤ ကိုးဆယ်ကြီးဘုရားသမိုင်းအတွက် ကိုးကားသောကျမ်းများ


၁။ ကစ္စနကစ္စနဇာတက ဋီကာသာ
၂။ အိပ်မက်တိတ္ထိုကျမ်း
၃။ လောကဟိတရာသီကျမ်း
၄။ ကိုးထပ်ကြီးဘုရားသမိုင်းကျောက်စာ
၅။ ဇောတိယဒီပကကျမ်း
၆။ ရွှေစက်တော်ဘုရားသမိုင်း
၇။ မဟာသုတကာရီကျမ်း (မယခေလက်ာ)
၈။ မဟာသကျဇာတက (မြ)
၉။ ခရပုတ္တဇာတက (မြ)
၁၀။ ဝဏ္ဏဇာတက (မြ)
၁၁။ တွင်းသင်းရာဇဝင်
၁၂။ ကြီးကိုးကြီးဝင်သမိုင်းရဉ်စာအုပ်
၁၃။ ဝိမာနဝတ္ထု (ပါ/မြ)
၁၄။ စူဠနန္ဒိယဇာတက (မြ)
၁၅။ မဟာဗုဒ္ဓဝင် (ဒုတိယတွဲ)
၁၆။ မနုဝဒ (မြ/ပ-ဒု)
၁၇။ သဂါထာဝဂ္ဂသံယုတ် (ပါ/မြ)
၁၈။ ဒီ-ဝ (ပါ/မြ)
၁၉။ ဗားကရာဆရာငြိမ်း၏ "ဓူရှုနှစ်ဖြာ-ဗားကရာ" ဆောင်းပါး


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


- နိဒါန်း
- မိတ်ဆက်စကား ... က

၁။ ပဏာမာမိကထာ ... ၁
၂။ ဖားမြွေအတိတ်ပြ ... ၇
၃။ နိမိတ်ကောင်းရန်၊ တိတ်ကြောင်းဖန် ... ၇
၄။ ကိုယ်ကျင့်သီလ ပြည့်စုံကြ ... ၈
၅။ ရွှေတုံးရ ဇာတ် ... ၈
၆။ အဓိဋ္ဌာန် ... ၉
၇။ ရွှေတုံးပိုင်းခြား လေးပုံထား ... ၉
၈။ ဆက်ဆံရေးကောင်းသော ဇနီးမောင်နှံ ... ၁၁
၉။ ဆရာတော်ကြီး၏ ထူးဆန်းသောအိပ်မက် ... ၁၂
၁၀။ အိပ်မက်၏ အကျိုးပေးကာလ(၄)ပါး ... ၁၃
၁၁။ အိပ်မက်သဘော ဦးကြင်ပြော ... ၁၃
၁၂။ အိပ်မက်ခြင်း ခုနစ်ပါး ... ၁၃
၁၃။ အိပ်မက်ခြင်း အချိန်ငါးပါး ... ၁၄
၁၄။ လောကီကျမ်းလာတစ်နည်း ... ၁၄
၁၅။ အောင်မြေသာစည် ကပိလပြည် ... ၁၅
၁၆။ တကယ့်ဖြစ်ရပ်၊ ရွှေချောင်းအပ်၊ နတ်တို့စီမံပုံ ... ၁၉
၁၇။ ဗုဒ္ဓမန္တန် ရွတ်ဖတ်ခြင်း ... ၂၀
၁၈။ သမိုင်းကျောက်စာ ... ၂၅
၁၉။ နှောင်တော်ကြီးဘုရားပုံ ... ၃၅
၂၀။ ဂန္ဓာရီပျော် ဆရာတော် ... ၃၅
၂၁။ ရေငတ်တုန်း ရေတွင်းထဲကျ ... ၃၆
၂၂။ ဘယ်ပုံဘယ်ပန်း မေးစုံစမ်း ... ၄၃
၂၃။ လက်ခမလို၊ ကုသိုလ်လို ... ၄၅
၂၄။ ယုတ္တိသာဓက ထုတ်ဖော်ပြ ... ၄၈
၂၅။ သမိုင်းဂါထာ ... ၅၁
၂၆။ ဌာပနာသွင်းပုံ ... ၅၄
၂၇။ စေတီငါးမျိုး ... ၅၆
၂၈။ စေတီငါးမျိုး ဘုရားရှိခိုး ... ၅၈
၂၉။ မြွေမင်းဖားမင်း ပုံစံသွင်း ... ၅၉
၃၀။ မြွေမင်း၊ ဖားမင်း၊ အကြောင်းရင်း ... ၆၀
၃၁။ မြွေမင်း၊ ဖားမင်း၊ ထားခြင်းပုံဟန် မှားမခံ ... ၆၃
၃၂။ ဝေါပကလူကြီး၊ အယူသီး ... ၆၃
၃၃။ ပညတ်သွားရာ ဓာတ်သက်ပါ ... ၆၄
၃၄။ မြွေမင်းပူဇော် အာနုဘော် ... ၆၆
၃၅။ ဖားမင်းကိုယုံ လာဘ်ပြောဟုံ ... ၆၇
၃၆။ ခွေးနက်အသွင် နတ်ဖန်အင် ... ၆၉
၃၇။ မယဒေဝလင်္ကာ ... ၆၉
၃၈။ မြေခွေးယောင်ဖန်ဆင်း သိကြားမင်း ... ၇၀
၃၉။ ခွေးနက်မှုဆိုး ပုံတစ်မျိုး ... ၇၂
၄၀။ ဆိတ်ဖို ဆိတ်မ အသွင်ပြ ... ၇၂
၄၁။ သိကြားမင်းနှင့် သစ်ကြုတ် ... ၇၂
၄၂။ အနော်ရထာကျွဲခတ်ကိန်း ... ၇၃
၄၃။ စက်တော်ရာသမိုင်း ... ၇၃
၄၄။ တန်ခိုးထက်လှ ဘိုးယက္ခ ... ၇၃
၄၅။ ညညအချိန် မတည်ငြိမ် ... ၇၄
၄၆။ အိမ်မှာမမွေ့ ကိုးထပ်ရွှေ့ ... ၇၄
၄၇။ အဋ္ဌဂုအထူး ကျောက်ဘီလူး ... ၇၅
၄၈။ ဘုရားတည်စ ဦးယက္ခ ... ၈၅

www.burmeseclassic.com


၄၉။ မည်သူအသက်သွင်းသနည်း ၈၅

၅၀။ ပုဂံရာဇဝင် ၈၆

၅၁။ မင်းဖြစ်ပုံနှယ် လွန်ဆန်းကြယ် ၈၆

၅၂။ သခွါးခင်းမှ မင်းဖြစ်ရ ၈၇

၅၃။ မိဖုရားငယ် မချေင်၊ သွေးပွက်ပွက်အန် ၈၉

၅၄။ ကျောက်ဘီလူးကတွန်းချ ဂွန်းပြန်ကျ ၉၁

၅၅။ အရုပ် (၂) မျိုး ၉၂

၅၆။ လက်ကျိုးခြေကျိုး အမှုတိုး ၉၃

၅၇။ စိတြပါသာဏကဏ္ဍ ၉၅

၅၈။ ရွှေထုပ်တဲ့မြပဝါ ၉၆

၅၉။ တိုးမပေါက်အောင်စည်ကား ၉၆

၆၀။ သုတေသီ ကိုနန်း ၉၇

၆၁။ သမိုင်းစာညွှန်းလျက် တိုက်တွန်းချက် ၁၀၃

၆၂။ ကိုးထပ်ကြီးတြင်းကြေ နဝင်းကြေဘုရားရှိခိုး ၁၀၄

၆၃။ မုနိကိုးပါးနှင့် ကိုးထပ်ကြီး ၁၀၆

၆၄။ မုနိကိုးပါးဧကပိုဒ်ရတု ၁၀၇

၆၅။ နိဂုံးပဋ္ဌနာခန်း ၁၀၉




## ကိုးထပ်ကြီးဘုရားသမိုင်း
## နိဒါန်း
## တည်ထားတံ့လစ် သက္ကရာဇ်

အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီး ရုပ်ပွားဆင်းတုတော်မြတ်ကြီးကို သာသနာတော်နှစ် ၂၄၄၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀-ရက်၊ ခရစ်သက္ကရာဇ်(၉-၈-၁၉၀၅)၊ ဗုဒ္ဓဟူးနေ့ နံနက်(၆း၃၀)နာရီအချိန်တွင် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ၁၄-ဧက ၁-မတ် အကျယ်ရှိသော ဗားကရာတိုက်အတွင်း၌ -

ဇမ္ဗူတစ်ခွင်တွင် တူယှဉ်မရ၊ လူတွင်မက နတ်တွေကပါ ဖန်ဆင်းလာ၍ ဝိလာသဂ္ဂ စိတြဒေဟံ၊ ဣဿရ ရွှေဉာဏ်ဖြင့်၊ မသွေအမှန်ဝင့်ထယ်၊ ဧကန်တင့်တယ်အောင် ဖူးချင်စဖွယ် ဉာဏ်သွင်း၍ ဖန်ဆင်းတည်ထောင်ခဲ့ခြင်း ဖြစ်ပေသည်။

ဂန္ဓကုဋိကျောင်းတော်အမိုးမှာ မျိုးရိုးဇာတိ၊ ကမ္ဘာသိအောင် တမင်ဖန်၍ အင်္ဂလန်ဘိလပ်၌ အပြီးသတ်ပုံစံချိုး၍ မြန်မာမှာစံပြုရတဲ့ မဟာဗန္ဓုလစစ်သူကြီး၏ ခမောက်ပုံလို မျိုးဂုဏ်ဇာတိ၊ တန်ခိုးဂုဏ်အင္ဂာကြည့်လျက် မြန်မာ၏ကျမ်းအရကို မှန်းဆရှုကြည့်၍ ဂန္ဓကုဋိကျောင်းတော်အမိုးတို့ဖြင့် သောင်းကျော်အောင် တန်ခိုးဝင့်ထယ်သောကြောင့် အမျိုးမျိုးတင့်တယ်ခြင်းရှိသည်မှာ အံ့မခန်းရှိလှချေသည်။

ဖူးမြော်သူ ခရီးပန်းပေမယ့် အထူးကျော်လိုမှု တစ်နည်းဆန်းတာက စည်းကမ်းအရာအဖုံဖုံ ချိုးမွမ်းစရာစုံအောင် တန်ခိုးဂုဏ်များလည်း ကြီးမားလှသည်ကို မျက်မြင်ကြုံတွေ့ကြရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မုနိကိုးဝ နောက်ဆုံးပြ

မုနိကိုးဝ နောက်ဆုံးပြ၍ အစစမညှိုးနွမ်း တစ်စတစ်စ တန်ခိုးအစွမ်းတို့ကြောင့် ကိုးဂဏန်းဖြင့်တြွင်းကြေ၊ နဝင်းကြေ၊ ယွင်းမသွေ အကျိုးဆက်တို့ကြောင့် တန်ခိုးထွက်ခြင်းရှိသည်မှာလည်း ထူးခြားချက် တစ်ရပ် ဖြစ်ပေသည်။

## ဗုဒ္ဓဓာတ်တော် ကိန်းစံပျော်

ကြည်ညိုမဆုံး၊ ဘုန်းအနန္တ၊ သုံးတန်မျှ၍၊ ဦးတင်သလျှင်၊ ဖူးမြင်သမျှ၊ အစစမယွန်း၊ ကျနလွန်းသဖြင့်၊ ရွှန်းပီတိဖြာ၊ ဂွမ်းဆီထိဝါ၊ သညာထွင်ကာ၊ အစဉ်လာကောင်းသဖြင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံအောင် သက်တော်ထင်ရှား မြတ်စွာဘုရား၏ ကိုယ်စားတော်မှတ် သာရီရိက ဓာတ်တော်မြတ်တို့ ကိန်းဝပ်စံပျော် ရွှေကြုတ်တော်နှင့် တကွ ရွှေစေတီ၊ ငွေစေတီ၊ ရွှေဆင်းတု၊ ငွေဆင်းတု၊ ကြေးဆင်းတု၊ ပတ္တမြား၊ နီလာ၊ ဥဿဖရား၊ ဝဇီရာအစစ်၊ အမြုတေအနှစ်တို့ဖြင့် စနစ်တကျ ချက်တော်မှသည် ရင်ခေါင်းတော်တိုင်အောင် မဏ္ဍိုင်ဗဟို၊ ကြည်ညိုဖွယ်ရာ၊ ရတနာမယွင်း၊ သဘာလင်းအောင် ဌာပနာသွင်းခြင်းရှိသဖြင့် အတိပသန္န အတိပသာဒ အရှိသဒ္ဒါကြွအောင် သိသာလှသော ဂုဏ်တော်တို့၏ စုဝေးတည်နေတော်မူရာလည်း ဖြစ်တော်မူပါပေ၏။



## ကိုးဂဏန်းအရ တန်ခိုးအစွမ်းပြ

ပလ္လင်ဗွေမှ သင်္ကေတဖြင့် ယ-ဏသေချာ၊ ပေတိုင်းပါသော်၊ ထိပ်တော်မဏိ အမြင့်ထိအောင် (၇၂)ပေမျှ ပမာဏဖြင့် ကာယပြည့်ဖြိုး ထာဝရအသိတိုးအောင် ကိုးဂဏန်းအရ တန်ခိုးအစွမ်းပြတော်မူနိုင်သော အတုလာဓိပတိ မဟာမုနိသကျဘွဲ့တော်သသည့် မြန်ပြည်အပြင် ထက်အောက်ခွင်မှာ အထင်အရှား လွန်ကျော်ကြားသော ဘုရားကြီးတစ်ဆူ ဖြစ်ပါတော့သတည်း။

ဘဒ္ဒန္တစရိယ
ကျမ်းပြုပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com



## အတုလာဓိပတိ မဟာမုနိသကျ
## ကိုးထပ်ကြီးဘုရားသမိုင်းနှင့်
## မိတ်ဆက်စကား

ဤ ကိုးထပ်ကြီးဘုရားသည် ရန်ကုန်တိုင်း၊ အနောက်ပိုင်းခရိုင်၊ စမ်းချောင်းမြို့နယ်အတွင်း၌ တည်ရှိပေသည်။

ခေတ်ကာလအလျောက် ရန်ကုန်မြို့၌ ကြီးကိုးကြီးတွင် ပါဝင်၍ သမိုင်းဝင်ဖြစ်၍နေလေသည်။

ကြီးကိုးကြီးမှာ -

၁။ ကိုးထပ်ကြီး

၂။ ခြောက်ထပ်ကြီး

၃။ ငါးထပ်ကြီး

၄။ မဟာမင်္ဂလာဆုတောင်းပြည့်ဘုရားကြီး

၅။ ကြေးသွန်းဘုရားကြီး

၆။ ရွှေခေါင်းလောင်းတော်ကြီး

၇။ နောင်တော်ကြီး

၈။ ချမ်းသာကြီး

၉။ ရဟန္တာသိမ်တော်ကြီး တို့ ဖြစ်လေသည်။

တနင်္လာနေ့တိုင်းတိုင်း (၉)ဂဏန်းအရ နံနက်(၉)နာရီမှာ အဓိဋ္ဌာန်ဝင်ကြ၊ ပုတီးစိပ်ကြ၊ ဘုရားဝတ်ပြုကြသူများဖြင့် တိုးမပေါက်အောင် စည်ကား၍နေလေသည်။



ကိုးထပ်ကြီးဘုရားရင်ပြင်တော်၌ လေးဘက်လေးတန် အနီး အဝေး အရပ်လေးမျက်နှာမှလာကြသော ဘုရားဖူးများဖြင့် ပြည့်ကြပ်နေသဖြင့် ဂေါပကလူကြီးများက ဖျာ စသော အခင်းများခင်းပေး၍ မနိုင်နိုင်လောက်အောင် ဖြစ်၍နေပေသည်။

ကမ္ဘာလှည့် နိုင်ငံခြားသား၊ တိုးရစ်များလည်း အမြဲတစေ ရောက်ရှိကြ၊ လှူဒါန်းကြပေသည်။

မြန်မာ့ရုပ်သံနှင့် မြဝတီတို့မှ အခါအားလျော်စွာ မှတ်တမ်းတင်၍ ထုတ်လွှင့်မှုများကြောင့်လည်း ပိုမို၍ ထင်ပေါ်ကျော်ကြား လူသိများခြင်း ဖြစ်ပေလိမ့်မည်။

ဂေါပကအစီအမံတို့ကြောင့် ဆိုင်ခန်းများကို စနစ်တကျ နေရာချထား၍ ခိုစာကျွေးခြင်းဖြင့် ဘုရား၏ရင်ပြင်တော်ပေါ်၌ မသန့်ရှင်းမှု ဖြစ်နိုင်သောကြောင့် "ရင်ပြင်တော်ပေါ်၌ ခိုစာမကျွေးရ" ဟုပင် စည်းကမ်းတစ်ရပ် သတ်မှတ်၍ ထားရလေသည်။

ရှေးက မင်းလေး, မင်းကြီးနှင့်တကွ (၃၇)မင်းတို့ စံပျော်ရာ နတ်တိုက်ကြီးများ (နတ်ကွန်းကြီးများ) ကို ဖျက်သိမ်း၍ နတ်ကွန်း အသစ်များ ဘုရားကြီး၏ လက်ဝဲဘက်အဝင်ဝ၌ တည်ဆောက်၍ ဂေါပကများအနေဖြင့် ရွှေ့ပြောင်းကာ အပူဇော်ခံထားရှိလေသည်။

## တစ်ခေတ်နောက်ကျ

ကိုးထပ်ကြီးဘုရားကို "တစ်ရက်မရောက်လျှင် တစ်ခေတ် နောက်ကျသွားနိုင်သည်" ဟု ပြောရမလောက်ပင် ကိုးထပ်ကြီးဘုရား၏ တန်ခိုးအလျောက်၊ အကျိုးမြောက်အောင်၊ ထိုးဖောက်ပွင့်လင်း

www.burmeseclassic.com

www.burmeseclassic.com



လာသည်ကို မျက်မြင်ဖူးတွေ့ပြီး ထူးပေ့ဆိုတဲ့ အရာဝတ္ထုများကို ကြုံတွေ့ခံစားရမည် ဖြစ်ပေသည်။

ကိုးထပ်ကြီးဘုရားသည် ဗားကရာတိုက်အတွင်းမှာ တည်ရှိသည့်အားလျော်စွာ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲအတည်ပြုကာ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကလူကြီးများက ဖွဲ့စည်းအုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပေသည်။

## တစ်လတစ်ကြိမ် ဩဝါဒ

ဂေါပကလူကြီးမင်းများသည် (၁)လလျှင်(၁)ကြိမ် ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ပုံမှန် ဩဝါဒခံယူလေ့ရှိကြသည်။ အရေးတကြီးဆောင်ရွက်ရန် ကိစ္စကြီးငယ်ရှိခဲ့သော် တစ်လအတွင်းမှာပင် (၂)ကြိမ်၊ (၃)ကြိမ်၊ အကြိမ်ကြိမ်ဩဝါဒခံ၍ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ အကြံဉာဏ်ဩဝါဒများကို ခံယူ၍ လုပ်ဆောင်လေ့ရှိကြပေသည်။

ထိုသို့ ဩဝါဒကိုခံယူခြင်းဖြင့် ကိုးထပ်ကြီးဘုရားကြီး၌ အမှန်တကယ် လိုအပ်လျက်ရှိသော မုခ်ဦးပြဿဒ်ကို ဂင်ဇာလှကုမ္ပဏီ ဦးစိန်ထွေး-ဒေါ်ဆုစန္ဒာဟုတ် စေတနာရှင်တို့က တစ်ဦးတည်း ပုဂ္ဂလိကအနေဖြင့် သိန်း(၅၀)ကျော် အကုန်ကျခံ၍ အနုဂါမိက ကုသိုလ်ရှေ့အိုးကြီးကို မြှုပ်နှံ၍ ကမ္ပည်းတပ်လျက် မြတ်သောကုသိုလ်ကြီးကို ပြုလုပ်ခဲ့ကြလေသည်။



## တစ်ထပ်မှနှစ်ထပ်

မူလရည်ရွယ်ချက်က ဂေါပကများအနေဖြင့် မိမိတို့ရဲ့စွမ်းအားကိုကြည့်ကာ ကိုးထပ်ကြီးဘုရားမှာ တစ်နေ့တစ်ခြား တိုးတက်များပြားလာသော ဘုရားဖူးခြင်း၊ ဥပုသ်စောင့်ခြင်း၊ တရားနာခြင်း၊ ဘုရားပွဲတော်ကျင်းပခြင်း စသော ပရိသတ်များကြောင့် အဆောက်အဦတိုးချဲ့ရန်အတွက် တစ်ထပ်ဓမ္မာရုံမျှကိုသာ ဆောက်လုပ်ရန် ရည်ရွယ်ခဲ့သော်လည်း ရန်ကုန်တိုင်းအနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒု-ဗိုလ်မှူးကြီး မောင်မောင်ရှိန်က အမြော်အမြင်ကြီးမားစွာဖြင့် ရန်ကုန်နှင့်တကွ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်နေ့တစ်ခြား တိုးတက်များပြားလာသော လူဦးရေကြောင့် နှစ်ထပ်ဓမ္မာရုံ ပြုလုပ်သင့်ကြောင်း အကြံဉာဏ်ပေးပါသည်။

ထိုသို့ အကြံပေးရုံတင်မကဘဲ စိတ်အားထက်သန်စွာဖြင့် ကြုံကြိုက်လာသော၊ တိုက်ဆိုင်လာသော ကုသိုလ်အခွင့်အရေးကို ဆုံးရှုံးမခံတော့ဘဲ ကိုယ်တိုင်ဦးဆောင်၍ ဂေါပကလူကြီးမင်းများနှင့် တိုင်ပင်ညှိနှိုင်းကာ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်နှင့်တကွ အနောက်ပိုင်းခရိုင်အတွင်းရှိ (၁၃)မြို့နယ်မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ ဦးဆောင်လျက် စေတနာရှင်များ၏ ကုသိုလ်အဖို့ဖြင့် သန္တိသုခနှစ်ထပ်ဓမ္မာရုံကြီးကို တည်ဆောက်ပြီးစီး၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးကိုယ်တိုင် ၂၂-၂-၂၀၀၁ နေ့က ဖွင့်လှစ်ရန်ဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် ရက်ရွှေ့ဆိုင်းခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၄-၄-၂၀၀၁ နေ့က ရန်ကုန်တိုင်းတိုင်းမှူး ဗိုလ်ချုပ်ခင်မောင်သန်း ဦးဆောင်၍ (၁၄)သိန်းကျော် အကုန်ကျခံ၍ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ ရှေ့မှောက်၌ ဖွင့်လှစ်ပွဲကျင်းပခဲ့လေသည်။

## နဝဂုဏဗုဒ္ဓမာမကအသင်း

ကိုးထပ်ကြီးဘုရားနှင့် ပတ်သက်လာလျှင် "နဝဂုဏဗုဒ္ဓမာမက" အသင်းကိုချန်လှပ်ထား၍မရပေ။ ထိုအသင်းသည် ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်း၍ အခါကြီးရက်ကြီးများ၊ ဘုရားပွဲတော်များ၌ စည်ကားသိုက်မြိုက်စွာ ဆွမ်းဆန်စိမ်းများလောင်းလှူခြင်း၊ ဝတ်တက် ဝတ်ကပ်ပြုခြင်း စသည်ဖြင့် ကိုးထပ်ကြီးဘုရားကို ပူဇော်သည့်အသင်းကြီး ဖြစ်လေသည်။

## ပန်းလှိုင်အရှုဏ်တော်ဝတ်အသင်း

ထို့ပြင် အရေးပါသော ဝတ်အသင်းကို ဖော်ပြရလျှင် ယခင်ဟုမ်းလမ်း၊ ယခု ပန်းလှိုင်အရှုဏ်တော်ဝတ်အသင်းကြီးဖြစ်ပေသည်။

မှန်ပေသည်၊ ထိုအသင်းကြီးသည် လွန်ခဲ့သော ၁၃၃၅ ခုနှစ်မှစ၍ ဝတ်အသင်းဖွဲ့စည်းကာ ဝါတွင်းတနင်္ဂနွေနေ့တိုင်း စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံမြို့နယ်များ၌ ရွှေသင်္ကန်းဖိုးအလှူခံလှည့်လည်လျက် ကိုးထပ်ကြီးဘုရား ရုပ်ပွားတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခဲ့ပေသည်။



၂၀၀၀ ပြည့်နှစ်၊ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရာ၌လည်း ပန်းလှိုင်အရှုဏ်တော်ဝတ်အသင်းကြီးက မ,တည်ငွေများစွာ ပါဝင်ခြင်း ရှိခဲ့ပေသည်။

ထို့ကြောင့် ထို ပန်းလှိုင် အရှုဏ်တော်ဝတ်အသင်းကြီးအား ကိုးထပ်ကြီးဘုရား၏ တစ်ခုတည်းသော အကျိုးအများဆုံးသော အသင်းကြီးဖြစ်ကြောင်း မှတ်တမ်းတင်၍ ဂုဏ်ပြုရခြင်းဖြစ်ပေသည်။

## အတုလာဓိပတိ မဟာမုနိသကျ

အတုလာဓိပတိ မဟာမုနိသကျ ဘွဲ့တော်သ၍ ကိုးထပ်ကြီးဘုရားမည်ပုံကို မုနိကိုးဆူမြောက်ဖြစ်၍ ထိုဘွဲ့တော်ရရှိကြောင်း-

"စမ်းချောင်းနဂရေ ဗားကရေ" စသော ပဏာမကိုရေးဖွဲ့၍ ရှေးကျောက်စာအရဖြစ်ကြောင်း ရှင်းလင်းတင်ပြထားပေသည်။

ကိုးထပ်ကြီးဘုရား၏ သမိုင်းအစ တိမ်မြုပ်နေမှုကို "နမိတ်ကောင်းရန် တိတ်ကြောင်းဖန်" စသော ခေါင်းစည်းဖြင့် ရာဇဝင်နိပါတ်များ၊ ခိုင်လုံသော ယုတ္တိသာဓက အထောက်အထားများ စုံလင်စွာ ဖော်ထုတ်ညွှန်းဆိုလျက် ကိုးထပ်ကြီးဘုရားသမိုင်းကို အထင်ကရအမြင်လှအောင် တင်ပြရခြင်းဖြစ်ပါတော့သတည်း။ ။

**ဘဒ္ဒန္တစရိယ**

(၅-၇-၂၀၀၁)

www.burmeseclassic.com

www.burmeseclassic.com

# အတ္တုလာဓိပတိ မဟာမုနိသက္ယ
# ကိုးထပ်ကြီးဘုရားသမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမာဒိ ကထာ

၁။ စမ်းချောင်းနဂရေ ဗားကရေ၊
ကိုးထပ်ကြီးတိ မဟာမုနိ။
မုနိသု နဝမံ ဋ္ဌိတံ၊
ဝန္ဒာမိ သိရသာ မဟံ။

၂။ ကိုးထပ်ကြီးတိတိ ပါကဋ္ဌေ၊
အဗ္ဘုတဥ္စ နိမိတ္တကံ။
ဇာနိတဗ္ဗံ ဉာတာရဟံ၊
ကရိဿံ တဿ ကာရဏံ။

၃။ ယုတ္တိသာဓကံ သမ္ဘူတ္တံ၊
နိပါတေနစ သင်္ဂီတံ။
ရာဇ ဝံသံ ဗုဒ္ဓဝံသံ၊
ဉာတုံ ပဿန္တု သာဓဝေါ။



၁။ စမ်းချောင်းနဂရေ ဗားကရေ၊
ကိုးထပ်ကြီးတိ မဟာမုနိ။
မုနိသု နဝမံ ဋ္ဌိတံ၊
ဝန္ဒာမိ သိရသာ မဟံ။ ။

**စမ်းချောင်းနဂရေ၊** ရန်ကုန်တိုင်း၊ အနောက်ပိုင်းခရိုင်၊ မြိုင်မြိုင်စုပေါင်း၊ မြို့စမ်းချောင်း၌။

**ဗားကရေ၊** ဗားကရာတိုက်၊ သမိုက်ခေါ်လျှင်း၊ ကျောင်းတိုက်အတွင်း၌။

**မုနိသု၊** မုနိလို့ခေါ်၊ ဘွဲ့တော်ထင်ရှား၊ ပိုင်းခြားထားသည့်၊ ဘုရားကိုးဆူတို့တွင်။

**နဝမံ ဋ္ဌိတံ၊** ရှေ့ဖျားရှစ်ဆူ၊ ပွင့်တော်မူသည့်၊ ဘွဲ့တူကိုထောက်၊ ကိုးဆူမြောက်အနေ၊ ပွင့်တော်မူပေသော။

**ကိုးထပ်ကြီးတိ မဟာမုနိ။** ကိုးထပ်ကြီးမည်ငြား၊ မြတ်ဘုရားကို။

**ကိုးထပ်ကြီးတိ မဟာမုနိ၊** တာဝတိံသာ၊ နတ်တို့ရွာ၌၊ ဒေဝါသိကြား၊ ကိုးကွယ်ထားသည့်၊ စူဠာမဏိ မည်တော်ရှိသော မြတ်စွာဘုရား။

❋ ထိုမှတစ်ပါး၊ ဆင့်ပွားကိစ္စ၊ မဟာဓမ္မိဿရ၊ ဗျာဒိတ်ရသည့်၊ အကနိဋ္ဌသညာ၊ ထက်ဖြဟ္မာ၌၊ ဒုဿမုနိ မည်တော်ရှိသော မြတ်စွာဘုရား။

www.burmeseclassic.com

www.burmeseclassic.com



❁ ထိုမှတစ်ပါး၊ ဆင့်ပွားပိုမို၊ မာဂဓိုတွင်၊ ရာဇဂြိုဟ်မည်မှတ်၊ ပြည်အမြတ်၌၊ အဇာတသတ်၊ ကိုးကွယ်လတ်ရာ၊ ရာဇာမုနိ ဘွဲ့တော်ရှိသော မြတ်စွာဘုရား။

❁ ထိုမှတစ်ပါး၊ ပိုင်းခြားမည်ဘိ၊ သာဝတ္ထိနာဂရ၊ ပြည်ဌာနဝယ်၊ ကောသလမင်း၊ ကိုးကွယ်လျှင်းရာ၊ စိန္တာမုနိ ဘွဲ့တော်ရှိသော မြတ်စွာဘုရား။

❁ ထိုမှတစ်ပါး၊ မှတ်သားဖွယ်ရာ၊ ဉာတကာတို့ များစွာနေဘိ၊ ကပိလပြည်၊ မျိုးသာကီတို့ ကြည်ဖြူဝပ်စင်း၊ ကိုးကွယ်ခြင်းငှာ၊ ထင်စွာအရှိ၊ သကျမုနိ မည်တော်ရှိသော မြတ်စွာဘုရား။

❁ ထိုမှတစ်ပါး၊ ပိုင်းခြားပြသ၊ ဂိရိမဏ္ဍလ၊ မည်ထတွင်ခေါ်၊ မြတ်တောင်တော်၌၊ ရှင်ပျော်နေထ၊ မဟေသရ၊ ဒေဝမည်လျှင်၊ နတ်မင်းကြီးတို့ပူဇော်ရာ၊ သညာဖော်ပြ၊ လောကမုနိ မည်တော်ရှိသော မြတ်စွာဘုရား။

❁ ထိုမှတစ်ပါး၊ တိုင်းဇယားဖြင့်၊ ပိုင်းခြားပြသ၊ မည်နာမကား၊ ညေဝတီ၊ ရခိုင်ပြည်ဝယ်၊ နတ်နယ်တမျှ၊ သပ္ပါယ်လှ၍၊ စန္ဒသူရိယာ၊ မင်းထွဋ်ချာ၏၊ ပူဇော်ရာမည်ဘိ၊ မဟာမုနိ မည်တော်ရှိသော မြတ်စွာဘုရား။



❁ ထိုမှတစ်ပါး၊ သမိုင်းအားဖြင့်၊ တိုင်းကားမြန်မာ၊ ထက်ညာဒေသ၊ ဆက်ကာပြက၊ အမရမည်တုံ၊ မြို့ရွှေဘုံ၌၊ ပဒုံမင်းတရား၊ ဝပ်တွားရာမှန်၊ တန်ခိုးထန်သည့်၊ စန္ဒာမုနိ မည်တော်ရှိသော မြတ်စွာဘုရား။

❁ သို့ကလိုသမိုက်၊ ဘွဲ့တော်ထိုက်ဖို့၊ ရှေး၌တင်ထား၊ ကျောက်စာအားဖြင့်၊ ထင်ရှားရှိဘိ၊ မုနိရှစ်ဆူ၊ ထောက်ဆယူလျှင်၊ သယမ္ဘူမဖောက်၊ ကိုးဆူမြောက်မို့၊ တန်ခိုးတောက်လျက်၊ ထက်အောက်ယှက်စပ်၊ ဖြိုးဖြိုးလျှပ်သီး၊ မိုးနတ်နီးမျှ၊ ကိုးထပ်ကြီးဟူသော အတုလာဓိပတိ မဟာမုနိသကျ ဘွဲ့သထင်လျှား၊ မြတ်ဘုရားကို။

**အဟံ၊** ကိုးထပ်ကြီးသမိုင်း၊ မဆိုင်းမတွ၊ ရေးရပေငြား၊ အမည်အားဖြင့်၊ ကျားကျောင်းဆရာ၊ သညာသမုတ်၊ အကျွန်ုပ်သည်။

**သိရသာ၊** ဦးခေါင်းရတနာ၊ မြတ်အင်္ဂါဖြင့်။

**သာဒရံ၊** မရိုင်းမပျ၊ သမိုင်းလှအောင်၊ ကျနသေချာ၊ ရှိသေစွာလျှင်။

**ဝန္ဒာမိ၊** ကျွမ်းပြီးဖို့အရေး၊ စိတ်မှာတွေး၍၊ ဖေးမဖို့အကြောင်း၊ ဂုဏ်အပေါင်းကို၊ အောက်မေ့ခါခါ၊ ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။ ။

www.burmeseclassic.com

www.burmeseclassic.com



၂။ ကိုးထပ်ကြီးတီတိ ပါကဋ္ဌေ၊
အဗ္ဘုတဥ္စ နိမိတ္တကံ။
ဇာနိတဗ္ဗံ ဉာတာရဟံ၊
ကရိဿံ တဿ ကာရဏံ။
ကြောင်းကျိုးထင်ထင် တွဲဖက်ယှဉ်၍ ပဋိညာဉ်ကို ပြဆိုပါဦးအံ့။

ကိုးထပ်ကြီးတီတိ
ပါကဋ္ဌေ ဇာနိတဗ္ဗံ၊ — ကိုးထပ်ကြီးဟု၊ ကမ္ပည်းထင်ရှား၊ မြတ်ဘုရား၌၊ ကြောင်းကျိုးယှက်စပ်၊ ဖြစ်ပေါ်ရပ်ကို၊ အလွန်ပင် သိအပ်လှစွာသော။
ဉာတာ၊ — ကြောင်းကျိုးအလိုက်၊ ဖြစ်ပေါ်ခိုက်ကို၊ တိုက်ရိုက်သေချာ၊ သိထိုက်လှစွာသော။
အဗ္ဘုတံ၊ — မဖြစ်ဘူးမြဲ၊ လွန်နက်နဲ၍၊ ထူးကဲလှစွာသော။
ယံနိမိတ္တကံ၊ — မြွေဖားအစ၊ ရှည်လျားလှစွာသော အကြင်တိတ်ထူး နိမိတ်ထူးသည်။
အတ္ထိ၊ — အနှိုင်းထင်ထင်၊ သမိုင်းဝင်အောင်၊ ထင်ရှားမသွေ ရှိခဲ့ပေ၏။
တဿနိမိတ္တကဿ၊ — ထိုကဲ့သို့ အံ့ဘွယ်လွန်ကျူး၊ မဖြစ်ဘူးသော၊ တိတ်ထူး နိမိတ်ထူး၏။
ကာရဏံ၊ — အကြောင်းဥသံု၊ ကြွင်းမဲ့ကုန်အောင်၊ လုံးစုံစုပေါင်း၊ သမိုင်းကြောင်းကို။
အဟံ၊ — သမိုင်းစာသား၊ လေ့လာထားသည့်၊ ကျားကျောင်းဆရာ၊ သညာသမုတ်၊ အကျွန်ုပ်သည်။



ကရိဿံ၊ — ရေးသားတီထွင်၊ လွန်ပီပြင်အောင်၊ စီစဉ်ရေးသားရပေတော့အံ့။

၃။ ယုတ္တိသာဓကံ သမ္ဗူဠှံ၊
နိပါတေနစ သင်္ကီတံ။
ရာဇ ဝံသံ ဗုဒ္ဓဝံသံ၊
ဉာတုံ ပဿန္တု သာဓဝေါ။
ဂုဏ်သဘောယှဉ်၊ အကုန်ပြောချင်၍၊ ဥယျောဇဉ်ကို ပြဆိုပါဦးအံ့။

ယုတ္တိသာဓကံ =
ယုတ္တိသာဓကေန၊ — အာဂမယုတ္တိ၊ သဘာဝယုတ္တိ၊ အသင့်ယုတ္တိနှင့်။
သမ္ဗူဠှံ၊ — အသိမလပ်၊ သတိချပ်ကာ၊ ပြည့်ကျပ်စွာသော။
နိပါတေန၊ — ရာဇဝင်တစ်ရပ်၊ ပမာထင်ဟပ်အောင်၊ ဇာတ်နိပါတ်သွင်း၊ အကြောင်းရင်းဖြင့်။
သင်္ကီတံ၊ — ပြတ်သားလှစွာ၊ မှတ်သားအပ်ပါသော။
ရာဇဝံသဥ္စ၊ — ရာဇဝင်အရ၊ ပမာတင်ပြသော၊ စကားရပ်များကို လည်းကောင်း။
ဗုဒ္ဓဝံသဥ္စ၊ — ဗုဒ္ဓဝင်အရ၊ သရုပ်ထင်လှအောင်၊ အဟုတ်တင်ပြသော စကားရပ်များကို လည်းကောင်း။
ဉာတုံ၊ — ပဋိဘာဏ်ထင်ထင်၊ အသိဉာဏ်ဝင်အောင်။
သာဓဝေါ၊ — သုတဖွေစစ်၊ ကျိုးပြစ်အရေး၊ ကြံတွေးလိုကြောင်း၊ သူတော်ကောင်း ဖြစ်ကြကုန်သော။

www.burmeseclassic.com

www.burmeseclassic.com



**တုမေ့၊** သင်တို့သည်။

**ပဿန္တု၊** မှန်စွာသိမှု၊ သတိပြု၍၊ ကြည့်ရှုလိုက်ကြပါကုန်လော့။

**ပဿန္တု၊** ကိုးထပ်ကြီးဘုရား၊ ထင်ရှားပွင့်မှု၊ ကြောင်းကျိုးစု၍၊ သုတဖွေရှာ၊ သိဖို့ရာကို၊ မှန်စွာမသွေ၊ ကြည့်ရှုနိုင်ကြပါစေကုန်သတည်း။

❁ ❁ ❁ ❁ ❁

## ဖားမြွေအတိတ်ပြ

အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီး ပွင့်တော်မူရန် အကြောင်းဖန်၍ ဘုရားမြေမှာ ဖားမြွေသတ္တဝါတို့ တိတ်ထူးပြ၍ စိတ်ကူးရအောင် အကြောင်းနိမိတ်ပေါ်ခဲ့သည်ကား ဤသို့ပါတည်း။

## နိမိတ်ကောင်းရန်၊ တိတ်ကြောင်းဖန်

လွန်ခဲ့သော အနှစ်ကိုးဆယ်ကျော်ကာလက ဖြစ်လေသည်။

ရတနတ္တယဂုဏ်ရည်ကို ယုံကြည်ကိုးစားသော ဦးကြင်-ဒေါ်ငွေဖံ ဟူသော ဇနီးမောင်နှံတို့ ရှိခဲ့ကြလေသည်။

ယင်းဇနီးမောင်နှံတို့သည် ယခု ကိုးထပ်ကြီးဘုရားကြီးတည်ရှိရာ ဌာန ကုန်းမြေတွင် ယာယီတဲငယ်လေးထိုးလျက် နေကြလေသည်။

စားပင်သောက်ပင် ဥယျာဉ်စိုက်ပျိုးလျက် သမ္မာအာဇီဝဖြင့် စားသောက်နေထိုင်ကြသူများ ဖြစ်လေသည်။



## ကိုယ်ကျင့်သီလ ပြည့်စုံကြ

ရှစ်ရက်သီတင်း လပြည့်လကွယ်နေ့များနှင့် အခါကြီးရက်ကြီးများတွင် ကိုးပါးသီလ စောင့်ထိန်းကြသည်။

အမြဲတစေလည်းပဲ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ နိုင်မြဲသော သူတော်ကောင်းများဖြစ်ကြလေသည်။

အဓိဋ္ဌာန်ဥပုသ် ဆောက်တည်ခြင်းနှင့် သံဃာတော်များအား တတ်စွမ်းသမျှ ဆွမ်း၊ ဆွမ်းဟင်း စသည်များကို ဆက်ကပ်လှူဒါန်းခြင်း၊ နိစ္စဘတ်ဆွမ်းများ အမြဲတစေ လောင်းလှူလေ့ရှိကြသည်။

သက်ကြီးရွယ်အိုများ၊ သီလရှင်များ၊ လူသူတော်များအား ချီးမြှောက် မ,စခြင်း၊ မရှိနွမ်းပါး ဆင်းရဲသောသူများ၊ ခိုကိုးရာမဲ့သူများအား ပေးကမ်းစွန့်ကြဲခြင်း စသည်အားဖြင့် ဥပါသကာဂုဏ်ရည်နှင့် ပြည့်စုံလုံလောက်စွာ သမ္မာအာဇီဝ = ကောင်းသောအသက်မွေးခြင်းဖြင့် နေထိုင်လေ့ရှိသူများ ဖြစ်ကြလေသည်။

စားဝတ်နေရေး လူမှုရေးထက် လှူဖို့အရေးကိုသာ ဦးစားပေးလျက် ဆန္ဒပြင်းပြ၍ နေထိုင်ကြသူများ ဖြစ်ကြလေသည်။

## ရွှေတုံးရ အာဘော်

ငါးရာ့ငါးဆယ် နိပါတ်တော်၌ လယ်သမားကြီးတစ်ဦးသည် တစ်နေ့သောအခါ လယ်ထွန်ရာတွင် ထွန်သွားများဖြင့်ငြိလျက် ထွန်တုံးလောက်ရှိသော ရွှေတုံးကြီးကို တွေ့ရှိခဲ့လေသည်။

လယ်ထွန်ယောက်ျားသည် ထိုကဲ့သို့ ကြီးမားလှစွာသော ရွှေတုံးကြီးကို ဆွဲကိုင် မ,လိုက်သောအခါ အလွန်လေးလံလှသောကြောင့် တစ်ယောက်တည်းဖြင့် မ,၍မရ ဖြစ်ခဲ့လေသည်။

ထိုသောအခါ ပညာရှိ သူတော်ကောင်းဖြစ်သော လယ်ထွန်ယောက်ျားသည် ကုသိုလ်ပြုရန် စိတ်အကြံဖြင့် အဓိဋ္ဌာန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခိဋ္ဌာန်

ဤမျှလောက် ကြီးမားလေးလံသော ရွှေတုံးကြီးကို "ကျွန်ုပ်အတွက် ဝမ်းရေးသက်သက်မျှ အသုံးမချပါ၊ သားမယားအတွက်မျှသာ အသုံးမချပါ၊ မစားသုံးပါ" ဟူ၍ အဓိဋ္ဌာန်လေသည်။ ယင်းသို့ အဓိဋ္ဌာန်ပြီးသောအခါ စိတ်ဖြင့် သတ်မှတ်ပိုင်းခြား၍ လေးပုံ ခွဲဝေလေသည်။

## ရွှေတုံးပိုင်းခြား လေးပုံထား

၁။ တစ်ပုံကို လှူဒါန်းခြင်းပြုလုပ်မည်။

၂။ တစ်ပုံကို အရေးတစ်စုံ ကိုယ်၌ကြုံလျှင် သုံးစွဲနိုင်ရန် သက်စောင့်ထားပါမည်။

၃။ တစ်ပုံကို စားသုံးပါမည်။

၄။ တစ်ပုံကို ရောင်းဝယ်ဖောက်ကား ငွေရှင်ထား၍ အတိုးရင်းနှီးပွားပေးခြင်းဖြင့် အသက်မွေးပါမည်ဟူ၍ လေးစုလေးပုံပုံ၍ အဓိဋ္ဌာန်ဖြင့် မ,လိုက်သောအခါ လှူမည်ဟူသော ရည်ရွယ်ချက်သမ္မာဆန္ဒဖြင့် သဒ္ဓါပြဋ္ဌာန်းသော စိတ်စေတနာပါသည့်အတွက်ကြောင့် ရှေးဦးစွာ တစ်ယောက်တည်းမ,၍မရသော ရွှေတုံးကြီးသည် သမ္မာဒေဝ နတ်မြတ်နတ်ကောင်းတို့က ကူညီမ,စသည့်အတွက် သာမန်ရွှေတုံးငယ်လေးပမာ လွယ်ကူစွာ တစ်ယောက်တည်း မ,၍ အိမ်သို့အရောက် သယ်ယူနိုင်တော့သည်။

**မှတ်ချက်။** ဤကဲ့သို့သော ကျမ်းဂန်သက်သေကို ကိုးကား၍ စီးပွားဥစ္စာ တိုးတက်၍ ကြီးပွားလိုသူတိုင်း စီးပွားဥစ္စာ ရှာဖွေရာ၌ လှူမယ်ဟူသော ရည်ရွယ်ချက်ဖြင့် သဒ္ဓါပြဋ္ဌာန်းသော စေတနာကို စွဲကိုင်၍ ရှေ့တန်းတင်နိုင်ကြပါစေ။



ထို့ကြောင့် ကျွန်ုပ်ရေးသားပြုစုသော အမြတ်စား လူ့ကျင့်စဉ်ကျမ်း စာမျက်နှာ(၂၀၇)၌ အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။

❀ ထွန်တုံးရှိတဲ့၊ ရွှေတွေ့ခဲ့၊ ဖွဲ့၍ထမ်းသော် နိုင်အံ့နည်း။

❀ လှူ၊ စား၊ မြှုပ်နှံ၊ ကုန်ဝယ်ရန်ဟု၊ လေးခုပိုင်းခွဲ၊ မဖွဲ့ပဲ
တစ်ယောက်တည်းနှင့်နိုင်တော့သည် ဟူ၍ ရေးသားဖော်ပြခဲ့လေသည်။

ဤကား လူတိုင်းလူတိုင်း စီးပွားဥစ္စာရှာဖွေရာ၌ ရတဲ့စီးပွားထဲမှ လှူမည်ဟု ရည်ရွယ်ချက်ပါလျှင် စီးပွားဥစ္စာ မြန်စွာတိုးတက်ကြီးပွားကြောင်း ဇာတ်နိပါတ်သာဓကတစ်ရပ် ဖြစ်ပေသည်။

ထို့အပြင် -

**သုသုသာ လဘတေ ပညံ၊**
**ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။**
**သစ္စေန ကိတ္တိံ ပပ္ပေါတိ၊**
**ဒဒံ မိတ္တာနိ ဂန္ထတိ။**

*သဂါထာဝဂ္ဂသံယုတ်ပါဠိတော်*

| | |
|---|---|
| **သုသုသာ၊** | ပညာရှိထံ၊ ရိုးကျိုးနှံ၍၊ နည်းခံသင်ယူမှသာ။ |
| **ပညံ၊** | အတတ်ပညာကို။ |
| **လဘတေ၊** | ရရှိနိုင်၏။ |
| **ဥဋ္ဌာတာ၊** | ထကြွလုံ့လ၊ ဝီရိယရှိမှ။ |
| **ဓနံ၊** | ဥစ္စာကို။ |
| **ဝိန္ဒတေ၊** | ရရှိနိုင်၏။ |
| **သစ္စေန၊** | မခွဲနှုတ်လျှာ၊ မှန်ကန်စွာဖြင့်၊ သစ္စာတည်မှ။ |
| **ကိတ္တိံ၊** | ကျော်စောကိတ္တိရှိခြင်းသို့။ |

www.burmeseclassic.com

www.burmeseclassic.com



**ပဋ္ဌေါတိ၊** ရောက်ရှိနိုင်၏။
**ဒဒံ ဒဒန္တော၊** ကိုယ်ကဥစ္စာ၊ စွန့်လွှတ်ကာလျှင်၊ မေတ္တာရှေး၍၊ ပေးကမ်းတတ်သောသူသည်။
**မိတ္တာနိ၊** အဆွေခင်ပွန်းတို့ကို။
**ဂထာတိ၊** ရယူနိုင်၏။

- ပညာရှိထံ၊ ရိုးကျိုးနွံ၍၊ နည်းခံသင်မှ ပညာရ၏။
- ထကြွဝီရိယ၊ ဥဋ္ဌာနဖြင့်၊ လုံ့လရှိမှ ဥစ္စာရ၏။
- မခွန့်တွင်လျှာ၊ မှန်ကန်စွာလျှင်၊ သစ္စာတည်မှ၊ ကျော်စောရ၏။
- ကိုယ်ကဥစ္စာ၊ စွန့်လွှတ်ကာလျှင်၊ မေတ္တာရှေး၍၊ ပေးကမ်းတတ်မှ၊ မိတ်ဆွေရ၏။

ဟူသော ဒေသနာကို ဦးကြင်+ဒေါ်ငွေဖဲတို့သည် သေချာစွာ ဦးထိပ်ထားလျက် တရားသဖြင့် အသက်မွေးမှု ပြုကြလေသည်။

## ဆက်ဆံရေးကောင်းသော ဇနီးမောင်နှံ

ဖော်ရွေခင်မင် သူတော်စင်ဖြစ်သော ဦးကြင်+ဒေါ်ငွေဖဲတို့သည် ကြည့်မြင်တိုင်၌ အိမ်ရှိသော်ငြားလည်း ဥယျာဉ်ခြံစိုက်ပျိုး လုပ်ကိုင်လျက် ရန်ကုန်မြို့၊ ဗားကရာတိုက်တွင်း၌ မြေလွတ်ကုန်းမြေဖြစ်သော ဤ ကိုးထပ်ကြီးဘုရားတည်မည့်နေရာ၌ ဗားကရာတိုက်၏ တတိယ မြောက်ဖြစ်သော ဆရာတော် ဦးအာစာရ အား အလေးထား၍ ချဉ်းကပ်ကိုးကွယ်၏၊ ဩဝါဒခံ၍ ကျင့်ကြံနေထိုင်လေ့ရှိ၏။

ငါးကေမျှလောက် အကျယ်အဝန်းရှိသောနေရာ၌ စိုက်ပျိုးသော သီးနှံများမှာ "ဝီရိယအကျိုး ကံထက်ဝက်" ဆိုသည့်အတိုင်း ထကြွ လုံ့လ ဝီရိယဖြင့် စိုက်ပျိုးလုပ်ကိုင်ရာ တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍ ထွက်ရှိ၏။



ပြောမယုံနိုင်လောက်အောင်ပင် သီးနှံများထွက်ရှိ၏။ လုပ်သားဖြစ်သော ကွန်းထောနှင့် ဆီးရိုးယား အမည်ရှိသော ကုလားများကို ကူလီအဖြစ် ငှားရမ်းလုပ်ကိုင်ကြရ၏။

အဘက်ဘက်က မျှမျှတတ လုပ်ကိုင်ဆောင်ရွက်လေ့ရှိသော ဦးကြင်+ဒေါ်ငွေဖဲတို့ထံတွင် လူတိုင်းလိုပင် အလုပ်လုပ်ချင်ကြ၏။ လိမ်လည်လှည့်ဖျား မှုသားမပါ မတရားသောကိစ္စမလုပ်၊ သစ္စာ အရင်းခံ၍ မှန်မှန်ကန်ကန် "ရိုးရိုးကျင့် မြင့်မြင့်ကြံ" ဆိုတဲ့ဆောင်ပုဒ် အတိုင်း သစ္စာအရင်းခံဖြင့် ဆက်ဆံပြောဆိုလေ့ရှိကြ၏။

ပေးစရာရှိလျှင် လက်မနှေးဘဲ ကိုယ်ကသာ အရင်စတင်၍ ပေးလေ့ရှိ၏။ ထိုကဲ့သို့ လက်ပေါက်မကပ်သောကြောင့်လည်း လက်အောက်ငယ်သားဖြစ်သော အမှုအလုပ်သမားတို့သည် ချစ် ကြောက်ရိုသေ ဖြစ်ကြကုန်၏၊ လေးလေးစားစား အရေးထားကြ ကုန်၏။

## ဆရာတော်ကြီး၏ ထူးဆန်းသောအိပ်မက်

ဗားကရာတိုက်၌ တတိယမြောက်ဖြစ်သော ဆရာတော်ကြီး ဦးအာစာရအား တစ်ခုသောည ကျိန်းစက်ရာ၌ အိပ်မက်မြင်တော် မူ၏။ မြင်တော်မူပုံမှာ အခြားသော တစ်နေရာမှ ဖားကို မြွေကလိုက် လာသည်။ ဤ ကိုးထပ်ကြီးဘုရားကြီး တည်လတ္တံ့သော နေရာ အရောက်မှာ ဖားကမြွေကို ပြိုးကနဲ တစ်စုံတစ်ခုသော အကူအညီ အားကိုးအားထား ရဘိသကဲ့သို့ ပြန်၍လိုက်ကာ မြွေ၏အမြီးကို ကိုက်ဆွဲသည်။ မြွေသည် ခွေလျက်သား ပါးပျဉ်းထောင်၍နေသည်။

ထိုအခါ ဖားသည် ကိုက်၍ထားသော မြွေ၏အမြီးကိုလွှတ်ကာ မြွေ၏အခွေပေါ်သို့ ခုန်တက်လျက် အောင်ပွဲရသောဟန်ဖြင့် မာန်ဖီ၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေသည် မည်သို့မျှ ရန်တုံ့မမူဘဲ ရန်သူကို အရှုံးပေးဘိသကဲ့သို့ အေးဆေးငြိမ်သက်စွာ ခွေလျက်သားနေသည့် ပုံဟန်သွင်ပြင်ကို ပြတ်ပြတ်ထင်ထင် အိပ်မက်၍ ကျိန်းစက်ရာမှ ဆရာတော်ကြီး ဦးအာစာရသည် နိုးတော်မူလေသည်။

## အိပ်မက်၏ အကျိုးပေးကာလ(၄)ပါး

ညဥ့်ဦး တစ်နှစ်ဆောင်၊ သန်းကောင် လခွဲ၊ မွန်းလွဲ ခုနစ်ရက်၊ မိုးသောက်မက်မှာ တစ်လကြာသည်၊ မှတ်ပါအိပ်မက်အကျိုးတည်း ဟူသော ဆောင်ပုဒ်အရ အိပ်မက်မက်ပုံကလည်း ဆန်းကြယ်သည်၊ ပိပိပြင်ပြင်လည်း ရှိလှသည်။ မက်သည့်အချိန်ကလည်း မိုးသောက်ခါနီး လင်းအားကြီးအချိန် ဖြစ်သောကြောင့် တစ်လအတွင်း ထူးထူးခြားခြား အိပ်မက်အရဖြစ်နိုင်သည်ဟု ဆရာတော်ကြီး ဦးအာစာရသည် စဉ်းစားဆင်ခြင်မိလေသည်။

## အိပ်မက်သဘော ဦးကြင်ပြော

ဆရာတော်ကြီး ဦးအာစာရသည် အိပ်မက်သဘော ပြောချင်သောကြောင့် ဦးကြင်ကို ခေါ်လွှတ်၍ ဦးကြင် မိမိရှေ့မှောက်သို့ ရောက်လတ်သောအခါ "မောင်ကြင်၊ ညတုန်းက မိုးသောက်ထနီး လင်းအားကြီးအချိန်မှာ ငါအိပ်မက်မြင်မက်သည်၊ အိပ်မက်မက်ပုံက အတော်ဆန်းကြယ်၍ ပိပိပြင်ပြင်လည်းရှိလှပေသည်"

## အိပ်မက်ခြင်း ခုနစ်ပါး

၁။ ရှေး၌မြင်ဖူးသည်ကို အစွဲပြု၍ မြင်မက်ခြင်း။
၂။ ရှေး၌ကြားဖူးသည်ကို အစွဲပြု၍ မြင်မက်ခြင်း။



၃။ ရှေး၌ခံစားဖူးသည်ကို အစွဲပြု၍ မြင်မက်ခြင်း။
၄။ ရှေး၌ပြောဖူးသည်ကို အစွဲပြု၍ မြင်မက်ခြင်း။
၅။ ရှေး၌ကြံဖူးသည်ကို အစွဲပြု၍ မြင်မက်ခြင်း။
၆။ ရှေး၌ဖြစ်ပွားဖူးသည်ကို အစွဲပြု၍ မြင်မက်ခြင်း။
၇။ ဓာတ်ချောက်ခြား၍ မြင်မက်ခြင်း။

၄င်းခုနစ်ပါးတို့တွင် ရှေ့ငါးပါးကား ကောင်းကျိုး၊ မကောင်းကျိုး ထင်၏။ နောက်နှစ်ပါးကား ကောင်းကျိုး၊ မကောင်းကျိုးမထင်၊ ပေါင်း ခုနစ်ပါးတည်း။ ဤကား လောကီကျမ်းလာစကားရပ်တည်း။

## အိပ်မက်ခြင်း အချိန်ငါးပါး

၁။ နေ့အခါမြင်မက်မှု အကျိုးမပေးတတ်။
၂။ ပထမယာမ်၌ မြင်မက်မှုလည်း အကျိုးမပေးတတ်။
၃။ မဇ္ဈိမယာမ်၌ မြင်မက်မှုလည်း အကျိုးမပေးတတ်။
၄။ မိုးသောက်ယာမ်၌ မြင်မက်မှုကား အကျိုးပေးအံ့။
၅။ အရုဏ်တက် မြင်မက်မှုကား အကျိုးပေး၏၊ ကောင်း၏။

ဤသို့ အချိန်ကာလအားဖြင့် မြင်မက်ခြင်းငါးပါးတည်း။

## လောကီကျမ်းလာတစ်နည်း

၁။ ပထမယာမ်၌ မြင်မက်မှု တစ်နှစ်အတွင်း အကျိုးပေး၏။
၂။ ဒုတိယယာမ်၌ မြင်မက်မှု ခြောက်လအတွင်း အကျိုးပေး၏။
၃။ တတိယယာမ်၌ မြင်မက်မှု သုံးလအတွင်း အကျိုးပေး၏။
၄။ စတုတ္ထယာမ်၌ မြင်မက်မှု တစ်လအတွင်း အကျိုးပေး၏။
၅။ အရုဏ်တက်မြင်မက်မှု ဆယ်ရက်အတွင်း အကျိုးပေး၏။

ထိုအိပ်မက်အရ ကောင်းကျိုး၊ မကောင်းကျိုး နှစ်ပါးစုံပေးနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကား အိပ်မက်ကျမ်းလာ စကားရပ် ကြားညှပ်ထည့်လိုက်ခြင်း ဖြစ်ပေသည်။

ဆရာတော်ကြီး ဦးအာစာရသည် ဆက်လက်၍ အမိန့်ရှိသည်မှာ "မောင်ကြွင်၊ ငါ့အိပ်မက် မြင်မက်ချက်အရ ဆင်ခြင်မိသည်မှာ ယခု မောင်မင်း ဥယျာဉ်လုပ်ကိုင်နေသော နေရာသည် ထူးမြတ်ဆန်းကြယ်သော ဝိဇယဘူမိဟု ဆိုအပ်သော ဘူမိနက်သန် 'အောင်မြေ' မှန်လှပေသည်"

## အောင်မြေသာစည် ကပိလပြည်

ရှေးက သာကီဝင်မင်းသားတွေ တိုင်းပြည်တည်ဖို့ရာ မြေနေရာရှာလတ်သည်ရှိသော် ရှင်တော်ဂေါတမ ဘုရားအလောင်းတော် ကပ္ပိလရှင်ရသေ့က "အမောင်တို့ ဤ ငါ၏သခ်မ်းကျောင်းနေရာမှာ မြို့တည်ကြ၊ ဤ ငါ၏နေရာသည်ကား ဘူမိနက်သန် နေရာမှန် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျားသတ္တဝါသည် အစာဖြစ်သော သမင်သတ္တဝါကို လိုက်၍ဖမ်းသည်ရှိသော် ဤ ငါ၏သခ်မ်းကျောင်းသို့ ရောက်သောအခါ ပြောင်းပြန်ပြန်၍ ရှုံးသောအကောင်သည် နိုင်သောအကောင်ဘဝသို့ ရောက်ရပြန်သည်ဖြစ်၍ သမင်သည် တစ်ဖန် ကျားကောင်ကိုပြန်၍လိုက်သည်၊ ကျားသည် ကြောက်လန့်တကြား ရှောင်ရှားထွက်ပြေးရသောဘဝသို့ ရောက်လေသည်။

ထိုနည်းတူစွာ မြွေကဖားကို အစာအဖြစ် လိုက်၍ ဖမ်းသည်ရှိသော် ဤ ငါ၏သခ်မ်းကျောင်းနေရာသို့ ရောက်သောအခါ ဖားကမြွေကို ပြန်၍လိုက်သည်။ မြွေသည် ကြောက်လန့်တကြား ပြေးရသောဘဝသို့ ရောက်လေသည်။



ထိုကဲ့သို့သော အကြောင်းကြောင့် ဤ ငါ၏သခ်မ်းကျောင်းနေရာသည် ရန်သူကိုအောင်နိုင်သောနေရာဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ရန်ပြေငြိမ်းသောနေရာဖြစ်သည်"

ဤကဲ့သို့ အလောင်းတော်ကပ္ပိလရသေ့ကြီး၏ ညွှန်ကြားပြောဆိုချက်အရ သခ်မ်းကျောင်းနေရာကို ဗဟိုပြု၍ မြို့တည်ထောင်သောကြောင့် ၎င်းမြို့ကို ကပ္ပိလဝတ်ပြည်ဟု ခေါ်တွင်လေသည်။

မောင်ကြွင်၊ ယခု ငါအိပ်မက်မြင်သော နေရာသည်ကား သံဃာတော်များ သီတင်းသုံးနေထိုင်ရာ ဗားကရာကျောင်းတိုက်တည်ရှိသော သာသနာ့မြေဖြစ်လေသည်။

ထို့ကြောင့် လူနေအိမ်များတည်ဆောက်ဖို့ မဖြစ်နိုင်ဘူး၊ မသင့်တော်ဘူး။ ဤနေရာဌာန၌ ဉာဏ်တော်မြင့်မြင့်မားမား ဝင့်ကြွားထည်ဝါ သပ္ပါယ်စွာဖြင့် ကြည်ညိုဖို့ရာကောင်းလှသော ဘုရားကြီးတစ်ဆူတည်ရလျှင် ကောင်းပေမည်။ နောင်လာနောက်သား အများသောသူတို့ အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါးပွင့်လိမ့်မည်။ ငါတို့မြတ်စွာဘုရားသည် အသက်တမ်းတိုသော ရာတမ်းမှာ ပွင့်ရသောကြောင့် သက်တော်ထင်ရှားဘုရားသခင်ကို မဖူးတွေ့ရသူများ များပြားလှသည်။ ထို့ကြောင့် ကိုယ်တော်စား ဆင်းတုရုပ်ပွားတော်များကို တည်ထားကိုးကွယ်ခွင့် ပေးခဲ့ခြင်းဖြစ်သည်။

သက်တော်ထင်ရှား မြတ်စွာဘုရား၏ ဂုဏ်တော်ကိုမှတ်၍ ပုံတော်မြတ်ကို ဆည်းကပ်ကိုးကွယ်လျှင် သက်တော်ထင်ရှား မြတ်စွာဘုရား၏ တန်ခိုးအာနိသင်အတိုင်း ကိုးကွယ်ဆည်းကပ်သော သူတို့သည် လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရနိုင်ကြောင်း ဝိမာနဝတ္ထုပါဠိတော်၌ ဤကဲ့သို့ ဟောကြားတော်မူခဲ့လေသည်။

www.burmeseclassic.com

**တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေစိတ္တေသမံဖလံ။**
**စေတောပဏိဓိဟေတူဟိ၊ သတ္တာဂစ္ဆန္တိ သုဂ္ဂတိံ။**

| | |
|---|---|
| **တိဋ္ဌန္တေစ၊** | သက်တော်ထင်ရှား မြတ်စွာဘုရား၌ လည်းကောင်း။ |
| **နိဗ္ဗုတေစာပိ၊** | ရှေ့ပြည်နိဗ္ဗာန်၊ စိုးစံတော်မူပြား၊ မြတ်စွာဘုရား၏ ကိုယ်တော်စားဖြစ်သော ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟု ဆိုအပ်သော မွေသရီဓာတ်၊ စေတီတော်မြတ်၌ လည်းကောင်း။ |
| **စိတ္တေ၊** | အားထားမှီခို၊ လွန်ကြည်ညိုသည့်၊ စိတ်စေတနာ သဒ္ဓါတရားသည်။ |
| **သမေ၊** | မကွဲမပြား တစ်သားတည်းကျ တူပြိုင်ညီမျှသည်ရှိသော်။ |
| **ဖလံ၊** | မိမိပြုသမျှ ကုသလ၏၊ မူချ,အာနိသံ ကျိုးနှစ်တန်သည်။ |
| **သမံ၊** | မကွဲမပြား၊ တစ်သားတည်းကျ တူပြိုင်ညီမျှကြလေ၏။ |
| **စေတော–** | |
| **ပဏိဓိဟေတူဟိ၊** | ပုံတော်ကိုမှတ်၊ ဂုဏ်တော်ကပ်လျက်၊ ဆည်းကပ် ကိုးကွယ်နိုင်ခြင်းတည်းဟူသော အကြောင်းတို့ကြောင့်။ |
| **သတ္တာ၊** | ကိုးကွယ်သူအပေါင်း၊ သူတော်ကောင်းတို့သည်။ |
| **သုဂ္ဂတိံ၊** | လူ့ရွာ၊ နတ်ရွာ၊ နိဗ္ဗာန်ဟုဆိုအပ်သော သုဂတိဘုံဘဝ ဘုံဌာနသို့။ |



| | |
|---|---|
| **ဂစ္ဆန္တိ၊** | လားကြ ရောက်ကြရလေကုန်၏။ |

ဤကဲ့သို့ ဟောတော်မူသည်။

"မောင်ကြင်၊ ဘုရားတည်တဲ့သူဆိုတာ ကိုယ်တိုင် ကုသိုလ်ရရုံမျှ မကဘူး၊ မိမိမှအခြား သူတစ်ပါးတို့အား ကုသိုလ်ပွားစေနိုင်တာ ဖြစ်သောကြောင့် မိမိ သူတစ်ပါး အလွန်မတန် အကျိုးကြီးမားနိုင်သည်။

ထို့ကြောင့် ဉာဏ်တော်မြင့်မြင့်မားမား ဝင့်ကြွားထည်ဝါစွာ ကြည်ညိုစရာကောင်းသော ဘုရားကြီးတစ်ဆူ တည်စေချင်သည်။ တည်နိုင်အောင် အားထုတ်စေချင်သည်" ဟူ၍ ဆရာတော်ဘုရားကြီး ဦးအာစာရက အမိန့်တော်ရှိလေသည်။ ဤကဲ့သို့ တိုက်တွန်းခြင်းအမှု ထပ်ကာထပ်ကာ မိန့်ကြားတော်မူလေသည်။

ထိုအခါ ထူးခြားသော ပါရမီရှင်များဖြစ်ကြသော ဦးကြင်+ ဒေါ်ငွေဇံ ဇနီးမောင်နှံတို့သည် ဆရာတော်ကြီး ဦးအာစာရ မိန့်ကြားသည့်အတိုင်း ဘုရားတည်လိုသောဆန္ဒ ပြင်းပြကြကုန်၏။ ဘုရားတည်ဖို့ရန်ကိုသာ ကြိုးစား၍ နေကြကုန်၏။ သွားလည်း ဒီစိတ်၊ စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်ဖြစ်၍ ဆန္ဒာဓိပတိဇော တစ်ဇောတည်းသာလျှင် ဇော၍ နေကြကုန်၏။ ဆရာတော်ကြီး မိန့်သည့်အတိုင်း ဉာဏ်တော်မြင့်မြင့်မားမား၊ ဝင့်ဝင့်ကြွားကြွား ထည်ဝါစွာ တည်ဖို့ရန် မိမိတို့မှာရှိသည့် ငွေကြေးပမာဏဖြင့် ခဲယဉ်းလှသည်ကိုလည်း သတိပြုမိသောအခါ စိတ်ပင်ပန်းခြင်း ဖြစ်ရပြန်လေသည်။

www.burmeseclassic.com



## တကာယ့်ဖြစ်ရပ်၊ ရွှေချောင်းအပ်၊ နတ်တို့စီမံပုံ

ယင်းကဲ့သို့ ဘုရားတည်ဖို့ရန် ဆရာတော်ကြီး တိုက်တွန်းချက်အရ ဆန္ဒစောလျက်နေစဉ်မှာ တစ်နေ့သော လပြည့်နေ့၏ ညဦးယံ၌ အသံဗလံတိတ်ဆိတ်၍ ပုတီးစိပ်နေစဉ်မှာ တစ်ခုသောဖား၏ ထူးထူးဝါးဝါး ထူးထူးခြားခြား အော်မြည်သောအသံကို ကြားရလေသည်။ အသံသည် ပို၍ပို၍ ကျယ်လောင်သဖြင့် နားမခံသာအောင်ဖြစ်ရချေသည်။ ဦးကြင်+ဒေါ်ငွေဖံ ဇနီးမောင်နှံတို့၏ ယာယီတဲအတွင်း၌ ပုတီးကိုယ်စီဖြင့် ပုတီးစိပ်နေကြသော်လည်း ပုတီးစိပ်မရအောင် အာရုံပြောင်းခဲ့ရသည်။ ဖားသံကြောင့် နားမခံသာ ဖြစ်ရသောကြောင့် ပုတီးကိုချကာ ကွန်းထောမည်သော ကုလားကိုခေါ်၍ ဖားအော်သောအသံပျောက်အောင် ခြောက်လှန့်ခိုင်းလေသည်။

ကွန်းထောအမည်ရှိသော ကုလားသည် နောက်ကလိုက်၊ ဖားသည် ရှေ့က ခုန်ဆွခုန်ဆွနဲ့ပြေးသည်။ ဒီလိုနဲ့ ဘုရားတည်လတ္တံ့သောနေရာသို့ ရောက်သောအခါ တောင်ဖို့ကြီးတစ်ခုအတွင်းသို့ဝင်ရောက်သွားကာ ပိုမို၍ ကျယ်လောင်ပြင်းပြစွာ နားမခံသာအောင် ဖားအသံဖြင့် အော်မြည်ခြင်းပြုလေသည်။

ထိုအခါ ဇနီးဖြစ်သူ ဒေါ်ငွေဖံက “ကိုကြင်၊ ဒီဖားဟာ ရိုးမှရိုးပါလေရဲ့လား” လို့ပြောရင်း ကြောက်စိတ်များဝင်လာသည်။ မိန်းမသားဖြစ်သည့်အားလျော်စွာ စိတ်အားငယ်ငယ်ဖြင့် ခင်ပွန်းဖြစ်သူအားပြောကြားသည်။ “ကိုကြင်၊ တို့မှာ အန္တရာယ်တစ်စုံတစ်ခု ဖြစ်ချင်လို့လား မသိဘူး၊ ဘယ်လိုလုပ်ပါ့မလဲ၊ ဖားအသံကိုကြားရတာ ကျောထဲမှာ ချမ်းချမ်းလာတာပဲ၊ ဒီအတိုင်းနေလို့တော့ မဖြစ်ဘူးတယ်ထင်ကိုကြင်၊ တစ်ခုခုတော့လုပ်မှဖြစ်မယ်ထင်တယ်” လို့ မိန်းမသားဖြစ်သည်နှင့်အညီ ကြောက်လန့်တုန်လှုပ်လျက် ဦးကြင်အား ပြောကြားခဲ့လေသည်။



ဦးကြင်သည် ကြောက်ပင်ကြောက်သော်ငြားလည်း ယောက်ျားရင့်မာကြီးမို့ ကြံ့ခိုင်ဆည်ကာ ဒေါ်ငွေဖံအား အားပေးစကားပြောကြားရသည်။

“တို့တစ်တွေမှာ ကိုယ်ကျင့်သီလမြဲလျက် ကောင်းသောအလုပ်တွေကို လုပ်နေသူမို့ မကောင်းကျိုး ဆိုးဆိုးဝါးဝါး မဖြစ်နိုင်ပါဘူးငွေဖံရာ၊ ကောင်းကျိုးပဲရနိုင်မှာပါ။ ဆရာတော်ကြီးရဲ့ အိပ်မက်ထဲမှာဖားကမြွေကိုနိုင်တယ်လို့ အိပ်မက်မြင်တယ် မဟုတ်လား၊ အခုတောင်ဖို့ထဲက အသံပေးပြီး အော်နေတာ ဖြစ်လေတော့ တောင်ဖို့ကိုပဲ ဖြိုဖျက်ကြည့်ရတော့မှာပေါ့” လို့ ဒေါ်ငွေဖံအား အားပေးစကားနဲ့ အကြောင်းအကျိုးကို ရှင်းပြခဲ့လေသည်။

ဦးကြင်သည် ဖားအော်သံနောက်သို့ လိုက်လာသော ကုလားလုပ်သား ကွန်းထောအား ဖားသံပေးနေသော တောင်ဖို့ကြီးကို ဖြိုဖျက်ဖို့ရန် အမိန့်ပေးလိုက်လေသည်။

ကုလားအလုပ်သမား ကွန်းထောသည် တောင်ဖို့ကြီးကိုပေါက်တူးတစ်လက်နဲ့ အားကုန်ပေါက်၍ ဖြိုဖျက်လိုက်သည်။

တောင်ဖို့ကြီး ပြိုကျသွားသောအခါ အော်မြည်နေသောဖားကောအသံပါပျောက်၍ ထိုနေရာ၌ မမျှော်လင့်ဘဲဖြစ်ပေါ်လာသော တွေ့ရှိရမှုမှာ အံ့ဩတုန်လှုပ်ချောက်ခြားခြင်းများ ကြီးစွာဖြစ်ရလေသည်။

အကြောင်းမှာ မြွေဟောက်ကြီးတစ်ကောင် ခွေလျက်သားပါးပျဉ်းထောင်၍ မာန်ဖီလျက်နေသည်ကို တွေ့ရသောကြောင့်ဖြစ်ပေသည်။

တောင်ဖို့ဖျက်သော ကုလားကွန်းထောသည် ဆက်လက်၍မတူးရဲတော့ဘဲ ပေါက်တူးကိုချ၍ အားပါးအားပါး ဟု အလန့်တကြားပါးစပ်ကအော်ဟစ်ကာ ထွက်ပြေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓမန္တန် ရွတ်ဖတ်ခြင်း

ထိုအခါ ဦးကြင်သည် **"ဗုဒ္ဓဂုဏံ မဟာဗ္ဗလံ၊ သဗ္ဗသိဒ္ဓိ ဂုရုသ္ဗာဟ၊ ပုရေဘဝ ဟေ်ဟေ်"** ဟူ၍ ဗုဒ္ဓမန္တန်ကို ခုနစ်ခေါက်ရွတ်ဆိုပြီး မကောင်းမှုများဖယ်ရှား၍ ကောင်းကျိုးချမ်းသာများ ယခုချက်ခြင်း ပက်ပင်းမျက်မှောက် ရောက်ရှိလာပါစေသတည်းဟူ၍ တိုင်တည်လိုက်လေသည်။

ထိုရောအခါ ဖားကောမြေပေါ် ပျောက်ကွယ်ကုန်ကြလေတော့သည်။

နောက်ထပ် ထပ်၍ ဆီးရီးယားအမည်ရှိသော အခြားကုလားတစ်ယောက်အား ဆက်လက်၍ တူးခိုင်းပြန်သည်။

**ဆီးရီးယား၊** အစ်ကိုကြီးနော်၊ ကျွန်တော်လဲပဲ ကွန်းထောလိုပဲ ကြောက်တယ်ဟူ၍ မတူးဘဲ ငြင်းဆန်လေသည်။

**ဦးကြင်၊** ဆီးရီးယား ဘာမှမကြောက်နဲ့၊ ငါအနားကစောင့်ကြည့်နေမယ်၊ တို့ဘုရားက သိပ်ပြီးတန်ခိုးကြီးတာ၊ အဲဒီဘုရားရဲ့ မန္တန်နဲ့ မန်းမှုတ်ထားလို့ ဘာမှအန္တရာယ်မရှိတော့ဘူး၊ ကြောက်စရာဆိုလို့ လုံးဝကို မရှိတော့ဘူး။ များများမတူးနဲ့၊ တောင်ဖို့ကြီးရဲ့အောက်ကို တစ်တောင်လောက်ပဲ တူးပေး။

ဟူ၍ အသားလွတ်ခိုင်းခြင်းဖြစ်သည်။

**ဆီးရီးယား၊** အစ်ကိုကြီး၊ ညကြီးမင်းကြီး တစ်တောင်လောက်တူးရမယ်ဆိုရင် ဘယ်လွယ်မလဲ၊ မနက်မိုးလင်းမှတူးပါ၊ တူးပေးပါမယ်။

ဦးကြင်က စဉ်းစားသည်။ ဖြစ်ရပ်ကလဲ လျှပ်တစ်ပြက်အတွင်းမှာ အလွန်မတန် ဆန်းကြယ်နေသည်။ နံနက်မိုးလင်းအောင် စောင့်ဆိုင်းလို့တော့ မတော်ဘူးထင်တယ်။ ဗုဒ္ဓရဲ့မန္တန်ကို ရွတ်ဖတ်လိုက်



ရုံနဲ့ ဖားကောမြေပေါ် တစ်ခဏချင်း ပျောက်ကွယ်ကုန်ကြတယ်။ တစ်ခုခု နိမိတ်ပြတာပဲဖြစ်လိမ့်မယ်။ ယနေ့ညဟာ လပြည့်နေ့ညဖြစ်လေတော့ လ,ကလဲ ထိန်ထိန်သာနေတာပဲ၊ ဆီးရီးယားကို ဘောက်ဆူးပေးပြီး ခိုင်းမှဖြစ်မယ်။ သို့ကလို ကြံစည်စဉ်းစားပြီးလျှင် ...

**ဦးကြင်၊** ဟေ့ ဆီးရီးယား ၊ မနက်မိုးလင်းအောင် မစောင့်နိုင်ဘူး၊ အခုညပဲ တူးမယ်ကွာ။ အများကြီးမဟုတ်ဘူး၊ တစ်တောင်လောက်ပဲတူးကွာ၊ မင်းကို မြေကြီးတူးခအနေနဲ့ တစ်ကျပ်ပေးမယ်ကွာ ဟူ၍ ဦးကြင်သည် ရက်ရောစွာ ပေးလိုက်ခြင်းဖြစ်လေသည်။

(ထိုခေတ် ထိုအခါက အလုပ်ကြမ်းသမားရဲ့ တစ်နေကုန်လုပ်ခဟာ တစ်မတ်လောက်သာ ရပေသည်။ တစ်ပဲခြောက်ပြားနဲ့ လူတစ်ယောက်အတွက် ထမင်းတစ်နပ် အဝစားလို့ရပေသည်။ ပိုက်ဆံသည် တန်ကြေးကြီးမားသည်။ ငွေတစ်ကျပ်ရှိလျှင် ကြက်အကောင် (၃၂)ကောင်လောက် ဝယ်လို့ရနိုင်သည်။ ကြက်တစ်ကောင်မှ နှစ်ပြားလောက်သာ တန်ကြေးရှိသည်။ တစ်ညလုံး မအိပ်မနေစောင့်ရသောဒရဝမ်ကုလားရဲ့ လစာဟာ ၆ ကျပ်မျှသာရှိသည်။ ပုလိပ်လခလည်း ထိုနည်းတိုင်းပင်။ ငွေ ၁ ကျပ်အိတ်ထဲထည့်၍ သုံးနိုင်သောသူဟာ ဌေးသောသူဖြစ်၏၊ လူချမ်းသာဟု ခေါ်ရသောဟူ၏။)

ဆီးရီးယားသည် အဖိုးအခ အထူးမပေးဘဲ ဦးကြင်ကခိုင်းတော့ မျက်နှာအိုအို အလိုမကျဖြစ်နေရာမှ တစ်ကျပ်ပေးမယ်ဆိုတော့ ပြုံးရွှင်သောမျက်နှာ၊ ဝမ်းသာသောမျက်လုံးနဲ့ ပီတိလုံးတက်၍လာသည်။

**ဆီးရီးယား၊** အစ်ကိုကြီး တစ်ကယ်ပြောတာနော်။

ဟူ၍ မယုံကြည်နိုင်သလိုဖြစ်၍ ဦးကြင်အား ခိုင်လုံအောင် အာမခံချက်တောင်းလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**ဦးကြွင်း၊** ဟကောင် ဆီးရီးယား၊ ငါဘယ်တုန်းက လိမ်ဖူးလို့လဲ၊ ပေးမယ်ဆိုမှတော့ ပေးမှာပေါ့ကွ။

ဟု ဆီးရီးယားအား ထပ်ဆင့်၍ အာမခံလိုက်လေသည်။

ထိုကဲ့သို့ ဦးကြွင်းရဲ့ အာမခံချက် ခိုင်လုံစွာရရှိသောအခါ ဆီးရီးယားသည် အလွန်မတန် အားရဝမ်းသာဖြစ်လျက် ပေါက်တူးကို စွဲကိုင်၍ မြှောက်ကာမြှောက်ကာ 'ဒိုင်း ဒိုင်း' နဲ့ နှစ်ချက်သုံးချက်ဆက်တိုက် အားနဲ့အင်နဲ့ ပေါက်ချလိုက်သည်။

ထိုအခါ 'ဒုံး ဒုံး' ဟူသော မာကြောသောအသံကြီးများထွက်ပေါ်၍ တူးဆွ၍မရဖြစ်သောအခါ ပေါက်ပြားနဲ့ အသာအယာ မြေသားများကို ကုန်းပေါ်သို့ ယက်ထုတ်၍ တင်လိုက်လေသည်။

ဆန်းကြယ်လှသည်မှာ ငှင်းနေရာ၌ တွေ့ရသော မြေကော ဖားပါ မျက်စိအောက်တွင်ပဲ ပျောက်ကွယ်သွားကြသောကြောင့် ဖြစ်ပေသည်။

ဦးကြွင်းသည် ဆက်လက်၍ အနားနံဘေးက ဆီးရီးယားအားအားပေးလျက် မြေသားများကို အပေါ်သို့ ယက်ကာယက်ကာ အတင်းခိုင်းလိုက်သောအခါ ...

အလျား ၆ သက်မခန့်လောက် ရှည်လျားသော အဖုံးအပိတ်နှင့် အတူတကွ ပိုးရွခြပိုးတို့ ကိုက်ခဲခြင်းလုံးဝမရှိဘဲ ယမန်နေ့ကမှ မြုပ်နှံထားဘိသကဲ့သို့ အသစ်စက်စက်ဖြစ်သော ကျွန်းသေတ္တာကြီးတစ်လုံးကို ထူးဆန်းစွာ တွေ့ရလေသည်။

ထိုအခါ ဦးကြွင်းသည် ဆီးရီးယားအား ပေါက်တူးဖြင့် အဖုံးကို အသာအယာ အဖွင့်ခိုင်း၍ ဖွင့်ကြည့်လိုက်သောအခါ အံ့ဩလို့မကုန်၊ ပြောလို့မယုံနိုင်လောက်အောင် လပြည့်နေ့ည၏ လရောက်အောက်မှာ ပြောင်လက်ဝင်းပနေသော ရွှေချောင်းတွေကို တွေ့ရှိရလေသည်။



ဦးကြွင်းသည် ထိုသို့ ရွှေချောင်းတွေကို တွေ့ရှိလိုက်သောအခါ မိမိရဲ့စေတနာအတိုင်း ရရှိခြင်းသာဖြစ်သည်ဟု နှလုံးသွင်းမိသည်။ ဆရာတော်ကြီး အမိန့်ရှိသည့်အတိုင်း မြင့်မြင့်မားမား၊ ဝင့်ဝင့်ကြွားကြွား ထယ်ဝါသပ္ပါယ်သော၊ ကြည်ညိုစရာကောင်းသော ဘုရားကြီးတစ်ဆူ တည်နိုင်ဖို့ရန် နတ်တွေက မြွေယောင်, ဖားယောင် ဖန်ဆင်း၍ နိမိတ်ပြကာ ပေးတာဖြစ်ကြောင်း တစ်ထစ်ချ ယုံကြည်လိုက်လေသည်။

ဦးကြွင်းသည် ဆီးရီးယားအား ဘယ်သူ့အားမျှ မပြောပြရန် နှုတ်ပိတ်ခပေး၍ ညတွင်းချင်း လုံခြုံသောနေရာသို့ ရွှေ့ပြောင်း၍ သိမ်းဆည်းထားလိုက်လေသည်။

ထူးကဲ့သော ပါရမီရှင်ဖြစ်ကြသော ဦးကြွင်း+ဒေါ်ငွေဖဲ ဇနီးမောင်နှံတို့သည် အသွင်မတူ အိမ်သူမဖြစ် ဟူဘိသကဲ့သို့ စိတ်ထားသဘောထား တူညီကြသောသူများ ဖြစ်ကြလေသောကြောင့် အလွန့်အလွန် ပီတိသောမနဿများဖြစ်ကြကာ မိမိတို့ သုံးဖို့စားဖို့ထက် မြင့်မြင့်မားမား၊ ဝင့်ဝင့်ကြွားကြွား၊ ထည်ထည်ဝါဝါ သပ္ပါယ်လှစွာ ကြည်ညိုစရာကောင်းလှစွာသော ဘုရားကြီးတစ်ဆူ တည်ထားကိုးကွယ်နိုင်ရန် ဆန္ဒရှိကြလေသည်။

ဤကဲ့သို့ ထူးဆန်းပုံမှ စိတ်အလိုဆန္ဒအတိုင်း "**ကမ္ဘဝိပါကေ နာမအခိစ္စေယျော**" ဆိုသည့်အတိုင်း အံ့ဩလို့မကုန်နိုင်အောင် ခိုင်လုံသော အထောက်အထား ပါငြိသွားသမိုင်းစာကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါတော့သတည်း။

www.burmeseclassic.com

## သမိုင်းကျောက်စာ

၁။ ကောယ ပုဏ္ဏမီ ရတ္တိံ၊
ဦးကြွင် ယိမ တျုပါသကော။
ဥပေါသထ ကမ္မံ ကတွာ၊
တမေဝ ပစ္စ ဝေက္ခိ သော။ ။

၂။ တဒါ သုဏိ ဘောကရဝံ၊
သုတွာန တံ အနွေသိသော။
သော ဝမ္မိကံ ပဝိသန္တော၊
မဟာရဝိ အတိဿယံ။ ။

၃။ တံ ဝမ္မိကံ ဘိန္ဒာပေန္တော၊
ဘောကော အန္တရဓာယိ သော။
ကဏှသပ္ပေါ ပါတု ဘဝိ၊
ပလာယိ တေန ကာရကော။ ။

၄။ အထပုနေကံ ဘိန္ဒန္တော၊
နန္ဒောယေဝ သကဏှကော။
သပ္ပဿ နန္ဒကာလေဝ၊
ဒီဃ ပေလံ အဝိဿိ သော။ ။

၅။ ပေလဋ္ဌိ ဝိဝရံ ကတွာ၊
ခန္ဓံ လဒ္ဓံ ပဘာဿရံ။
သောဝဏ္ဏ မယံ အစ္ဆရိယံ၊
ဗဟုံ ဒေဝါန မာပိတံ။ ။

၆။ သုဝဏ္ဏက္ခန္ဓံ လဒ္ဓါန၊
ပမောဒိသု ဥဘောပိတေ။
ဗုဒ္ဓ ဗိမ္ဗံ ပတိဋ္ဌယ၊
စိန္တယိံသု ဒိနေဒိနေ။ ။



၇။ ကေရတ္တိံ သုပိနမှိ၊
ပါသာဒိကံ မနောရမံ။
သုသပ္ပါယံ ဗုဒ္ဓဗိမ္ဗံ၊
ယထာ ပဿ မပဿိ သော။ ။

၁။ ကောယ ပုဏ္ဏမီ ရတ္တိံ၊
ဦးကြွင် ယိမ တျုပါသကော။
ဥပေါသထ ကမ္မံ ကတွာ၊
တမေဝ ပစ္စ ဝေက္ခိ သော။ ။

| | |
|---|---|
| ကောယ ပုဏ္ဏမီ | |
| ရတ္တိံ၊ | တစ်ခုသောလပြည့်နေ့ည ခါသမယ၌။ |
| ဣဓက္ကေ့မသိမ္မာနေ၊ | ကိုးထပ်ကြီးဘုရားကြီး၊ တည်ထားလတ္တံ့ မှန်စွာ ဤနေရာ၌။ |
| ဦးကြွင်တျု၊ | ဦးကြွင်မည်လျှင်း၊ သီတင်းသည်။ |
| ပါသကော၊ | ဥပသကာ၊ ဒါယကာသည်။ |
| ဥပေါသထ ကမ္မံ၊ | ဥပုသ်စောင့်သုံးခြင်းကို။ |
| ကတွာ၊ | ပြု၍။ |
| သောဥပါသကော၊ | ဦးကြွင်မည်လျှင်း၊ သီတင်းသည် ဥပသကာ၊ ထိုဒါယကာသည်။ |
| တမေဝဥပေါသထ | |
| ကမ္မံ၊ | ဥပုသ်မယွင်း၊ သီတင်းသီလ ထိုမြတ်ဓမ္မကိုသာလျှင်။ |
| ပစ္စဝေက္ခိ၊ | ဆင်ခြင်တုံရိပ်၊ အသံတိတ်၍၊ ပုတီးစိပ်လျက် နေခဲ့လေပြီ။ |

www.burmeseclassic.com



၂။ တဒါ သုဏိ ဘေကရဝံ၊
သုတွာန တံ အနွေသီသော။
သော ဝမ္မိကံ ပဝိသန္တော၊
မဟာရဝိ အတိဿယံ။ ။

| | |
|---|---|
| တဒါ၊ | ဥပုသ်စောင့်သုံး၊ ပုတီးကုံးဖြင့်၊ နှလုံးသွင်း၍နေသော ထိုအခါကာလ၌။ |
| သောဥပါသကော၊ | ဦးကြွင်မည်လျှင်း၊ သီတင်းသည် ဥပသကာ၊ ထိုဒါယကာသည်။ |
| ဘေကရဝံ၊ | ထူးထူးခြားခြား၊ စူးစူးဝါးဝါး၊ တအားစီည်၊ ဖားမြည်သံကို။ |
| သောဏိ၊ | တစ်ခြားအသံ၊ ကြားမခံဘဲ၊ နားမခံသာအောင် ကြားခဲ့ရလေပြီ။ |
| သုတွာန၊ | မရပ်မနား၊ တလစပ်ကြားရလေသော ကြောင့်။ |
| တံဘေကံ၊ | ထိုကဲ့သို့ သောတအပေါ်၊ ဒေါသပေါ်အောင်၊ အော်မြည်သောဖားကို။ |
| ကမ္မကာရကံ၊ | ကွန်းထောမည်ငြား၊ အလုပ်သမားကို။ |
| အနွေသီ၊ | အစဉ်တစိုက်၊ နောက်မှလိုက်၍၊ အရိုက်ခိုင်းလေပြီ။ |
| တဒါ၊ | ထိုကဲ့သို့ အစဉ်တစိုက်၊ နောက်မှလိုက်၍ ရိုက်သောအခါကာလ၌။ |
| သောဘေကော၊ | စူးစူးဝါးဝါး၊ ထူးထူးခြားခြား၊ တအားမြည်ငြား၊ ထိုသည့်ဖားသည်။ |
| ဝမ္မိကံ၊ | မှောင်လို့မလင်း၊ တောင်ဖို့တွင်းသို့။ |



| | |
|---|---|
| ပဝိသန္တော၊ | လျှင်လျှားမပျက်၊ ဝင်သွားလျက်သာလျှင်။ |
| အတိဿယံ၊ | လွန်ကဲပြင်းထန်၊ နားမခံသာအောင်။ |
| မဟာရဝိ၊ | လာစမ်းပါနော်၊ လက်ယပ်ခေါ်သို့၊ တစ်အော်ထဲ အော်ခဲ့လေပြီ။ |

၃။ တံ ဝမ္မိကံ ဘိန္ဒာပေန္တော၊
ဘေကော အန္တရဓာယိ သော။
ကဏှသပ္ပေါ ပါတု ဘဝိ၊
ပလာယိ တေန ကာရဏော။ ။

| | |
|---|---|
| တဒါ၊ | တောင်ဖို့အပေါက်၊ ဝင်ရောက်လေရာ ထိုအခါ၌။ |
| သောဥပါသကော၊ | ဦးကြွင်မည်လျှင်း၊ သီတင်းသည် ဥပသကာ၊ ထိုဒါယကာသည်။ |
| တံဝမ္မိကံ၊ | ဖားဝင်ကပ်ခို၊ ထိုတောင်ဖို့ကို။ |
| ဘိန္ဒာပေန္တော၊ | သံသယရှင်း၊ ယုံမှားကင်းဖို့၊ ဖြိုခွင်းစေသည်ရှိသော်။ |
| ဘေကော၊ | စူးစူးဝါးဝါး၊ ထူးထူးခြားခြား၊ တအားမြည်ငြား၊ ယခင်ဖားသည်။ |
| တမှာဝမ္မိကတော၊ | ထိုတောင်ဖို့မှ။ |
| အန္တရဓာယိ၊ | အသံအသွင်၊ အမှန်ပင် အထည်မှောက်၍ ပျောက်ကွယ်ခဲ့လေပြီ။ |
| အထပစ္ဆာ၊ | ထို့နောင်မှ။ |
| ကဏှသပ္ပေါ၊ | လက်မောင်းလောက်နီးနီး၊ အတော်ကြီးသော၊ မြွေဟောက်ကြီးသည်။ |

www.burmeseclassic.com

www.burmeseclassic.com



**တတ္ထ၊** တောင်ဖို့ရှိရာ၊ ထိုနေရာ၌။
**ပါတုဘဝိ၊** ခွေလျက်နက်ပြောင်၊ ပါးပျဉ်းထောင်၍၊ အကောင်ထင်ရှား၊ ဖြစ်ပေါ်ခဲ့လေပြီ။
**တေနကာရဏေန၊** ထိုကဲ့သို့ လက်မောင်းလောက်နီးနီး မြွေဟောက်ကြီးကို တွေ့မြင်ခဲ့လေသော ကြောင့်။
**ကာရကော၊** ကျွန်းထောမည်ငြား၊ အလုပ်သမားသည်။
**ပလာယိ၊** "အားပါး အားပါး" မြွက်ကြားဟစ်အော်၊ တကြော်ကြော်အသံပေး၍၊ ပြေးသွားခဲ့ လေပြီ။

၄။ အထပုနေကံ ဘိန္နန္တော၊
နဒ္ဓောယဝ သကဏှကော။
သပ္ပ နဋ္ဌကာလေဝ၊
ဒီဃ ပေလံ အဝိဿိ သော။ ။

**အထပစ္ဆာ၊** ထို့နောင်မှ။
**ပုန၊** တစ်ဖန်။
**ဧကံ၊** တစ်ယောက်သော ဆီးရိုးယားမြည်ငြား အလုပ်သမားကို။
**ဝမ္မိကံ၊** ခွေလျက်ပေ၊ မြွေဟောက်နေသော တောင်ဖို့ကြီးကို။
**ဘိန္နန္တော၊** မဆိုင်းဆက်လက်၊ တဒိုင်းဒိုင်းနှက်၍၊ ဖျက်စေသည်ရှိသော်။ (ကာရိတန္တောဂစကြံ)



သ–သော
**ကဏှကော၊** ထူးခြားနက်ပြောင်၊ ထိုမြွေဟောက်ကောင် သည်။
**နဒ္ဓောယဝ၊** နတ်ကဖန်ဆင်း၊ မြွေဟောက်မင်းမို့၊ ရှင်းလင်းဖယ်ရှား၊ ကွယ်ပျောက်၍သွားခဲ့ လေပြီ။
သပ္ပသနဋ္ဌ
**ကာလေဝ၊** မြွေဟောက်ဖယ်ရှား၊ ကွယ်ပျောက်၍သွား သောအခါ၌သာလျှင်။
**သောဥပါသကော၊** ဥပါသကာမည်တွင်၊ ထိုဦးကြင်သည်။
**ဒီဃပေလံ၊** တစ်လံမက၊ ကံအထတွင်၊ ဟန်ကျပန်ကျ၊ မ,စနတ်များ၊ စွမ်းပကားကြောင့်၊ ရှည်လျား လှစွာ၊ ကျွန်းသေတ္တာကို။
**အပဿိ၊** ရင်သပ်ရှုမော၊ လွန်အံ့သြလျက်၊ မျက်ဝါး ထင်ထင်၊ တွေ့မြင်ခဲ့ရလေပြီ။

၅။ ပေလဥ္စိ ဝိဝရံ ကတွာ၊
ခန္ဓံ လဒ္ဓံ ပဘာသရံ။
သောဝဏ္ဏ မယံ အစ္ဆရိယံ၊
ဗဟုံ ဒေဝါန မာပိတံ။ ။

**ဟိ၊** မပျက်မကွက်၊ ထူးခြားချက်ကို၊ ဆက်၍ တစ်ခါ၊ ပြဆိုပါအံ့။
**အထ၊** ထိုသို့သေတ္တာ၊ တွေ့ပြီးသောအခါ၌။
**ပေလံ၊** ခြောက်ပေခန့်ရှည်စွာ၊ ကျွန်းသေတ္တာကို။

www.burmeseclassic.com

www.burmeseclassic.com



**ဝိဝရံကတွာ၊** မန္ဓဲမဖင့်၊ တနဲဆင့်၍၊ ဆွဲဖွင့်လိုက်သည်ရှိသော်။

**ပဘာသရံ၊** ပြိုးပြိုးပျက်ပျက်၊ အရောင်ထွက်၍၊ ပြောင်လက်လှပသော။

**သောဝဏ္ဏမယံ၊** အနေအထားကြည့်၊ ရှည်လျားဘိ၍၊ ရွှေသားအတိသာဖြစ်သော။

**အစ္ဆရိယံ၊** ထူးဆန်းအံ့သြဖွယ်ရာ၊ ကောင်းလှစွာသော။

**ဗဟုံ၊** ပိသာပိုင်းခြား၊ လေးချိန်အားဖြင့်၊ များပြားလှစွာသော။

**ဒေဝါနမာပိတံ၊** စာပေအရ၊ သဒ္ဒါအနေကြွသဖြင့်၊ သမ္မာဒေဝ၊ ဖန်ဆင်းအပ်သော။

**ခန္ဓံ'**

**သုဝဏ္ဏကွန္တာနိ၊** အသရေလောင်းကာ၊ အခြေကောင်းစွာသော၊ ရွှေချောင်းရတနာတို့ကို။

**လဒ္ဓံ=လဒ္ဓါနိ၊** ရအပ်လေကုန်ပြီ။

**လဒ္ဓံ=လဒ္ဓါနိ၊** နတ်တို့ဖန်ဆင်း၊ ပေးဆက်သွင်း၍၊ ချက်ချင်းပင် ရရှိခဲ့လေကုန်ပြီ။

**၆။ သုဝဏ္ဏကွန္ဓံ လဒ္ဓါန၊**
**ပမောဒိသု ဥဘောပိတေ။**
**ဗုဒ္ဓ ဗိမ္ဗံ ပတိဋ္ဌယ၊**
**စိန္တယိံသု ဒိနေဒါနေ။ ။**

**တေဥဘောပိ၊** ထို ဦးကြင်-ဒေါ်ငွေဖဲ၊ ဇနီးမောင်နှံတို့သည်လည်း။



**သုဝဏ္ဏကွန္ဓံ=**
**သုဝဏ္ဏကွန္တာနိ၊** အသရေလောင်းကာ၊ အခြေကောင်းပါသော၊ ရွှေချောင်းရတနာတို့ကို။

**လဒ္ဓါန၊** မမျှော်လင့်ဘဲ၊ ဖြုန်းခနဲသာ၊ ရရှိကြပါကုန်သောကြောင့်။

**ပမောဒိံသု၊** လွန်စွာရွှင်လန်း၊ ဆီထိဂွမ်းသို့၊ ဝမ်းမြောက်ခဲ့ကြလေကုန်ပြီ။

**ဒိနေဒိနေ၊** ဝမ်းသာလုံးဝင်၊ ပီတိရွှင်၍၊ နေ့စဉ်နေ့တိုင်းသာလျှင်။

**ဗုဒ္ဓဗိမ္ဗံ၊** မြင့်မြင့်မားမား၊ ဝင့်ဝင့်ကြွားကြွား၊ ထင်ရှားထည်ဝါ၊ ကြည်ညိုစရာကောင်းလှစွာသော ဘုရားကြီးတစ်ဆူကို။

**ပတိဋ္ဌယ၊** လူနတ်အများ၊ ကြည်ညိုပြားဖို့၊ တည်ထားခြင်းငှာ။

**စိန္တယိံသု၊** ဉာဏ်ရည်အတွဲ၊ မြန်ပြည်ငဲ၍၊ ကြံစည်ခဲ့ကြလေကုန်ပြီ။

**၇။ ကေရဋ္ဌိ သုပိနမှိ၊**
**ပါသာဒိကံ မနောရမံ။**
**သုသဏ္ဍိယံ ဗုဒ္ဓဗိမ္ဗံ၊**
**ယထာ ပဿ မပဿိ သော။ ။**

**သောဥပါသကော၊** ဦးကြင်မည်လျှင်း၊ သီတင်းသည် ဥပသကာ၊ ထိုဒါယကာသည်။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ကေရတ္တိ၊ | ဘုရားတည်ရန်၊ စိတ်ကောင်းကြံလျက်၊ အမှန်မလင့်၊ တစ်ခုသောညဥ့်၌။ |
| သုပိနမှိ၊ | ကောင်းဖို့ရန်ချိန်၊ သမ္မာရှိန်ဖြင့်၊ တစ်ကြိမ်စက်လျင်း၊ အိပ်မက်အတွင်း၌။ |
| ပါသာဒိကံ၊ | မြင့်မြင့်မားမား၊ ဝင့်ဝင့်ကြွားကြွား၊ ထင်ရှားထည်ဝါ၊ ကြည်ညိုစရာကောင်းလှစွာသော။ |
| မနောရမ္မံ၊ | နှလုံးလှူသား၊ ကြီးယူထားသို့၊ စိတ်အားဖြိုင်ဖြိုင်၊ မွေ့လျော်စေနိုင်ထသော။ |
| သုသပ္ပါယံ၊ | တန်ခိုးထွားလှ၊ ချီးစားကျ၍၊ စစထယ်ထယ်၊ လွန်တင့်တယ်အောင်၊ သပ္ပါယ်လှစွာသော။ |
| ယထာပဿံ၊ | ယခုဖူးတွေ့၊ ဆုထူးပြည့်သည့် 'အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီး' နှင့်မခြား အလားတူဖြစ်သော။ |
| ဗုဒ္ဓဗိမ္ဗံ၊ | နတ်တို့စီမံ၊ အကြောင်းဖန်၍၊ ရောင်လျှံထိန်ညီး၊ ဆင်းတုတော်ကြီးကို။ |
| အပဿိ၊ | အစဉ်မပျက်၊ ဘဝင်ဆက်လျက်၊ မြင်မက်ခဲ့လေပြီ။ |

အမှတ်(၇)ဂါထာ၏ အဓိပ္ပာယ်မှာ ပြခဲ့သည့်အတိုင်း ကျွန်းသေတ္တာကြီးနှင့်အပြည့် ရွှေချောင်းတွေကို ရရှိပြီးနောက် ဦးကြင်အား နတ်တို့က အိပ်မက်ပေးပြန်လေသည်။

အိပ်မက်ထဲ၌ ဖူးမြော်ကြည်ညိုရသော ဘုရားကြီး၏ပုံတော်မှာ ယခုဖူးတွေ့ကြည်ညိုနေရသော 'အတုလာဓိပတိ မဟာမုနိသကျ



ကိုးထပ်ကြီးဘုရား' ၏ ပုံတော်အတိုင်း မြင့်မြင့်မားမား၊ ဝင့်ဝင့်ကြွားကြွား၊ ထူးခြားသပ္ပါယ် ကြည်ညိုဖွယ်ကောင်းလှသော ပုံတော်ကြီးဖြစ်၍နေလေသည်။

ဦးကြင်၏ နှလုံးသားမှာ အိပ်မက်ထဲက ဘုရားကြီး၏ပုံတော်သည် စဉ်ဆက်မပြတ် အမြင်ဓာတ်ဖြင့် ထင်ဟပ်ပေါ်လွင်လျက်ရှိနေကြောင်း အဓိပ္ပာယ်ကို ဖော်ပြခြင်းဖြစ်လေသည်။

ထိုသို့သောအကြောင်းများကြောင့် ဦးကြင်သည် ဇနီး ဒေါ်ငွေဖဲနှင့် တိုင်ပင်ညှိနှိုင်းကာ ဘုရားတည်နိုင်စွမ်းသော၊ သပ္ပါယ်သော ပုံတော်ကို ဖမ်းနိုင်သော ဗိသုကာဆရာများကို ရှာဖွေစူးစမ်းလေ့လာသည်၊ တိုင်ပင်ညှိနှိုင်းသည်။

ပုံတော်အရွယ်အစားကို သင့်တော်ရုံ ရှေးဦးစွာ တည်ထားခိုင်းသည်၊ ပုံတော်ဖမ်းစေသည်။

ဗိသုကာဆရာသည် ရှင်ပင်ရွှေသာလျောင်း ပုံတော်ကို တည်ဆောက်၍ပြသည်၊ လျောင်းတော်မူပုံ၊ ယခု နှစ်ကျိပ်ရှစ်ဆူစောင်းတန်းအတွင်း၌ ကိန်းဝပ်စံပယ်လျက်ရှိပေသည်။

၎င်းပုံတော်သည် သပ္ပါယ်သော်ငြားလည်း လျောင်းတော်မူဖြစ်၍ လက်မခံနိုင်သေးပေ။ ဦးကြင်က တင်ပလ္လင်ခွေပုံတော်ကို လိုချင်သည်ဟု ပြောပြလိုက်သည်။

ထို့ကြောင့် ဗိသုကာဆရာသည် ဒက္ခိဏမုဒြ အလှူခံပုံတော်-ဗောဓိပုံတော်ကို တည်ဆောက်၍ပြပြန်သည်။

မုဒြ - (သက္ကဋ)<br>
မုဒ္ဒ - (မာဂဓ) } လက်တော်ဟု ဆိုလိုသည်။

ယခု အေးတန်စောင်းအတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော နောင်တော်ကြီးဘုရားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## နောင်တော်ကြီးဘုရားပုံ

နောင်တော်ကြီးဘုရား ဟူသည်မှာ အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီး၏ အလျင်ဦးစွာ တည်ဆောက်သောကြောင့် နောင်တော်ကြီးဘုရားဟူ၍ ဘွဲ့တော်တွင်ခြင်းဖြစ်လေသည်။

## ဂန္ဓာရီပျော် ဆရာတော်

ကိုးထပ်ကြီးဘုရားကြီးသည် ပုဂ္ဂလိက ဒကာတစ်ဦးတည်း တည်သည်ဟု ဆိုသော်လည်း ရိုးရိုးသားသား လူသားတို့ချည်း တည်ထားလို့ပြီးသော ဘုရားမဟုတ်ပေ။

သမ္မာဒေဝနတ်များနှင့် ဂန္ဓာရီဆိုင်ရာ ပုဂ္ဂိုလ်တို့၏ ကူညီစောင့်ရှောက်မှု၊ ရိုင်းပင်းကူညီမှုတို့ကြောင့်သာ ဤကဲ့သို့ ထုထည်ကြီးမား၍ အချိုးအစားကျနသော ဘုရားတစ်ဆူ ပွင့်တော်မူလာသည်ဟု မှတ်ယူနိုင်ပေသည်။

ဖားများ၊ မြွေများက နိမိတ်ပြ၍ ဘုရားတည်နိုင်ရန် ရွှေချောင်းများကိုပေးခြင်း စသော အင်္ဂါရပ်များအနေဖြင့် ကြည့်ရှုစဉ်းစားလျှင် အလွန်ထူးခြားနေပေသည်။

အစ္ဆရိယအဗ္ဘူတဖြစ်၍ မအံ့သြဘဲမနေနိုင်အောင် ဖြစ်ရလေသည်။

ဦးကြွင်သည် ဘုရားတည်ဖို့ရန် ကြံစည်စိတ်ကူး၍၊ စမ်းသပ်မှုတွေ ပြုလုပ်၍ အလိုဆန္ဒမပြည့်မဝဖြစ်နေစဉ် အချိန်ကာလအတွင်းမှာပဲ တစ်ခုသော နံနက်ခင်း၌ ဦးကြွင်ထံသို့ သက်တော်လေးဆယ်ခန့်ရှိ ဆရာတော်တစ်ပါးသည် နောက်ပါဒကာသုံးဦးနှင့် အတူတကွ ကြွလာလေသည်။

ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်နေရာ၊ ဘယ်အရပ်မှလာသည်ဟု မထင်ရှားပေ။ ထို့ကြောင့် ထူးခြားမှုကား ရှိနေပေသည်။



ဆရာတော်က အမိန့်ရှိသည်မှာ “ဒကာကြီးဦးကြွင် ဘုရားတည်ဖို့ရန် ကြံစည်စိတ်ကူးနေတယ်မဟုတ်လား၊ ဆရာတော်သည် ဒကာကြီး၏ အကြံအစည်တွေကို သိနေတယ်လေ။ သိလို့လဲ လာခဲ့တာပဲ၊ ဒကာကြီး၏ဆန္ဒကို ဖြည့်စွမ်းပေးမှာပါ။ လိုအပ်တာတွေကို ပြီးစီးအောင်မြင်သည်အထိ ကူညီဆောင်ရွက်ပေးမှာပါ၊ ဒကာကြီးက လိုအပ်သော အနေအထားနဲ့ အချိုးအစားများကို ညွှန်ကြားပါ။ အကုန်လုံးကို ဆောင်ရွက်ပေးဖို့ရန် အဆင်သင့်ပဲ။

ဆရာတော်နှင့် အတူတကွ လိုက်ပါလာကြသူ ဒကာသုံးဦးမှာ အတတ်ပညာရှင်တွေ ဖြစ်ကြပါတယ်။

ထိုပညာရှင် သုံးယောက်တို့တွင် တစ်ယောက်သောသူသည် အင်ဂျင်နီယာ၊ တစ်ယောက်သောသူသည် ပန်းရံဆရာ၊ တစ်ယောက်သောသူသည် လက်သမားဆရာတို့ ဖြစ်ကြပါတယ်။ ဒကာကြီးဦးကြွင် အလိုရှိအပ်သော ဘုရားပုံစံ အချိုးအစားကိုသာ ညွှန်ကြားပေးပါ။ အားလုံးကို စိတ်တိုင်းကျဖြစ်အောင် စီမံဆောင်ရွက်ပေးပါမည်” ဟူ၍ အမိန့်ရှိလေသည်။

## ရေငတ်တုန်း ရေတွင်းထဲကျ

ဦးကြွင်က ဘုန်းတော်ကြီးအား ပြန်လည်၍ လျှောက်ထားသည်မှာ “အရှင်ဘုရား ယခုလို အမိန့်ရှိတာကို အလွန်ပဲဝမ်းမြောက်လှပါတယ်၊ ‘ရေငတ်တုန်း ရေတွင်းထဲကျ’ ဆိုတာလို တပည့်တော်အနေနဲ့ အလွန်အလိုရှိ၍ မျှော်လင့်တောင့်တနေသော ဘုရားတည်ပေးမယ့် ကိစ္စကို ကြားသိရတဲ့အတွက် အတိုင်းမသိ ဝမ်းသာလှပါတယ်၊ ကျေးဇူးလဲကြီးလှပါတယ်၊ သို့သော်လည်းပဲ ‘ခုရှုတ်မှနောင်ရှင်း’ ‘အစကောင်းမှ အနှောင်းသေချာ’ ဆိုတာလို နောင်အခါမရှုတ်ရအောင်

www.burmeseclassic.com

www.burmeseclassic.com



ကုန်ကျမည့်စရိတ်နှင့် အဖိုးလက်ခများကို သိလိုလှပါတယ်၊ ရှင်းလင်းအောင် အမိန့်ရှိပါဘုရား” ဟူ၍ လျှောက်ထားလေသည်။

ဆရာတော်ဘုရားက အမိန့်ရှိသည်မှာ “ဒါယကာဦးကြင်၊ ဒကာကြီးရဲ့ တာဝန်က အုတ်၊ ကျောက်၊ သဲ၊ ဘိလပ်မြေ၊ ထုံး စသည်တို့ကိုသာ ပြည့်စုံအောင်ဖန်တီး၍ ပေးစေလိုသည်၊ အဖိုးလက်ခပေးစရာ မလိုပါ၊ ထမင်းကျွေးဖို့တောင် မလိုပါ၊ ဆရာတော်ကိုယ်တိုင် ဆွမ်းခံကျွေးပြီး လုပ်ကိုင်ဆောင်ရွက်မှာပါ” ဟူ၍ အမိန့်ရှိလေသည်။

ဤနည်းဖြင့် ဘုရားကြီးတည်၍ ပြီးစီးအောင်မြင်သည်အထိ စီမံဆောင်ရွက်လုပ်ကိုင်ခဲ့ကြလေသည်။

ထိုအကြောင်းကို ရှေးဟောင်းသမိုင်းစာ၌ အောက်ပါအတိုင်း ပါဠိဘာသာဖြင့် ဖော်ပြခြင်းပြုခဲ့လေသည်။

၈။ ကေဒါပိ ကောဂတော၊
သိဗ္ဗိကေပိ ဇနေတိတံ။
ဗုဒ္ဓတ္တ တာတ စိန္တေသိ၊
အာဂတောမှိ တဝန္တိကံ။ ။

၉။ သဗ္ဗ ကိစ္စံ သင်္ဂဏှာမ၊
ဝဒေဟိ ကတ္တုမိစ္ဆိတံ။
မယမ္ပိတေ အာဝဟာမ၊
သဒ္ဓါယ ဗုဒ္ဓ သဥ္စိတံ။ ။

၁၀။ ဗိမ္ဗံသတ္ထာ သန္ဓာရေတုံ၊
သုသဏ္ဌာနံ ဝိရောစနံ။
တတ္ထေကေကော ဂဏာနောစ၊
ဝဍ္ဎကီ ဥဒ ကုဋ္ဌကော။ ။



၈။ ကေဒါပိ ကောဂတော၊
သိဗ္ဗိကေပိ ဇနေတိတံ။
ဗုဒ္ဓတ္တ တာတ စိန္တေသိ၊
အာဂတောမှိ တဝန္တိကံ။ ။

| | |
|---|---|
| ပိ၊ | အဆန်းတကြယ်၊ နိဒါန်းသွယ်၍၊ သိဖွယ် အထူး ပြဆိုဦးအံ့။ |
| ကေဒါ၊ | မှတ်ဖွယ်မယွင်း၊ တစ်ခုသောနံနက်ခင်း၌။ |
| တံဦးကြင်ဝှယ သန္တိကံ၊ | ဦးကြင်မည်လျှင်း၊ သီတင်းသည် ဥပါသကာ ထိုဒါယကာထံသို့။ |
| ကောအာစေရော၊ | ဂန္ဓာရီခေါ်၊ တောပျော်မည်ငြား၊ ဆရာတော်တစ်ပါးသည်။ |
| ဇနေတိ၊ | နောက်လိုက်နောက်ပါ၊ ဒကာအထူး၊ လူသုံးဦးတို့နှင့်။ |
| သဒ္ဓိ၊ | အတူတကွ။ |
| အာဂတော၊ | မမျှော်လင့်ဘဲ၊ ပြုံးကနဲသာ၊ ကြွရောက်၍ လာခဲ့လေပြီ။ |
| တာတ=ဥပါသက၊ | ဦးကြင်မည်လျှင်း၊ သီတင်းသည် ဥပါသကာ ဒါယကာ။ |
| တွံ၊ | သင်ဒါယကာသည်။ |
| ဗုဒ္ဓတ္တံ၊ | မြင့်မြင့်မားမား၊ ဝင့်ကြွားထည်ဝါ၊ သပ္ပါယ်စွာသား၊ ဘုရားတည်ခြင်းအလို့ငှာ။ |
| စိန္တေသိ၊ | အဖန်ဖန်အလည်လည်၊ ညဏ်မနေသီဖြင့် ကြံစည် စိတ်ကူး၍နေသည် မဟုတ်ပါလော။ |

www.burmeseclassic.com

www.burmeseclassic.com



တသ္မာ၊ ထိုသို့ကြံစည်နေကြောင်း၊ ထပ်လောင်း
ဆင့်ကာ၊ သိခဲ့ပါသောကြောင့်။

အဟံ၊ သာသနာရေး၊ အားပေးမျှော်ခေါ်၊
ငါဆရာတော်သည်။

တဝန္တိကံ၊ ဗုဒ္ဓကိစ္စ၊ နိစ္စစွဲကြံ၊ သင်ဦးကြင်ထံသို့။

အာဂတော၊ မဆိုင်းမတွ၊ သမိုင်းစဖို့၊ ကြွလာခဲ့သည်။

အမှိ၊ အမှန်စင်စစ်၊ ကေန်ပင်ဖြစ်ပေတော့၏။

၉။ သဗ္ဗ ကိစ္စံ သင်္ဂဏှာမ၊
ဝဒေဟိ ဣစ္ဆိတိစ္ဆိတံ။
မယမ္ပိတေ အာဝဟာမ၊
သဒ္ဓါယ ဗုဒ္ဓ သဥ္စိတံ။ ။

တာတ=ဥပါသက၊ ဥပသကာ၊ သညာမည်တွင်၊ ဒါယကာ
ဦးကြင်။

တေ=တဝ၊ ဥပသကာမည်တွင်၊ သင်ဦးကြင်အား။

သဗ္ဗကိစ္စံ၊ ဘုရားတည်ရန်ကိစ္စ၊ အဝဝကို။

သင်္ဂဏှာမ၊ မကွဲမပြား၊ တစ်သားတည်းစိုင်းပြင်း၍၊
ရိုင်းပင်းကူညီကြပါကုန်အံ့။

တွံ၊ ဥပသကာ၊ သညာခေါ်တွင်၊
သင်ဦးကြင်သည်။

ဣစ္ဆိတိစ္ဆိတံ၊ အရွယ်ပမာဏ၊ ထည်ကာပ၍၊ ကျနထိုထို၊
အလိုရှိရာမှန်သမျှကို။

အက္ခာဟိ၊ ပြောကြားပါလော့။



ဥဒ္ဒိဿီဟိ၊ သွင်ပြင်နေထား၊ လွန်ထင်ရှားအောင်၊
ညွှန်ကြားလိုက်စမ်းပါလော့။

မယမ္ပိ၊ သာသနာ့ကိစ္စ၊ ဆောင်ရွက်ရဖို့၊
ရောက်ထယုံကြည်၊ ငါတို့သည်လည်း။

တေ=တဝ၊ သင်ဒါယကာဦးကြင်အား။

ဗုဒ္ဓ သဥ္စိတံ၊ ဘုရားနှင့်စပ်လျဉ်း၊ မူခပင်းကို။

သဒ္ဓါယ၊ ဗုဒ္ဓဂုဏ်ရည်၊ မှီသည်မကွက်၊ ယုံကြည်ချက်
ဖြင့်။

အာဝဟာမ၊ အားကြီးမာန်တက်၊ စိတ်အားထက်လျက်၊
ဆောင်ရွက်ကြပါကုန်အံ့။

၁၀။ ဗိမ္ဗံသဏ္ဍာ သဏ္ဌာရေတုံ၊
သုသဏ္ဌာနံ ဝိရောစနံ။
တတ္ထေကေကော ဂဏနောစ၊
ဝဍ္ဎကီ ဥဒ ဣဋ္ဌကော။ ။

တာတဥပါသက၊ ဥပါသကာခေါ်တွင်၊ ဒါယကာဦးကြင်။

သုသဏ္ဌာနဥ္စ၊ ခြေတော်လက်တော်၊ မျက်ခုံးကော်နှင့်
မျက်လုံးတော်မကျန်၊ ကြန်အင်လက္ခဏာ
ပေါင်းစပ်၍ ကောင်းမြတ်သော အသွင်
သဏ္ဌာန်လည်း ရှိပေထသော။

ဝိရောစနဥ္စ၊ ပုံတော်နှင့်စပ်၊ ဂုဏ်တော်မှတ်၍၊ ဒြပ်ဟန်
မယွင်း၊ နတ်ဖန်ဆင်းသို့၊ လွန်မင်းစွာ
တင့်တယ်သပ္ပါယ်ခြင်းလည်း ရှိပေထ
သော။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ဗိမ္ဗံ၊ | သက်တော်ထင်ရှား၊ မြတ်ဘုရား၏၊ ကိုယ်စားတော်ရော်၊ ဆင်းတုတော်ကို။ |
| သန္တာရေတုံ၊ | မဖောက်မပြန်၊ ဧကန်မယွင်း၊ တည်ထားခြင်းငှာ။ |
| သက္ကာ=သမတ္ထာ၊ | အဘက်ဘက်မှ ကုန်လုံ စွမ်းနိုင်ကြပါကုန်၏။ |
| တတ္ထတေသု–တီသုဇနေသု၊ | ထိုကဲ့သို့၊ ငါတို့နောက်မှာ၊ လိုက်ပါတုံမြောက်၊ သုံးယောက်သောသူတို့တွင်။ |
| ဧကေကော၊ | သချ်ာကိုထောက်၊ ထင်စွာကောက်က၊ တစ်ယောက်တစ်ယောက်သောသူသည်။ |
| ဂဏနော၀၊ | တိုင်းထွာပိုင်းခြား၊ သချ်ာအားဖြင့်၊ ချိုးစားကျန၊ နေရာကျအောင်၊ စီမံဆောင်ရွက်နိုင်သော အင်ဂျင်နီယာ ဆရာကြီးလည်းကောင်း။ |
| ၀ဍ္ဎကီစ၊ | ထုတ်လျှောက်ဒိုင်းမြား၊ စသည်အားဖြင့်၊ လက်သမားအရာ၊ ကျွမ်းကျင်စွာသော ဆရာကြီးလည်းကောင်း။ |
| ဥဒ၊ | ထိုမှတစ်ပါး။ |
| ဣဋ္ဌကောစ၊ | အုတ်အင်္ဂတေ၊ မသွေမချန်၊ ဧ၀ကန်မှတ်၊ တကယ်တတ်သော၊ ပန်းရံဆရာကြီးလည်းကောင်း။ |
| ဣတိ၊ | ဤသို့။ |
| တယော၊ | သချ်ာမဖောက်၊ ထင်စွာကောက်က၊ သုံးယောက်ကုန်သော။ |



| | |
|---|---|
| သိပ္ပိကာ၊ | ကာယဉာဏ၊ နှစ်၀စုံညီ၊ အတတ်သည်တို့သည်။ |
| သိယုံ၊ | ဖြစ်ကြလေကုန်၏။ |

ဤကဲ့သို့ ၀င့်ကြွားထည်၀ါ၊ သြဇာတိက္ကမ ထက်မြက်လှ၍၊ ပြတ်ပြတ်သားသား၊ ပြောကြားမိန့်ဆိုသော ဆရာတော်သည် စဉ်းစားစရာ၊ သံသယ၀င်စရာ ဖြစ်၍နေပေသည်။

အဘယ့်ကြောင့်ဆိုသော် ဘယ်ရပ်ဌာနီ၊ ဘယ်ရပ်ဆီက မည်ကဲ့သို့ မည်သို့မည်ပုံ ကြွလာသည်ကို မသိနိုင်သောကြောင့်ဖြစ်ပေသည်။ ပုံစံကို အကဲခတ်လေ့လာ၍ ကြည့်ပြန်တော့လည်း ၀ေး၀ေးလံလံ မဟုတ်ပဲ၊ ဟိုနားသည်နားက ကြွလာသကဲ့သို့ ဖြစ်၍နေသောကြောင့် စဉ်းစားရကြပ်၍နေသည်။ စိန်ကဲ ရွှေကဲထက် လူကဲခတ်ရန် ခက်လှပေသည်။ လောကကြီးမှာ ဖြောင့်မတ်သောသူထက် ကောက်ကျစ်စဉ်းလဲသောသူ၊ လိမ်လည်လှည့်ဖျား မတရား၀ါကြွား၍ ညာစားသောသူက များလေသည်။

ထို့ကြောင့် -

"နက်ကျောမွေးတောင်၊ ကျီးရာထောင်တွင်၊ တစ်ကောင်အဖြူရှာမူရဘို့၊ ခဲ၏သို့ရှင့်၊ လူတို့ဌမ္မူ၊ ပညာရှိဟူ၊ တော်ဖြောင့်သူကို၊ ရှာမူထို့ထက် လွန်ခဲခက်၏"

မဃဒေ၀လင်္ကာ၌ စပ်ဆိုခဲ့သည်။

ယင်းကဲ့သို့ ထုထည်ကြီးမား၍ ထည်၀ါခန့်ငြားသော ဘုရားတစ်ဆူ တည်ဖို့ရန်မှာ အပြောလွယ်သလောက် အလုပ်မှာခက်လှ၏။ စာချုပ်စာတမ်းမပါ သဒ္ဓါသဘောနဲ့ ဗလာပြောတာကို ယုံကြည်လက်ခံလျှင် တကယ့်ဖြစ်ရပ်မှာ အခက်ကြုံရတတ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သစ်ကောက် ဝါးကောက်" ကို မြင်ရသည်။ လူကောက်တာကို မမြင်ရလေသောကြောင့် အထင်ကရများမှာ ဦးကြွင်အနေနဲ့ အလွန်ပင် တွေးကြောက်လျက်ရှိနေပေသည်။

မယုံတစ်ဝက် ယုံတစ်ဝက်ပေမယ့် ပုံမပျက်ဘဲ ပြောဆိုမိန့်ကြားနေသော ဆရာတော်နှင့်တကွ နောက်ပါ ဒကာသုံးဦးတို့မှာ ချိုးကျိုးစရာ ကောင်းလောက်အောင် ကြွေ့သိက္ခာ ကြီးမားသောသူများ ဖြစ်၍နေပေသည်။

## ဘယ်ပုံဘယ်ပန်း မေးစုံစမ်း

မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ စုံစမ်းမေးမြန်းမှ ဖြစ်ပေတော့မည်ဟု ဦးကြွင်ဆုံးဖြတ်ချက်ချလိုက်သည်။

ဆရာတော်သည် လိုချင်တဲ့ အမျိုးအစား အရွယ်ပမာဏကို ပြောပါဟုအမိန့်ရှိသည်။ စရိတ်စက မည်သို့ ပေးချေရမည်၊ အဖိုးလက်ခမည်မျှပေးရမည်၊ စရန်အဖြစ်ဘယ်မျှလောက်ပေးရမည်ဟူ၍ ဆရာတော်သည် သူ့တပည့် ဒကာများအတွက် ဘာမျှမပြောချေ။ ထူး၍ဆန်းနေသည်မှာ အမှန်ဖြစ်ကြောင်း ဦးကြွင်စဉ်းစားမိသည်။

ရွှေသာလျောင်း ဘုရားနှင့် နောင်တော်ကြီး ဘုရားတို့ကို တည်ထားစဉ်က အဖိုးလက်ခ မည်၍မည်မျှ ကုန်ကျထားသည်ကို ဦးကြွင်သိသည်၊ စဉ်းစားမိသည်။

သို့အတွက်ကြောင့် ဦးကြွင်သည် ဘုရားတည်ရာ၌ အဖိုးလက်ခ မည်မျှကျ၍ မည်မျှပေးချေရမည်ကို ခွဲခွဲခြားခြားပိုင်းခြားသတ်မှတ်၍ ထိုဆရာတော်အား လျှောက်ထားမေးမြန်းဦးမည်ဟု ကြံစည်လျက် အောက်ဖော်ပြပါ ဂါထာဖြင့် လျှောက်ထားမေးမြန်းခဲ့လေသည်။



၁၁။ ကတီဟိ မူလေဟိ ဗိမ္ဗံ၊
တံ ကရောထ ဣဒါနိတေ။
ဒိန္နမူလံ ကိံဇာနာမ၊
ကာနိ မူလာနိ ဣစ္ဆထ ။ ။

| | |
|---|---|
| ဘန္တေ၊ | သာသနာရေး အားပေးမြောက်စား၊ အရှင်မြတ်ဘုရား။ |
| အဟံ၊ | ကြွင်တွင်ခေါ်၊ တပည့်တော်သည်။ |
| ပုစ္ဆာမိ၊ | သိလိုတဲ့အရေး၊ သေချာတွေး၍၊ မေးမြန်းပါရစေပါဘုရား။ |
| တေ=တုမှေ၊ | သာသနာရေး၊ အားပေးလို့ငြား၊ အရှင်ဘုရားတို့သည်။ |
| ဣဒါနိ၊ | ဘုရားတည်ရန်၊ စီမံပေထ၊ ယခုအခါကာလ၌။ |
| တေတာလီသံ၊ | ပလ္လင်တော်မှစ၊ ပမာဏချင့်၊ ၄၃ တောင်မျှ မြင့်သော။ |
| တံ=ဗိမ္ဗံ၊ | သက်တော်ထင်ရှား၊ မြတ်ဘုရား၏၊ ကိုယ်စားကော်ရော်၊ ဆင်းတုတော်ကို။ |
| ကတီဟိ မူလေဟိ၊ | မည်၍မည်မျှ၊ သင့်ချာပြသော၊ အဖိုးအခတို့ဖြင့်။ |
| ကရောထ၊ | ပြုလုပ်လိုကြပါကုန်သနည်း။ |
| ဒိန္နမူလံ၊ | ဆက်ဆက်အကျိုး၊ တက်တက်တိုးဖို့၊ အဖိုးလက္ခ၊ ပမာဏကို။ |
| ကိံဇာနာမ၊ | အဘယ်သို့ရှု၊ ဘယ်သို့ညှိ၍၊ သိကြရပါကုန်အံ့နည်း။ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| **တေ=တုမှေ၊** | သာသနာရေး၊ အားပေးလိုငြား၊ အရှင်ဘုရားတို့သည်။ |
| **ကာနိမူလာနိ၊** | မည်၍မည်မျှ၊ ရေတွက်ရသော၊ အဖိုးလက်ခတို့ကို။ |
| **လဒ္ဓုံ၊** | ရခြင်းငှာ။ |
| **ဣစ္ဆထ၊** | အမှန်ပဲ့မသို၊ ဆန္ဒပို၍၊ အလိုရှိကြပါကုန်သနည်း။ |
| **ဣတိ၊** | ဤသို့ |
| **ပုစ္ဆိ၊** | စုံစမ်းစစ်ဆေး၊ သိလိုရေးဖြင့်၊ မေးမြန်းလျှောက်ထားခဲ့လေပြီ။ |

## လက်ခမလို၊ ကုသိုလ်လို

ဦးကြင်သည် ထိုထိုဤဤ၊ အလည်လည်သော၊ သံသယခပင်း၊ ပျောက်ပကင်းအောင်၊ လျှောက်ထားမေးမြန်းခြင်းပြုလိုက်လေသည်။

ဂန္ဓာရီပျော် ဆရာတော်သည် ဦးကြင်၏အာဘော် မည်သို့ဖြစ်မည်ကို သိသာရုံ အကုန်မပြောသေးဘဲ စောင့်ဆိုင်းနေခြင်းဖြစ်သည်။ ယင်းကဲ့သို့ ဦးကြင်က ရှင်းရှင်းနဲ့ဘွင်းဘွင်း လျှောက်ထားခြင်းပြုသောအခါ ဂန္ဓာရီပျော်ဆရာတော်က "ငါတို့သည် သာသနာရေးကို အားပေးလို၍၊ ကုသိုလ်တရားပွားများလို၍ ဝေယျာဝစ္စ ဆောင်ရွက်ရန် လာခဲ့ခြင်းဖြစ်သည်။ အဖိုးလက်ခအနေနဲ့ ကုသိုလ်မှတစ်ပါး အလိုမရှိပါ။ အလုပ်သမားများ စားဖို့ရန်ကိုပင် ဆွမ်းခံကျွေးမည်ဖြစ်သည်။ ဘုရားတည်ခြင်းနှင့်စပ်ဆိုင်သမျှ ကိစ္စအဝဝကို သဒ္ဓါတရား လက်ကိုင်ထားပြီး ဆောင်ရွက်ခြင်းပြုပါမည်။

သင်ဒါယကာ ဦးကြင်အနေနဲ့ လုပ်ဆောင်ပေးရမည်မှာ ထုံးအင်္ဂတေ၊ ဘိလပ်မြေနှင့်အုတ်ကျောက်သဲတို့ကို အင်ဂျင်နီယာဆရာ



တွက်ပြသည့်အတိုင်း လိုလေသေးမရှိရအောင် လုပ်ဆောင်ပေးရမည်" ဟူ၍ မိန့်ကြားပြောဆိုသည့်အကြောင်းကို အောက်ပါဂါထာစကားဖြင့် သိရှိရလေသည်။

၁၂။ နမူလေန နော ဣစ္ဆာမ၊
သဒ္ဓါယေဝ ကရောမတေ။
ဥဇ္ဇောနာပိ တေ ပေါသေမ၊
ဝေလာဒီနိ ဒေထ မေ ။ ။

| | |
|---|---|
| **တာတဥပါသက၊** | ဒါယကာခေါ်တွင် အို ဦးကြင်။ |
| **နော=အမှာကံ၊** | သာသနာရေး၊ အားပေးဖို့ရာ၊ ရောက်လာပေငြား၊ တို့ဆရာတပည့်တို့အား။ |
| **မူလေန၊** | တန်ကြေးပမာဏ၊ ရေတွက်ရသော၊ အဖိုးလက်ခဖြင့်။ |
| **လဒ္ဓုံ၊** | ရခြင်းငှာ။ |
| **နဣစ္ဆာမ၊** | အမှန်ပဲ့မသို၊ ဆန္ဒပို၍၊ အလိုမရှိကြပါကုန်။ |
| **အပိ=ကေဝလံ၊** | အမှန်တကယ်ဖြစ်ဖို့ ရည်ရွယ်သည်ကား။ |
| **တေ=တာဝ၊** | ဘုရားတည်ချင်၊ စိတ်မှာဝင်၍၊ ဦးကြင်မည်ဘိ၊ သင်ဒါယကာ၏။ |
| **ဗုဒ္ဓပူပသဠိတံ၊** | ဘုရားတည်ခြင်း၊ စပ်လျဉ်းသမျှ၊ မှုကိစ္စကို။ |
| **သဒ္ဓါယေဝ၊** | ဗုဒ္ဓဂုဏ်ရည်၊ မှီသည်မကွင်း၊ ယုံကြည်ခြင်းဖြင့်သာလျှင်။ |
| **ကရောမ၊** | မနောဟဒယ၊ သဘောကျဖို့၊ သောမနာအရာ၊ ပြုလုပ်ကြပါကုန်အံ့။ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| တေပိ'သိပ္ပိကေ၊ | ကြည့်ရှုအရာရာ၊ သိမှုပါသော၊ ထိုဗိသုကာဆရာတို့ကိုလည်း။ |
| သယံ၊ | ဘုရားအတွက်၊ စိတ်အားတက်၍၊ လက်ခမရှိ၊ ပကတိဖြင့်၊ မိမိကိုယ်တိုင်သာလျှင်။ |
| ဥဋ္ဌေန'ပဂ္ဂဟေန၊ | ဘုရာကျွင့်တန်း၊ စိတ်ဝယ်မှန်း၍၊ လမ်းမှန်မချွတ်၊ ဆွမ်းခံဝတ်ဖြင့်။ |
| ပေါသေမိ၊ | ဦးကြင်ဒကာ၊ မြူးရွှင်လာအောင်၊ ဆောစွာမနှေး၊ ထောမနာရေးဖြင့်၊ ကျွေးမွေးပေတော့အံ့။ |
| မေ'အမှာကံ၊ | သာသနာရေး၊ အားပေးလိုဘိ၊ တို့ဆရာတပည့်တို့အား။ |
| ဝလာဒိနိ၊ | ထုံး၊ ကျောက် အင်္ဂတေ၊ ဘိလပ်မြေစသည်တို့ကို။ |
| ယထာပူရံ၊ | ပိုပိုလျှံလျှံ၊ လိုရန်မရှိ၊ ပြည့်စုံဘိအောင်။ |
| ဟရိတ္ဗာ၊ | ထမ်းပိုးသယ်သူ၊ လွယ်တကူဖြင့်၊ ဝယ်ယူဆောင်ခြင်း၍။ |
| ဒေဟိ၊ | ပေးလိုက်စမ်းပါလော့။ |
| ဒေဟိ၊ | မှတ်ချက်ထင်ရှား၊ မှန်းချက်ထား၍၊ ဘုရားပြီးရေး၊ စိတ်မှာတွေးလျက်၊ ပေးလိုက်စမ်းပါလော့။ |

ဤကဲ့သို့ ဂန္ဓာရီဂိုဏ်း၊ ကသိုဏ်းရှင်ပျော်၊ ဆရာတော်သည် အာဘော်ထုတ်ပြ၊ လက်ခငွေကြေး၊ တစ်ရွေးသားမျှ၊ မတောင်းမခံ၊ ကောင်းရန်အရေး၊ မျှော်ထောက်တွေးလျက်၊ မနှေးကြံစည်၊ ဂမ္ဘီရအတတ်ပညာတို့ဖြင့် ဘုရားဒကာဦးကြင်၏ဆန္ဒအတိုင်း၊ ဘုရား



တည်၍ ပြီးဆုံးသည်အထိ ဆောင်ရွက်လုပ်ကိုင်ခဲ့ကြောင်း အောက်ပါဂါထာဖြင့် ဖော်ပြခဲ့လေသည်။

**မှတ်ချက်။** ။ *ဂါထာကို မဖော်ပြမီ ဤနေရာ၌ သမိုင်းပြုစုသူအား လောကီဝိဇ္ဇာဂန္ဓာရီအတတ်ကို ဦးစားပေးသူဖြစ်သည်။ အထင်ကြီးအောင်လုပ်သည်ဟု အပြစ်မတင်နိုင်ရန် ရှင်းလင်းချက်ပေးလိုပေသည်။*

အဘယ်ကြောင့်ဆိုသော် ဤမျှလောက်ကြီးမားထည်ဝါ၊ သပ္ပါယ်လှစွာသော ဆင်းတုတော်မြတ်ကြီးကို ယန္တယားစက်များ အကူအညီမပါဘဲ လွယ်လွယ်ကူကူနဲ့ပြီးနိုင်မပြီးနိုင် စာရှုသူများအနေနဲ့ ကိုယ်တိုင်ကိုယ်ပိုင် ပဋိဘာဏ်'ထိုးထွင်းဉာဏ်ဖြင့် စဉ်းစားဆင်ခြင်ကြစေလိုသည်။ သမိုင်းပြုစုသူအနေနဲ့လည်း အတ္တနောမတိဖြင့် ရေးနေခြင်းမဟုတ်၊ သမိုင်းထုတ်၍ သရုပ်ပေါ်အောင် ရေးနေခြင်းသာ ဖြစ်ပေသည်။

## ယုတ္တိသာဓက ထုတ်ဖော်ပြ

သက်တော်ထင်ရှား ဘုရားလက်ထက်တော်ကပင်လျှင် ဝိသာခါ ကျောင်းအမကြီးသည် ပုဗ္ဗာရုံကျောင်းတော်ကြီးကို အဖိုး ၁၈ ကုဋေ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းသောအခါ ရည်မှန်းချက်အတိုင်း ပြီးစီးအောင်မြင်အောင် ခဲရာခဲဆစ်ဖြစ်သော ကျောက်တုံးကျောက်ခဲတို့ကို လွယ်ကူစွာ သယ်ယူနိုင်ရန် ဣဒ္ဓိမန္တတေဒင်္ဂရ လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန် ရဟန္တာကိုယ်တော်မြတ်ကြီး၏ တန်ခိုးဣဒ္ဓိပါဒ်ကို အကူအညီ ရယူခဲ့ရလေသည်။

ဥပမာအားဖြင့် ကျောက်တောင်မှ ဧရာမကျောက်တုံးကြီးများကို လူစွမ်းအားဖြင့် ခွဲဖို့ဖဲ့ဖို့မလွယ်ကူလျှင် အရှင်မဟာမောဂ္ဂလာန်၏ တန်ခိုးတော်ဖြင့် ဖြိုဖျက်ပေးရတာမျိုးတို့ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင်ခရီးအလွန်ဝေးကွာ၍ တစ်လကိုးသီတင်းသယ်ယူရမည့် ကိစ္စမျိုးကို နေ့ချင်းပေါက်ရောက်အောင် တန်ခိုးတော်ဖြင့် သယ်ဆောင်ပေးတာမျိုးဖြစ်ပေသည်။ ထို့ပြင် ဘုရားရှင် ရွှေပြည်နိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် သာသနာသက္ကရာဇ် ၂၁၈ ခုနှစ်သို့ရောက်သောအခါ ရာဇာဘိသိက်ခံ၍ မင်းအဖြစ်သို့ရောက်သော သီရိဓမ္မာသောက မင်းကြီးသည် မြတ်စွာဘုရား၏သာမုက္ကံသိက ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ရှိသည်ကိုရည်ရွယ်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး အတိုင်းတိုင်းအပြည်ပြည်၌ -

စေတီပေါင်း ၈၄၀၀၀

ကျောင်းပေါင်း ၈၄၀၀၀

ရေတွင်းရေကန်ပေါင်း ၈၄၀၀၀

တို့ကို အသပြာငွေကြေး ၉၆ ကုဋေမျှ အကုန်အကျခံ၍ သာသနာပြုခဲ့လေသည်။ ယင်းသို့ပြုလုပ်သောအခါ တန်ခိုးအရှင်ဖြစ်သော ရဟန္တာအရှင် ဣန္ဒဂုတ္တမထေရ်၏ ဣဒ္ဓိပါဒ်အကူအညီ ရယူခဲ့ရလေသည်။

၈၄၀၀၀ ကိစ္စ ပြီးစီးသောအခါ သီရိဓမ္မာသောကမင်းကြီးအား ကြည်ညိုသဒ္ဓါပွားစိမ့်သောငှာ လက်ဝါးပြင်၌ ဇီးဖြူသီးများကို တင်၍ ပြဘိသကဲ့သို့ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ရှိရှိသမျှသော သီရိဓမ္မာသောက မင်းကြီး၏ ကောင်းမှုတော်တွေ၊ စေတီပုထိုးတွေကို အရှင်ဣန္ဒဂုတ္တမထေရ်သည် မိမိ၏တန်ခိုးအစွမ်းဖြင့် ဖူးမြော်ကြည်ညိုခွင့်ရအောင် ပြုခဲ့လေသည်။

ကျောင်းလွှတ်ပူဇော်ပွဲ၌ မာရ်နတ်ရန်ကို တားဆီးဖို့ရန် အရှင် ဥပဂုတ္တရဟန္တာအရှင်မြတ်၏ တန်ခိုးဣဒ္ဓိပါဒ်ကို အကူအညီရယူခဲ့ရလေသည်။



ထို့ပြင် သီဟိုဠ်ကျွန်း(ယခုသီရိလင်္ကာ) ၌ ဒုဋ္ဌဂါမဏိမင်းကြီး မဟာစေတီတော်ကြီးကို တည်ရာ၌ သဒ္ဓါတရား ကြီးမားလွန်ကဲသော မင်းကြီးပီပီ ပန္နက်ချသောအခါ အလွန်မတန် ကြီးမားကျယ်ဝန်းစွာ ချလေသည်။

အင်း … ဤမျှလောက် ကြီးမားကျယ်ဝန်းသော ပန္နက်ရာ အတိုင်းသာ ဘုရားတည်လျှင် ဒုဋ္ဌဂါမဏိမင်းကြီးသည် ဘုရားတည်၍ မပြီးမီ ကံတော်ကုန်မည်ဟု သိတော်မူသော အရှင်မဟိန္ဒရဟန္တာ မထေရ်မြတ်သည် ဒုဋ္ဌဂါမဏိမင်းကြီးအား -

"မင်းကြီး, ပန္နက်တော်ရာကို ဤမျှလောက်နေရာတော် မကျယ်ပါစေနဲ့၊ လျှော့၍ ဤရွေ့လောက်သာ ပန္နက်တော်ရာချပါ"ဟူ၍ အရှင်မဟိန္ဒရဟန္တာကိုယ်တော်မြတ်ကြီးက ထုတ်ဖော်ညွှန်ကြား၍ အကူအညီ ပေးရဖူးလေသည်။

ဤကဲ့သို့ ညွှန်ကြားမှုပြုပါသော်လည်း ထီးတော်တင်၍ မပြီးမီမှာပင် ဒုဋ္ဌဂါမဏိမင်းကြီးသည် ပြင်းထန်စွာ နာမကျန်းဖြစ်တော်မူ၍ …

ညီတော်အိမ်ရှေ့မင်း သဒ္ဓါတိဿအား ထီးတော်တင်ရန် တာဝန်ပေးအပ်ရလေသည်။ ညီတော်အိမ်ရှေ့မင်းသဒ္ဓါတိဿသည် ဝါးတို့ဖြင့် ပြုလုပ်ထားသော ဝါးထီးကို အလျင်အမြန်တင်၍ ဒုဋ္ဌဂါမဏိမင်းကြီး နတ်ရွာမစံမီ ဖူးမြော်ကြည်ညိုခွင့်ရအောင် စီမံရလေသည်။

**မှတ်ချက်။ ။** *ဤဒုဋ္ဌဂါမဏိမင်းကြီး၏ဝတ္ထုလောက်လျှင် ဘုရားဒါယကာများဖြစ်ကြသော ဦးကြင်-ဒေါ်ငွေဇံ ဇနီးမောင်နှံတို့သည်လည်း အသက်နုနယ်ငါးဆယ်ကျော်ကျော်လောက်နဲ့ကွယ်လွန်ကြသောကြောင့် မကွယ်လွန်မီ ဘုရားအလျင်အမြန်ပြီးစီးအောင် သမ္မာဒေဝနတ်များနှင့်တကွ ဂန္ဓာရီပိုင်းဆိုင်ရာပုဂ္ဂိုလ်ထူးတို့က ဝိုင်းဝန်းကူညီကြသည်မှာ အမှန်ပင်ဖြစ်သည်ဟု မှတ်ယူနိုင်ပေသည်။*

www.burmeseclassic.com

www.burmeseclassic.com



## သမိုင်းဂါထာ

၁၃။ တေတာလီသံ ဟတ္ထုဗ္ဗေဓံ၊
ဗုဒ္ဓဗိမ္ဗံ သသီ ရိကံ။
ယထာ နိဋ္ဌံ တေ ဌပေသုံ၊
သဗ္ဗ ထာမံ နရာနရံ။ ။

တေတာလီသံ

**ဟတ္ထုဗ္ဗေဓံ၊** တိုင်းတာတိုးတဲ့၊ ပုံကြီးချဲ့၍၊ လေးဆယ့်သုံးတောင်၊ အမြင့်ဆောင်သော။

**သသီရိကံ၊** မြင့်မားတဲ့ ထက်ဗွေမှာ၊ ဝင့်ကြွားတဲ့ တက်နေလို၊ ကျက်သရေအပေါင်းနှင့်လည်း ပြည့်စုံပေထသော။

**သကလပူရိတံ၊** ဝဲယာရှေ့နောက်၊ ထက်အောက်မကျန်၊ လေးဘက်လေးတန်၊ အမှန်အရှိ ကေန်ပြည့်စုံခြင်းလည်း ရှိပေထသော။

**ဗုဒ္ဓဗိမ္ဗံ၊** ဂုဏ်တော်ကိုမှတ်၊ ပုံဖော်အပ်သော၊ အတုလာဓိပတိ၊ မဟာမုနိသကျ ဆင်းတုတော်မြတ်ကြီးကို။

**နရာနရံ၊** လူရောနတ်ပါ၊ ဝိုင်းဝန်းကာဖြင့်။

**သဗ္ဗထာမံ၊** အလုံးစုံပေါင်းရုံး၊ အင်အားသုံးလျက်။

**တေဗိသုကာ၊** ဗိသုကာအတတ်၊ တတ်မြောက်ထိပ်သီး၊ ထိုဆရာကြီးတို့သည်။

**ယထာနိဋ္ဌံ၊** ဘုရားတည်ခြင်း၊ စပ်လျဉ်းသမျှ မှုကိစ္စကို၊ တစ်စမကြွင်း၊ ပြီးဆုံးလျှင်းအောင်။



**ဌပေသုံ၊** ထန်ပြင်းအဟုန်၊ ဖန်ဆင်းပုံဖြင့်၊ ဂုဏ်တော်မြင့်မား၊ အရှည်ပွားအောင်၊ တည်ထားခဲ့ကြလေကုန်ပြီ။

၁၄။ အဓော ပလ္လင်္ကတော ဥဒ္ဓံ၊
ဥရံယာဝ အသေသတော။
သုဝဏ္ဏံ ရဇတံ လောဟံ၊
ကရဏ္ဍံ ရတနံ နဝ ။ ။

၁၅။ နာနာဓာတု သံကိဏ္ဏဥ္စ၊
သာရီရိကံ တထာဂတံ။
ဣတောစိတော သံဟရိတွာ၊
ပဋ္ဌပေသုံစ သာဓဝေါ ။ ။

၁၄/၁၅ –

**သာဓဝေါ၊** ဦးကြင် ဒေါ်ငွေဖံ အရင်းခံ၍၊ ပြင်းထန်လှစွာ၊ သဒ္ဓါရင့်ခြောင်း၊ သူတော်ကောင်းတို့သည်။

**ပလ္လင်္ကတော၊** လေးတောင်တစ်မိုက်၊ တိုက်ရိုက်ပေါ်ထင်၊ မြတ်ပလ္လင်မှ။

**အဓော၊** အောက်ဘက်တစ်ခို၊ ထိုထိုသောနေရာ၌လည်းကောင်း။

**ယာဝဥရံ၊** ဝမ်းတော်ပြည့်ဖောင်း၊ ကိုယ်တော်ဆောင်း၍၊ ရင်ခေါင်းတော်တိုင်အောင်။

**ဥဒ္ဓံ၊** အထက်တစ်လွှား၊ တက်တက်သွားသည့် နေရာများ၌လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| အသေသတော၊ | အကြွင်းအကျန်မရှိသောအားဖြင့်။ |
| သာရီရိကံ၊ | ဓန္တာတော်အစဉ်၊ ဘုရားရှင်မှ ဖြစ်ပွား သော။ |
| နာနာဓာတု၊ | ဓန္တာတော်အစဉ်၊ ဘုရားရှင်မှ ဖြစ်ပွား သော။ |
| သံကိဏ္ဏံ၊ | ပြွမ်းနေသော ဓာတ်တော်များကို။ |
| နာနာဓာတုကိဏ္ဏံ၊ | မြလေးငုံအသွင်၊ ပုလဲစင်အတူ၊ ဇမ္ဗူရာဇ် ရွှေမျိုး၊ ဆန်ကျိုးပမာဏ၊ သာရီရိက ခေါ်လစ် ဓာတ်တော်အစစ်ကို။ |
| ဣတောစိတော၊ | ထိုထိုဤဤ၊ ပြည်တွင်းပြည်ပ၊ ရရသမျှ သော နေရာများမှ။ |
| သံဟရိတွာ၊ | ထိုထိုကောင်းမှု ပေါင်းရုံးစု၍။ |
| ပက္ခိတံ၊ | လူနတ်အများ၊ ကြည်ညိုပွားဖို့ ထည့်၍ထားအပ်သော။ |
| သုဝဏ္ဏကရဏ္ဍ၊ | ရွှေကြုတ်ကိုလည်းကောင်း။ |
| ရဇတကရဏ္ဍ၊ | ငွေကြုတ်ကိုလည်းကောင်း။ |
| လောဟကရဏ္ဍ၊ | ကြေးနီကြုတ်ကိုလည်းကောင်း။ |
| နဝရတနံကရဏ္ဍ၊ | နဝရတ်ကိုးသွယ် စီခြယ်တုံလတ်၊ မြတ်သောကြုတ်ကိုလည်းကောင်း။ |
| ပဝေသေတွာ၊ | လုံခြုံမယွင်း၊ ဌာပနာသွင်း၍။ |
| ဗုဒ္ဓိဝ၊ | သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့။ |
| တထာဂတံ၊ | အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဟု၊ ကမ္ဗည်းတပ်ထား မြတ်ဘုရားကို။ |



| | |
|---|---|
| ပဋ္ဌပေသုံ၊ | ကြည်ညိုသဒ္ဓါဖြင့်၊ မှီခိုကာ အရှည်ပွား အောင်၊ တည်ထားခဲ့ကြလေကုန်ပြီ။ |

## ဌာပနာသွင်းပုံ

အောက်ဘက်၌ လေးတောင်တစ်မိုက်အမြင့်ရှိသော ပလ္လင်တော်တွင် ထိုထိုသို့သောနေရာများ၌လည်းကောင်း၊ ပလ္လင်တော်မှအထက် ကိုယ်တော်မြတ်၏ ရင်ခေါင်းတော်တိုင်အောင် ထိုထိုသို့သောနေရာ များ၌ လည်းကောင်း၊ ဦးကြင်-ဒေါ်ငွေဇံ ဘုရားဒကာ၊ ဘုရားအမမှ အစပြု၍ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းစသော ထိုထိုသို့သော အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာတို့မှ သူတော်ကောင်းတို့သည် မိမိ၊ မိမိတို့ အကြောင်းအားလျော်စွာ ရရှိကိုးကွယ်ထားအပ်သော သာရီရိက ဓာတ်တော်မွေတော်များကို မိမိတို့စွမ်းအားအလျောက် ရွှေကြုတ်၊ ငွေကြုတ်၊ ကြေးနီကြုတ်၊ ရွှေငွေမြရွဲ၊ ပုလဲသန္တာ၊ နီလာ ဂေါမုတ်၊ ဥဿဖရား၊ ရတနာကိုးပါးတို့ဖြင့် စီခြယ်ထားအပ်သော ကြုတ်၊ အဖိုးအနဂ္ဃ ထိုက်တန်လှစွာသော ကျောင်းတော်ပုံ၊ ရွှေသာ လျောင်းတော်ပုံ၊ သတ္တဋ္ဌာန စံနေတော်မူပုံ၊ ဒုက္ကရစရိယာ ကျင့်တော် မူပုံ၊ ဗောဓိပင်နှင့်ရွှေပလ္လင်ကို အောင်မြင်တော်မူပုံ စသည်များကို လည်းကောင်း သွင်းထားမြှုပ်နှံ အပူဇော်ခံစေတော်မူကြစေကုန်ပြီ။

ထို့ပြင် အနေကဇာတိသံသာရံ စသော ဥဒါန်းပါဠိတော်ကို လည်းကောင်း၊ ဟေတုပစ္စယော အစရှိသော ပဋ္ဌာန်းပစ္စယုဒ္ဒေသ, ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်ကိုလည်းကောင်း၊ ငါးရာ့ငါးဆယ် ဇာတ်တော် ဖြစ်တော်ပေါင်းချုပ်၊ အတ္ထုပ္ပတ္တိအကျဉ်းကိုလည်းကောင်း။

"တေ, ဇ, သု, နေ, မ, ဘူ, စံ, နာ, ဝိ, ဝေ" ဟူသော ဇာတ်တော်ကြီးဆယ်ဘွဲ့ကို လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပေလွှာ၊ ငွေပေလွှာ၊ ရွှေပရပိုက်၊ ငွေပရပိုက်တို့၌ ရေးကူး၍လည်းကောင်း။

ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောတော်မူပုံကိုလည်းကောင်း။

ကပိလဝတ်ပြည်၌ ဆွေတော်မျိုးတော်တို့သည် ဇာတိမာန်ကိုး၍ မြတ်စွာဘုရားအား ဦးညွတ်ရိုကျိုး ရှိမခိုးဘဲ နေကြလေရာ မြတ်စွာဘုရားသည် ရေမီးအစုံစုံဟုဆိုအပ်သော တန်ခိုးပြာဋိဟာကို ပြတော်မူသောအခါ ဖခမည်းတော်သုဒ္ဓေါဒနမင်းကြီးအစရှိသော သာကီဝင်မင်းမျိုးတို့သည် မြတ်စွာဘုရားအား ဦးနှိမ်ရိုကျိုး ရှိခိုးကန်တော့ကြပုံကိုလည်းကောင်း။

ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ခုနစ်ငါးမြောက် ရောက်သောအခါကာလ သာဝတ္ထိပြည်၌ တိတ္ထိတို့အား နှိမ်နင်းခြင်းငှာ မြတ်စွာဘုရားသည် ရေမီးအစုံဟူသော တန်ခိုးပြာဋိဟာ ပြပုံကိုလည်းကောင်း၊ ဗောဓိပင်နှင့် ရွှေပလ္လင် အစရှိသော သတ္တဋ္ဌာနတို့၌ (၄၉) ရက်စံနေတော်မူပြီးသောအခါ အချို့သောနတ်ဗြဟ္မာတို့သည် မြတ်စွာဘုရားအား ဘုရားမှတကယ်ဖြစ်ရဲ့လား၊ မဖြစ်သေးဘူးလားဟူ၍ ယုံမှားသံသယများဖြစ်၍ ဖြစ်၍နေကြလေသည်။

ယင်းကဲ့သို့ဖြစ်၍နေသော ယုံမှားသံသယများကို ကင်းပျောက်စိမ့်သောငှာ မြတ်စွာဘုရားသည် ရေမီး အစုံအစုံဟူသော ယမကပြာဋိဟာကို ပြတော်မူပုံကိုလည်းကောင်း။

သုဒ္ဓေါဒနမင်းကြီး၏ဆရာ အသိတခေါ်သော ကဏှဒေဝိလရသေ့ကြီး၏ ဦးခေါင်းထက်၌ အလောင်းတော် သိဒ္ဓတ္ထမင်းသားကလေး ရပ်လျက်နေတော်မူသည်ကို မဖြစ်ဘူးမြဲထူးကဲလှစွာသော အစ္ဆရိယအဗ္ဘုတဖြစ်၍ ရှိမခိုးဘဲ မနေနိုင်သောကြောင့် ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး ရှိခိုးနေပုံကိုလည်းကောင်း။



လယ်ထွန်မင်္ဂလာပြုလုပ်ရာ၌ အလောင်းတော် သိဒ္ဓတ္ထမင်းသားကလေးအား ဇမ္ဗုသပြေရိပ်၌ သိပ်၍ထားစဉ် နေလွဲသည့်တိုင် ဇမ္ဗုသပြေပင်သည် အရိပ်မပြောင်း၊ ကောင်းစွာရိပ်မိုး တန်ခိုးပြနေသော အံ့ဖွယ်သရဲကို မြင်တွေ့ရသဖြင့် ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သိဒ္ဓတ္ထအလောင်းတော်အား လက်အုပ်ချီမိုး ရှိခိုးသောပုံကိုလည်းကောင်း။

ထို့အပြင် ရွှေဆင်းတု, ငွေဆင်းတု, ပတ္တမြားဆင်းတု, ကြေးနီဆင်းတုတို့ကို အဖိုးများစွာ အကုန်အကျခံ၍ သဒ္ဓါထက်သန်သော သူတော်ကောင်းတို့သည် သာသနာတော်ငါးထောင် တည်ရှိအောင် ရည်မှန်း၍ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီး ဥဒ္ဒိဿ ကိုယ်တော်မြတ်ကြီး၏ ဝမ်းဗိုက်တော်အတွင်း၌ ဌာပနာတော်များ သွတ်သွင်း၍ လှူဒါန်းပူဇော်ခြင်းပြုကြလေကုန်ပြီ။

## စေတီငါးမျိုး

- ❀ ဓာတုစေတီ
- ❀ ပရိဘောဂစေတီ
- ❀ ဥဒ္ဒိဿစေတီ
- ❀ ပါဒစေတီ
- ❀ ဓမ္မစေတီဟူ၍ ငါးမျိုးရှိသည်။ ထိုတွင် -

၁။ ဓာတ်တော်မွေတော်တွေကို ဓာတုစေတီဟုခေါ်သည်။

၂။ ရေစစ်တော်, ရေသနုပ်တော်, တောင်ဝှေးတော် စသော မြတ်စွာဘုရား၏ အသုံးအဆောင်များကို ပရိဘောဂစေတီဟုခေါ်သည်။

၃။ ဗောဓိပင်နှင့်ရွှေပလ္လင်ကို အောင်မြင်တော်မူပုံ စသော ဆင်းတုတော်များကို သက်တော်ထင်ရှား ဘုရားရှင်၏ပုံတော်ကို ရည်မှန်း၍ ပူဇော်ရသောကြောင့် ဥဒ္ဒိဿစေတီခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ တစ်ရာ့ရှစ်ကွက်၊ စက်လက္ခဏာတော်ရှိသော မြတ်စွာဘုရား၏ ခြေတော်ရာပုံတော်ကို ပါဒစေတီတော်ခေါ်သည်။

၅။ ဘုရားဟောဖော် နှုတ်ခပါဌ် ဒေသနာတော်ကို ဓမ္မစေတီ ခေါ်သည်။

စေတီဟူသည် စေတိယန္တိပူဇနိယဝတ္ထုံဟု အဋ္ဌကထာဆရာ ဖွင့်ပြသောကြောင့် ပူဇော်အပ်သောအရာ ဌာနကိုခေါ်သည်။

**စိတိပဗ္ဗံ ပူဇိတဗ္ဗန္တိစေတျံ၊ စိတတဗ္ဗံ ပူဇိတဗ္ဗံ** – ဆွမ်းပန်း ဆီမီး စသည်တို့ဖြင့် ပူဇော်အပ်၏။ **ဣတိတသ္မာ**– ထို့ကြောင့်။ **စေတျံ**– စေတီမည်၏ဟု၊ **ဝစနတ္ထ ဝိဂ္ဂြဟ်**– ဆိုအပ်၏။

အဆိုပါ စေတီငါးမျိုးတို့တွင် လေးဆယ့်သုံးတောင်တစ်မိုက် အမြင့်ရှိသော အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးရုပ်ပွားတော် မြတ်ကြီးသည် ဥဒ္ဒိဿစေတီမည်တော်မူပါပေသည်။

ပလ္လင်တော်မှ ရင်ခေါင်းတော်တိုင်အောင် ဌာပနာထားအပ်သော သရီရဓာတ်တော်အမျိုးမျိုးသည် ဓာတုစေတီ မည်တော်မူပါပေသည်။

မြတ်စွာဘုရား၏ အသုံးအဆောင် အမျိုးမျိုးသည် ပရိဘောဂ စေတီ မည်တော်မူပါပေသည်။

မြတ်စွာဘုရား၏ နှုတ်ခပါဌ်တော်ဖြစ်သော ပဋ္ဌာန်းဒေသနာ တော် စသည်သည် ဓမ္မစေတီမည်ပါပေသည်။

အတုလာဓိပတိ မဟာမုနိသကျ ဂန္ဓကုဋီကျောင်းဆောင်တော် နှင့် တစ်ဆက်တည်းတည်ရှိသော ရှေ့ကတူရှုမျက်နှာစာမြွေရုပ်နှင့် ကပ်လျက် အဆောက်အဦးအတွင်း၌ ဖန်ဆင်းတည်ထားအပ်သော မြတ်စွာဘုရား၏ ခြေတော်ရာပုံတော်သည် ပါဒစေတီ မည်တော်မူပါ ပေသည်။

**မှတ်ချက်။** ။ *ဘုရားဒကာ မိသားစု ရုပ်တုများထားရှိရာ တန်ဆောင်း အတွင်း၌လည်း ပါဒစေတီတစ်ဆူ ရှိပေသည်။*



## စေတီငါးမျိုး ဘုရားရှိခိုး

၁၆။ ဗိမ္ဗံ ဥဒ္ဒိဿံ အန္တောဂ္ဂံ၊
ဓမ္မံ ဘောဂဥ္စ ဓာတုကံ။
သမ္ဗန္ဓံ ပါဒံ စေတျန္တိ၊
တံ ဟိ နာမာမိ သီရသာ။ ။

ဗိမ္ဗံ၊ — လေးဆယ့်သုံးတောင်နှင့်ပေတစ်ဝက် ထားသဖြင့်၊ နေစက်အလား၊ အသရေတောက်ကြွားသည့် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးရုပ်ပွားတော်မြတ်ကြီးသည်။

ဥဒ္ဒိဿံ၊ — ဂုဏ်တော်ကိုမှတ်၊ ပုံတော်ကပ်၍၊ ရှိခိုးအပ်သောကြောင့်၊ ဥဒ္ဒိဿစေတီ မည်တော်မူပါပေ၏။

သမ္ဗန္ဓံ၊ — ရွှေကြုတ်၊ ငွေကြုတ်၊ ရတနာကြုတ်တို့ဖြင့်၊ နေရာမလပ်၊ ပြည့်ကြပ်၍နေသော။

သဓာတုကံ၊ — ဓာတ်တော်အမျိုးမျိုးတို့ဖြင့် ထင်ရှားစွာတည်ရှိတော်မူသော။

အန္တောဂ္ဂံ၊ — ဝမ်းဗိုက်မှသည်၊ ပဋ္ဌာန်းယမိုက်စသည်၊ အစီအရီ သွင်းထားအပ်သော ဌာပနာတော်များသည်။

ဓမ္မဥ္စ ၊ — ဓမ္မစေတီလည်း မည်တော်မူပါပေ၏။

ဘောဂဥ္စ၊ — ပရိဘောဂစေတီလည်း မည်တော်မူပါပေ၏။

ဓာတုကဥ္စ၊ — ဓာတုစေတီလည်း မည်တော်မူပါပေ၏။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| **သမ္ဗန္ဓံ၊** | ဂန္ဓကုဋိ ကျောင်းဆောင်တော်ကြီးနှင့် တစ်ဆက်တည်း၊ တစ်စပ်တည်းဖြစ်၍ နေပေထသော။ |
| **ပုရေဋ္ဌိတံ၊** | ဝဲယာအလား၊ မရွေ့လျားပဲ၊ ရှေ့နားတူရှု၍ တည်ရှိတော်မူပေထသော။ |
| **ပါဒံ၊** | မြေရှုပ်အနီး၊ ထီးထီးမတ်မတ်၊ တည်ရှိလတ်သော ခြေတော်ရာသည်။ |
| **စေတျံ၊** | ၁၀၈ ကွက်၊ စက်လက္ခဏာ၊ ပြည့်စုံပါ၍၊ ပါဒစေတီ မည်တော်မူပါပေ၏။ |
| **ဣတိ၊** | ဤသို့။ |
| **တံ–ပဥ္စစေတျံ၊** | ထိုကဲ့သို့ ဥဒ္ဒိဿစသား၊ ကမ္ဘည်းထား၍၊ ငါးပါးငါးမျိုး၊ စေတီတော်မျိုးကို။ |
| **အဟံ၊** | ဂုဏ်တော်ကိုမှတ်၊ ပုံတော်ကပ်၍၊ ဖူးမြော်တတ်သော၊ တပည့်တော်သည်။ |
| **သိရသာ၊** | ဦးခေါင်းရတနာ၊ မြတ်အင်္ဂါဖြင့်။ |
| **နမာမိ၊** | ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား။ ။ |

## မြွေမင်းဖားမင်း ပုံစံသွင်း

ဘုရားတည်ဖို့ရန်၊ အကြောင်းဖန်၍၊ ကောင်းရန်နိမိတ်၊ တောင်းပန်ဟိတ်ဖြင့်၊ နိဗ္ဗာန်စေစား၊ နတ်အများတို့၊ မှတ်သားဆောင်လို့၊ ရွှေတောင်ဖို့မှ၊ ရွှေချောင်းရတနာ၊ ရဖို့ရာကို၊ ပြသခဲ့ကြလေကုန်၏။

ရွှေချောင်းများကို ရရှိပြီးမှ၊ မြွေမင်းဖားမင်း၊ နှစ်ပါးမင်းတို့၊ သွားရင်းကိုဖျောက်၍ ပျောက်ကွယ်ခဲ့ကြလေကုန်၏။



ထိုမြွေမင်း၊ ဖားမင်းတို့သည် ရိုးရိုးသားသား အဟိတ်၊ တိရိစ္ဆာန်မဟုတ်၊ ဘုမ္မဒေဝါ၊ အာကာသဇိုး၊ ရုက္ခဇိုးတို့က၊ အကျိုးရှိဖို့ရန်၊ ဘုရားတည်နိုင်ဖို့ရန် ညွှန်ပြခဲ့ကြခြင်းဖြစ်လေသည်။

*ဤ၌ ။ ဒေဝသဒ္ဒါကို ဇိုးရေး၍ ဘုမ္မဇိုးစသည် ခေါ်သည်ဟု မှတ်ပါ။*

ဘုရားဒါယကာ ဦးကြင်-ဒေါ်ငွေဇံ ဇနီးမောင်နှံတို့အား ဘုရားတည်နိုင်ဖို့ရန် ကူညီမ,စခဲ့ကြလေကုန်၏။

ဤအတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးရုပ်ပွားတော်မြတ်ကြီး၌ အလွန်မတန်ထူးခြားသော ဝိသေသရှိနေသည်ကား -

ဤမျှလောက်ကြီးကျယ်သပ္ပါယ်၊ ထည်ဝါခန့်ညား၊ ထင်ရှားပုံဆောင်၊ ၄၃ တောင်အနေ၊ တစ်ပေထက်ဝက်၊ တစ်မိုက်တက်၍၊ သိုက်စက်တပေါင်၊ အမြင့်ဆောင်သော၊ ပုံတော်မြတ်ကြီးကို -

| | | |
|---|---|---|
| ထုံ | မွှမ်း | ကြည့်ရှုကာ |
| ပုံ | ဖမ်း | ဗိသုကာ |
| စုံ | စမ်း | သိမှုပါသော |

ပန်းရံဆရာရယ်လို့ ဉာဏ်အရာ ထင်ရှားအောင်၊ မတင်ထားသည်မှာ သမိုင်းကျောက်စာအရ၊ နှိုင်းထောက်ပါရလျှင် သမ္မာဒေဝနတ်မြတ်နတ်ကောင်း၊ နတ်အပေါင်းတို့က ကူညီမ,စကြ၍ လွယ်လင့်တကူ၊ ပုံတူပြီးမြောက်ခဲ့သည်ဟု ယုံမှားမဲ့မှတ်ယူကြရန်သာ ရှိပေတော့သည်။

## မြွေမင်း၊ ဖားမင်း၊ အကြောင်းရင်း

ကိုးထပ်ကြီးဘုရားတည်နိုင်ဖို့ရန် အတိတ်အခါက နိမိတ်ပြလာခဲ့ကြသော မြွေမင်းနှင့် ဖားမင်းတို့ကို အများတသင်း သိနိုင်ဖို့ရန် ဂန္ဓကုဋိ ကျောင်းတော်ကြီး၏ ရှေ့တူရူအဝင်ဝ လက်ျာနံပါး၌

www.burmeseclassic.com

www.burmeseclassic.com



မြွေဟောက်မင်းခွေလျက်၊ ပါးပျဉ်းထောင်နေပုံကို ကြေးဝါဖြင့် အလျှုခံ သေတ္တာ ပြုလုပ်၍လည်းကောင်း။

မဏ္ဍူကာ ပုံဟန် ဖားသဏ္ဌာန်ကို ကြေးဖြင့်ပြီးသော အလျှုခံ သေတ္တာ ပြုလုပ်၍လည်းကောင်း၊ မှန်စွာတမင်၊ တန်ဆာဆင်၍ ဖန်တီးခဲ့ကြလေကုန်ပြီ။

၁၆။ မဏ္ဍူကံ သပ္ပံ ပဋိစ္စ၊
ဒက္ခိဏာမုခိစ ပါကဋံ။
သပ္ပ ဘောဂံ ပတိဋ္ဌာယ၊
ဝါမ ပဿေစ မဏ္ဍူကံ ။ ။

မဏ္ဍူကဉ္စ၊ ဘုရားတည်ရန်၊ ကြံဖန်ပုံရိပ်၊ နိမိတ်ပြဖူး၊ ဖားရုပ်အထူးကိုလည်းကောင်း။

သပ္ပဉ္စ၊ ဘုရားတည်ရန်၊ ကြံဖန်ပုံရိပ်၊ နိမိတ်ပြဖူး၊ မြွေရုပ်အထူးကိုလည်းကောင်း။

ပဋိစ္စ၊ မလွှဲသမှု၊ အစွဲပြု၍။

ဒက္ခိဏာမုခိ၊ ဘုရားမြတ်စွာ၊ ရှေ့တော်မှာလျှင်၊ လက်ျာနံပါး၊ နီးအနား၌။

ပါကဋံ၊ ကပ်လျက်သား၊ မှတ်ချက်ထားက၊ ထင်ရှားလှစွာ။

ရိတိမယံ၊ ကြေးဝါဖြင့်ပင်၊ ပြုစီရင်အပ်သော။

သပ္ပဘောဂံ၊ မြွေဟောက်ပုံပေ၊ ခွေလျက်နေသား၊ ထင်ရှားထုတ်ဆောင်၊ ပါးပျဉ်းထောင်သည်ကို။

ပတိဋ္ဌာနယ၊ အရှည်ပွားမှု၊ တည်ထားပြု၍။



ဝါမပဿေ၊ ဘုရားမြတ်စွာ၊ ရှေ့တော်မှာပဲ၊ လက်ဝဲနံပါး၊ နီးအနား၌။

မဏ္ဍူကံ၊ ဆောင့်ကြောင့်ငုတ်တုတ်၊ သရုပ်ထင်ထင်၊ ဖားပုံသွင်ကို။

ပတိဋ္ဌာပေသိ၊ ရှေးဟန်မပျက်၊ တွေးကြံလျက်သား၊ အရှည်ပွားအောင် တည်ထားခဲ့လေပြီ။

၁၇။ ဉဘောပေတေ သမ္မုခေဝ၊
အာဂါရေ ဂန္ဓ ကုဋိယံ။
နိမိတ္တံ မဉ္ဇူသံ ကတွာ၊
စန္ဒေ သသံဝ မဏ္ဍိတာ ။ ။

အာဂါရေ ဂန္ဓ ကုဋိယံ၊ အတုလာဓိပတိ မဟာမုနိသကျ ဂန္ဓကုဋိ ကျောင်းတော်ကြီးအတွင်း၌။

သမ္မုခေဝ၊ ဘုရားထံပါး၊ ထင်ရှားမပျောက် ရှေ့တော်မှောက်၌သာလျှင်။

တေဉဘောပိ၊ မြွေနှင့်ဖားပုံ၊ နှစ်ပါးစုံတို့ကိုလည်း။

နိမိတ္တံဝ၊ နိမိတ်ပုံထုတ်၊ ပုံစံလုပ်၍သာလျှင်။

စန္ဒေသသံသ၊ လ,မှာပုံထုတ်၊ ယုန်အရုပ်ကဲ့သို့။

မဉ္ဇူသံကတွာ၊ အလျှုခံသေတ္တာ၊ ပြုလုပ်ကာလျှင်။

မဏ္ဍိတာ၊ ဘုရားဖူးလာ၊ များသူငါတို့၊ ဖန်ခါခါပင်၊ မှန်စွာမြင်အောင်၊ တန်ဆာဆင်အပ် လေကုန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



## မြွေမင်း၊ ဖားမင်း၊ ထားခြင်းပုံဟန် မှားမခံ

မြွေမင်း၊ ဖားမင်းတို့သည် ထားမြဲအတိုင်း လက်ဝဲလက်ျာ မှန်ကန်အောင် ထားရပေသည်။ ပြောင်းလွဲထား၍မရဟု သိရပေသည်။

မြွေမင်း၏ရုပ်တုသည် ဘုရားကြီး၏ လက်ျာဘက်၌ လည်းကောင်း၊ တည်ထားခြင်း ပြုခဲ့ကြလေသည်။

## ဂေါပကလူကြီး၊ အယူသီး

ရှေးက ဂေါပကလူကြီးမင်း (လက်ရှိဂေါပကများ မဟုတ်ကြပါ) အချို့တို့သည် ထိုကဲ့သို့ မြွေမင်း၊ ဖားမင်းတို့ သူ့နေရာနှင့်သူ လက်ဝဲလက်ျာ တည်ရှိနေသည်ကို မထားလိုကြဘဲ မြွေမင်းကို လက်ဝဲ၊ ဖားမင်းကို လက်ျာ ယင်းကဲ့သို့ ပြောင်းပြန်၍ ညဘက်လူခြေတိတ်တဲ့အချိန်မှာ တိတ်တဆိတ် ထားကြသတဲ့။

ထိုကဲ့သို့ ပြောင်းတိပြောင်းပြန် ပြုမူလုပ်ကိုင်ကြသော ဂေါပကလူကြီးတို့သည် ချောက်ချောက်ခြားခြား၊ မှားမှားယွင်းယွင်း၊ စနောင့်စနင်း၊ အငြင်းပွားလတ်၊ မရပ်မတည်၊ ချာချာလည် ဖြစ်ကြလေကုန်၏။

ထိုသို့အခင်း၊ အကြောင်းရင်းဖြင့်၊ ကသောင်းကနင်း ဖြစ်ကြလေသောကြောင့် -

ထိုဂေါပကလူကြီးတို့သည် ညတွင်းချင်းပင် ပြင်ဆင်တောင်းပန်၍ ကန်တော့ပွဲများပေးကာ နောက်နောင်အခါများတွင် ဤကဲ့သို့သော အမှားအယွင်းများကို မပြုလုပ်တော့ပါကြောင်း၊ တစ်ကြိမ်တစ်ခါအမှားအယွင်းကို ခွင့်လွှတ်တော်မူပါရန်များကို တောင်းပန်တိုးလျှိုး၍ နဂိုမူလအတိုင်း လက်ဝဲလက်ျာမှန်ကန်အောင်ထားမြဲအတိုင်း ထားကြရကုန်၏ဟု အဆိုရှိလေသည်။



## ပညတ်သွားရာ ခတ်သက်ပါ

ပညတ်သွားရာခတ်သက်ပါ ဟူသည့်အတိုင်း မြွေရောဖားပါ သူတို့မှာ အစောင့်တွေရှိကြကြောင်း ထင်ရှားပြသခြင်း ဖြစ်ပေသည်။

ဤကိစ္စကို သိစေလို၍ သမိုင်းကျောက်စာ၌ ထင်ရှာပြခဲ့သည်ကား အောက်ပါအတိုင်း ဖြစ်ပေတော့သည်

၁၈။ ဝိပရီယာယ မဏ္ဍုကံ၊
စေဋ္ဌပေသိစ ဒက္ခိဏံ၊
သပ္ပဥ္စတထာ ဝါမမှိ၊
စိတ္တာဝိလာဝ ဂေါပကာ ။ ။

| | |
|---|---|
| မဏ္ဍုကံ၊ | ဖားသွင်းပုံထုတ်၊ ဖားမင်းရုပ်ကို။ |
| ဝိပရီယာယ၊ | ရှိမြဲမမှန်၊ ပြောင်းပြန်လှန်၍။ |
| ဒက္ခိဏံ၊ | ဒက္ခိဏမှို လက်ျာ နံပါး၊ ညာဘက်နား၌။ |
| စေဋ္ဌပေသိ၊ | အကယ်၍ကား ထားခဲ့ပြီးအံ့။ |
| သပ္ပဥ္စ၊ | မြွေသွင်ပုံထုတ်၊ မြွေမင်းရုပ်ကိုလည်း။ |
| တထာ၊ | ထို့အတူ။ |
| ဝိပရီယာယ၊ | ရှိမြဲမမှန်၊ ပြောင်းပြန်လှန်၍။ |
| ဝါမမှိ၊ | လက်ဝဲနံပါး၊ ဘယ်ဘက်နား၌။ |
| စေဋ္ဌပေသိ၊ | အကယ်၍ကား၊ လဲလှယ်၍ထားခဲ့ပြီးအံ့။ |
| ဓဝံ၊ | ဤသို့မမှန် ပြောင်းပြန်အလား၊ မှား၍ ထားခဲ့သည်ရှိသော်။ |
| ဂေါပကာ၊ | ဂေါပကစသော သူတို့သည်။ |

www.burmeseclassic.com



| | |
|---|---|
| **စိတ္တာဝိလာဝ၊** | စိတ်စနောင့်စနင်း၊ မဖြောင့်စင်းဘဲ၊ အငြင်းပွားလတ်၊ မံရပ်မတည်၊ ချာချာလည်ကုန်သည်သာလျှင်။ |
| **အဟေသုံ၊** | ဖြစ်ကြလေကုန်ပြီ။ |
| **ဣတိ၊** | ဤသို့။ |
| **ပေါရာဏာ၊** | ရှေးလူကြီးတို့သည်။ |
| **အဝေါစုံ၊** | အတောမသတ်၊ သဘောမှတ်ဖို့၊ ပြောစမှတ်အနေ ဆိုခဲ့ကြလေကုန်ပြီ။ |

ဤကဲ့သို့သော အကြောင်းအခြင်းအရာများကို ကြည့်ခြင်းအားဖြင့် မြွေမင်းနှင့် ဖားမင်းတို့သည် မယွင်းမမှား ရှေးအထက်က စီမံခဲ့သည့်အတိုင်း လက်ဝဲလကျာ သူ့နေရာနှင့်သူ မှန်ကန်အောင် ထားရှိမှသာလျှင် ဆိုးကျိုးပျက်ပျောက် ကောင်းကျိုးသက်ရောက်ပုံတို့မှာ ထင်ရှားလှပေသည်။

ထိုအဆိုပါ မြွေမင်း၊ ဖားမင်းတို့သည် ရှေးဦးအစ ပကတူးကတည်း၊ ဤနေရာဌာန အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီး မြတ်စွာဘုရားကြီးကို တည်ထားဖို့ရန်ကိုလည်းပဲ ညွှန်ပြခဲ့ကြဖူးလေကုန်ပြီ။

ဘုရားဖြစ်မြောက်အောင် ကူညီမစခဲ့ကြဖူးလေကုန်ပြီ။

ရွှေချောင်းရတနာ၊ ပစ္စည်းများစွာတို့ကို အထင်အရှား ပေးခဲ့ကြဖူးလေကုန်ပြီ။

ယခုမျက်မှောက်၌လည်း ဘုရားကြီးကို အမြဲနိစ္စ စောင့်ရှောက်လျက် ရှိကြလေကုန်၏။

နောင်ကိုလည်း သာသနာတည်သရွေ့ ဆက်လက်၍ တာဝန်ယူစောင့်ရှောက်သွားကြမည်မှာ ယုံမှားသံသယ မရှိသင့်ပေ။



ထိုကဲ့သို့သော အကြောင်းများကြောင့် အမြော်အမြင်ကြီးမားလှသော ရှေးသူဟောင်းတို့သည် မြွေမင်း၊ ဖားမင်းတို့ကို ပူဇော်ခြင်းဖြင့် ဘုရားကိုလည်း ပူဇော်ပြီးဖြစ်အောင် ကြံဆောင်၍ မြွေမင်း၊ ဖားမင်းတို့ကို အလှူခံသေတ္တာအဖြစ်ဖြင့် ဖန်ဆင်းတည်ထားခဲ့ကြလေကုန်ပြီ။

ဤသဘောမျိုးကို ကျမ်းဂန်အရ သဒိသူပစာ၊ သမီးပူပစာ၊ အမ္ဗသေစန ဂဂုနှာန္ဒ နည်းလို့ခေါ်ပေသည်။ (ဆရာ ရေချိုးဖို့ရန် သရက်ပင်ရင်း၌ ချိုးရေအိုးကို ချထားသဖြင့် ဆရာရေချိုးသောအခါ သရက်ပင်ကိုလည်း ရေလောင်းပြီးသား ဖြစ်လေတော့သည်။ သဟာစရဏနည်း၊ အဝိနာဘာဝနည်း နာနန္တရိကနည်း စသည်လည်း ခေါ်နိုင်သေးသည်။

## မြွေမင်းပူဇော် အာနိသင် လာဘ်သော်အထူးရ

၁၉။ သပ္ပံ ပူဇာယ ယံ လာဘံ
သီဃံ လာဘန္တိ ယေဇနာ။
ဣန္ဒိ တိဋ္ဌိတံ ပတ္တေတွာ၊
ဒါနံ ဒဒေယျ တေဇနာ။ ။

| | |
|---|---|
| ယေဇနာ၊ | စိတ်ထားမြင့်မြတ်၊ တင့်အပ်ပျော့ပျောင်း၊ အကြင်သူတောင်ကောင်းတို့သည်။ |
| သပ္ပံ၊ | ရေနတ်နဂါး၊ မှတ်သားနွယ်ဝင်၊ မြွေသွင်ပုံထုတ်၊ မြွေမင်းရုပ်ကို။ |
| ပူဇာယ၊ | ဆီမီးရေချမ်း ပေးကမ်းဆက်ကပ်၊ လေးမြတ်ကော်ရော်၊ ပူဇော်ခြင်းဖြင့်။ |
| ယံယံလာဘံ၊ | အကြင်အကြင်သို့သော လိုချင်တောင့်တ၊ လာဘ်လာဘကို။ |

www.burmeseclassic.com



**ကင်္ခန္တိ၊** အလိုရှိကြကုန်၏။
**တံတံလာဘံ၊** ထိုထိုသို့သော အလိုရှိသမျှ လာဘ်လာဘကို။
**သီဃံ၊** လျှင်မြန်စွာ။
**လဘန္တိ၊** ရေနတ်နဂါး၊ စွမ်းပကားဖြင့်၊ မှန်းထားကုံလုံ၊ ရရှိနိုင်ကြကုန်၏။
**တသ္မာ၊** ထိုသို့မှန်းထားကုံလုံ ရရှိနိုင်ကြကုန်သောကြောင့်။
**တေဇနာ၊** စိတ်ထားမြင့်မြတ်၊ တင့်အပ်ပျော့ပျောင်း၊ ထိုသူတော်ကောင်းတို့သည်၊
**ကင်္ခိ တိဋ္ဌိတံ၊** လိုချင်သမျှ လာဘ်လာဘကို။
**ပတ္ထေတွာ၊** ပတ္ထာနာမှု တောင်းဆုပြု၍။
**ဒါနံ၊** ရေချမ်းဆီမီး၊ သစ်သီးအမွှေးတိုင်၊ မြတ်ပန်းခိုင်ကို။
**ဒဒေယျ=ဒဒေယျုံ၊** သဒ္ဒါဖွေးဖြူ၊ အရေးယူ၍ ပေးလှူကြကုန်ရာ၏။

## ဖားမင်းကိုယံ လာဘ်ပြောဟုံ စုံပြုံ့ရတတ်စွာ

၂၀။ မဏ္ဍူကံ ပူဇယ လာဘံ၊
သီဃံ လဘန္တိ ယေဇနာ။
ကင်္ခိတိဋ္ဌိတံ ပတ္ထေတွာ၊
ဒါနံ ဒဒေယျ တေဇနာ။

**ယေဇနာ၊** စိတ်ထားမြင့်မြတ်၊ တင့်အပ်ပျော့ပျောင်း အကြင်သူတော်ကောင်းတို့သည်။



**မဏ္ဍူကံ၊** ဘုရားတည်ရန် ဖားသူငယ်ဟန်ဖြင့် ကြံ့ဖန်ပြလျှင် နတ်ဖားမင်းကို။
**ပူဇယ၊** ဆီမီးရေချမ်း၊ ပေးကမ်းဆက်ကပ်၊ လေးမြတ်ကော်ရော်၊ ပူဇော်ခြင်းဖြင့်။
**ယံယံလာဘံ၊** အကြင် အကြင်သို့သော အလိုရှိသမျှ လာဘ်လာဘကို။
**ကင်္ခန္တိ၊** အလိုရှိကြကုန်၏။
**တံတံလာဘံ၊** ထိုထိုတောင့်တ လာဘ်လာဘကို။
**သီဃံ၊** လျှင်မြန်စွာ။
**လဘန္တိ၊** မျိုးနတ်နွယ်အား၊ စွမ်းပကားဖြင့်၊ မှန်းထားကုန်လုံ၊ ရရှိနိုင်ကြကုန်၏။
**တသ္မာ၊** ထိုသို့ကုန်လုံ ရရှိနိုင်ပုံ၊ အကြောင်းဂုဏ်ကြောင့်။
တေဇနာ၊ စိတ်ထားမြင့်မြတ်၊ တင့်အပ်ပျော့ပျောင်း၊ ထိုသူတော်ကောင်းတို့သည်။
**ကင်္ခိတိဋ္ဌိတံ၊** လိုချင်သမျှ လာဘ်လာဘကို။
**ပတ္ထေတွာ၊** ပတ္ထာနာမှု တောင်းဆုပြု၍။
**ဒါနံ၊** ရေချမ်းဆီမီး၊ သစ်သီးအမွှေးတိုင်၊ မြတ်ပန်းခိုင်ကို။
**ဒဒေယျ=ဒဒေယျုံ၊** သဒ္ဒါဖွေးဖြူ၊ အရေးယူ၍ ပေးလှူကြကုန်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



## ခွေးနက်အသွင် နတ်ဖန်အင်

ဤနေရာ ဤအခန်း၌ နတ်များက တိရစ္ဆာန်ဖြစ်သော ခွေးအယောင် ဖားအယောင်ဖြင့် အယောင်ဆောင်ပါမည်လောဟု စစ်ကြောမေးမြန်းဖွယ်ရာရှိ၏။

သို့သော် အထက်နတ်တို့သည်ပင်လျှင် လူအများတို့ ထင်လွယ်မြင်လွယ်ဖြစ်အောင် လူတို့နှင့်နီးစပ်သော ပုံဟန်သွင်ပြင် အယောင်ဆောင်ကြကြောင်း အထောက်အထားများစွာရှိလေသည်။

## မဃဒေဝလင်္ကာ

မာန်လည်ဆရာတော်က လင်္ကာဖြင့် ဤသို့ဖော်ပြလေသည်။

"နာနာရုပ်ထူး၊ ဘီလူးမြေဘုတ်၊ အမနုဿာ၊ ယက္ခာပေတီ၊ ယောနိလေးထွေ၊ တစ္ဆေဥပပ၊ ပိသာစက၊ ဝေဒန္တယ်ရှိး၊ ဘုမ္မစိုးနှင့် ရုက္ခစိုးနတ်၊ စုတေလတ်သော်၊ ဥပပတ်ဘုံသား၊ ထက်နတ်များသို့၊ ကိုယ်အားလုံးပျောက်၊ မီးတောက်သဖွယ်၊ ချုပ်မကွယ်ဘဲ၊ ဒရယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပဒတ်က၊ ပေါက်ဖက်၊ ပိုးနံ့၊ ယုံဖျံ၊ သမင်၊ ပုတ်သင်၊ ခွေး၊ ဖား၊ မိကျောင်း၊ ငါးနှင့် သားငှက်တိရစ္ဆာန်၊ သဏ္ဌာန်ပြုလုပ်၊ စုတိချုပ်၍" စသည်ဖြင့် စပ်ဆိုရေးသားခဲ့လေသည်။

စတုမဟာရာဇ် တာဝတိံသာ အစရှိသော အထက်နတ်တို့သည် စုတေလျှင် မီးတောက်များ ငြိမ်းဘိသကဲ့သို့ အကောင်အထည်ဒြပ်မထင်ဘဲ အားလုံးပျောက်ကွယ်လေသည်။

ရုက္ခစိုး၊ ဘုမ္မစိုး အစရှိသော အောက်နတ်တို့သည် အထက်နတ်များကဲ့သို့ မီးတောက်ငြိမ်းသလို ပျောက်ကွယ်ခြင်းမဟုတ်ဘဲ စုတေသောအခါ ယုန်၊ ဖျံ၊ သမင်၊ ပုတ်သင်၊ ခွေး၊ ဖား အစရှိသောအားဖြင့် အကောင်ဒြပ်ပြောင်းလွဲ၍ ရုပ်ကြွင်းရုပ်ကျန်များ ရှိနေတတ်ပေသည်။



ထို့ကြောင့် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီး တည်ထားနိုင်ဖို့ရန် ရွှေချောင်းများရှိသော ရွှေတောင်သို့ ရောက်အောင် ပုဗ္ဗနိမိတ်ပြ၍ ကြိုဆောင်ပို့ပေးသော ခွေးနှင့်ဖားတို့သည် သာမန် အဟိတ်တိရစ္ဆာန်များ မဟုတ်ကြဘဲ သက်ဆိုင်ရာနတ်တို့က ဖန်ဆင်းပြသအပ်သော ခွေးမင်း၊ ဖားမင်းတို့ ဖြစ်နိုင်ကြောင်း အမှန်ပအစစ်မို့ သံသယမဖြစ်ဘဲ တစ်ထစ်ချ မှတ်သားသင့်ပေသည်။

## မြေခွေးယောင်ဖန်ဆင်း သိကြားမင်း

ထိုမှတစ်ပါး ငါးရာ့ငါးဆယ်ဇာတက ပဥ္စကနိပါတ် စူဠဓနုဂ္ဂဟဇာတ် (သူခိုး ခားရိုးကမ်းသည်) ဟူသော ဇာတ်တော်၌ လော်လီဖောက်ပြန်၊ အကျင့်တန်၍ အပြောင်းအလဲမြန်ဆန်သော၊ အသစ်မြင်လျှင် ချစ်ခင်မြဲအဟောင်းလင်ကို မပေါင်းချင်ဘဲကွာရှင်း၍ တဏှာပြင်းထန်သော မိန်းမတစ်ဦးအား သတိရပါစေခြင်းငှာ "ငါးစိမ်းမြင်၊ ငါးကင်ပစ်" ထုံးပြ၍ ဆုံးမခဲ့ဖူးလေသည်။

ထိုဇာတ်၌ ဘုရားအလောင်းသည် သိကြားမင်းဖြစ်လေသည်။

သိကြားမင်းသည် မိမိကိုယ်ကို အမဲတုံးကို ကိုက်ချီသော မြေခွေးအသွင် ဖန်ဆင်းသည်။

ဝိသကြုံနတ်သားကို ငါးအသွင် ဖန်ဆင်းစေသည်။

မာတလိနတ်သားကို သိန်းငှက်အသွင် ဖန်ဆင်းစေသည်။

ထို့နောက်မှ သိကြားမင်းစီမံသည့်အတိုင်း ဖြစ်ရပ်သည် မရှေးမနှောင်း အောက်ဖော်ပြပါအတိုင်း ဖြစ်ခဲ့လေသည်။

ငါးသည် မြစ်ကမ်းနားအနီး ရေပေါ်သို့ ပေါ်တက်လာလေသည်။

မြေခွေးသည် မြစ်ကမ်းနား၌ ငါးကိုမြင်သောအခါ မိမိပါးစပ်ထဲ၌ ရှိနေသော အမဲတုံးကိုပစ်ချ၍ မြစ်ကမ်းနားရှိငါးကို လျင်စွာပြေး၍ ဖမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ငါးသည် ရေ၌ငုပ်၍ပြေး၏။

လွှတ်ချခဲ့သော အမဲတုံးကို ကောင်းကင်မှသိန်းစွန်သည် လျင်စွာ သုတ်ယူ၍သွားသည်။

ထိုအခါ မြေခွေးသည် အမဲတုံးလည်းဆုံး၊ ငါးလည်းဆုံးသဖြင့် နှလုံးမသာမယာဖြစ်၍ မိန်းမ၏အနီးအပါး၌ ကြံမှိုင်လျက် ထိုင်နေ၏။

မိန်းမသည် ထိုကဲ့သို့သော အခြင်းအရာကိုမြင်လျှင် ပြင်းစွာ လက်ခုပ်လက်ဝါးတီး၍ ပြောင်လှောင်ရယ်မောလျက် မြေခွေးအား-

"သင်သည် မိုက်မဲ၍ အလိုရမ္မက်ကြီးသဖြင့် အမဲလည်းဆုံး၊ ငါးလည်းဆုံးဖြစ်၍ မှိုင်တွေတွေနေရဘိ၏"

ဟု ပြောင်လှောင်ပြောဆို၏။

ထိုအခါ မြေခွေးသည် "အို အမျိုးသမီး၊ သူများအပြစ်ကိုတော့ မြင်တတ်ပါရောလား၊ သင်သည် သူတစ်ပါး၏အပြစ်ကိုသာမြင်၏၊ ကိုယ့်အပြစ်ကိုတော့ မမြင်တတ်။

"သင်သည် မိဘပေးစားသောလင်ကို လည်းကောင်း၊ ကိုယ့်သဘောနဲ့ကိုယ်ယူသော ခိုးသားဖြစ်သောလင်ကို လည်းကောင်း လက်လွှတ်ဆုံးရှုံးရသည်ဖြစ်၍ ငါ့ထက်ပင်လျှင် မှိုင်၍နေရသည် မဟုတ်ပါလော့" ဟုပြော၍ အထက်နတ်ပြည်သို့ပြန်၏။

ဤဇာတ်၌ အထက်နတ်သိကြားတို့သည်ပင်လျှင် အကြောင်းထူးရှိလျှင် အဟိတ်တိရစ္ဆာန်ယောင်ဆောင်သော သက်သေတစ်ရပ် ဖြစ်ပေသည်။



## ခွေးနက်မှုဆိုး ပုံတစ်မျိုး အကျိုးရှိဖို့ရည်

ထိုမှတစ်ပါး ဒွါဒသကနိပါတ် မဟာကဏှဇာတ်၌ အလောင်းတော် သိကြားမင်းသည် မုဆိုးအသွင်ဖန်ဆင်း၍ မာတလိနတ်သားအား ခွေးနက်ကြီးအသွင်ဖန်ဆင်းစေလျက် ကဿပဘုရားသာသနာ နောက်ပိုင်း၌ အကျင့်ပျက်သောလူတို့ကို ထိတ်လန့်စေလျက် ငါးပါးသီလ၌ တည်စေဖူး၏။

## ဆိတ်ဖို ဆိတ်မ အသွင်ပြ အဿကမင်း ဆုံးမခြင်း

ဆက္ကနိပါတ် ခရပုတ္တဇာတ်၌ သိကြားမင်းသည် ဆိတ်ဖိုအယောင်၊ သုဇိတာသည် ဆိတ်မအယောင်ဖန်ဆင်း၍ အဿကမင်းအား ဆုံးမဖူး၏။

## သိကြားမင်းနှင့် သစ်ကြုတ်

တိကနိပါတ် ဝကဇာတ် သစ်ကြုတ်တစ်ကောင်သည် သူနေရာဖြစ်သောကျွန်း၌ ရေပတ်လည်ဝိုင်း၍ အစာရှာမထွက်နိုင်သဖြင့် အဓိဋ္ဌာန်ဥပုသ်ဝင်၏။

သိကြားမင်းက ဆိတ်ယောင်ဆောင်၍ ရှေ့၌လာရပ်၏။ ဥပုသ်ကို နောက်မှစောင့်မည် နှလုံးပိုက်၍ ထ၍လိုက်၏။

မမီသောအခါ ဥပုသ်မကျိုးသေးဟု ပြန်၍စောင့်၏။ ဤ၌ သိကြားမင်းသည် ဆိတ်အယောင်ဆောင်၏။

www.burmeseclassic.com

www.burmeseclassic.com



## အနော်ရထာကျွဲခတ်ကိန်း

ပုဂံရာဇဝင်တွင် အလွန်ထင်ရှားသော အနော်ရထာမင်းအား ထိန်ပင်စောင့်နတ်သည် ကျွဲအယောင်ဆောင်၍ အန္တရာယ်ပြုသည်ဟု ဆိုထားသည်။

## စက်တော်ရာသမိုင်း

လွန်ခဲ့သော သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်ကဖြစ်၏။ သာလွန်မင်းတရား လက်ထက်တွင် တောင်ဖီလာဆရာတော်သည် ပျောက်ကွယ်နေသော မြတ်စွာဘုရား၏ ခြေတော်ရာကို တောအထပ်ထပ်၊ တောင်အသွယ်သွယ်တွင် မျက်စိလည်အောင်ရှာ၍နေရသည်။ ထိုသို့ ရှာဖွေ၍ မတွေ့နိုင်ဖြစ်နေသောအခါ တောင်စောင့်နတ်ကြီးသည် ခွေးနက်ကြီးအယောင်ဆောင်၍ ခြေတော်ရာရှိရာ မြုံအတွင်းသို့ ဝင်လျက်သား ခြေတော်ရာကိုပြ၏ဟု စက်တော်ရာသမိုင်း၌ အဆိုရှိသည်။

ထိုကဲ့သို့ ဖော်ပြပါအကြောင်းများကြောင့် ဤကိုးထပ်ကြီးဘုရားသမိုင်း၌ မြွေမင်းနှင့် ဖားမင်းတို့သည် နတ်မဟုတ်ဘူးဟု ငြင်းဆိုခဲ့လျှင်၊ သာမညအဟိတ်တိရစ္ဆာန်မျှသာ ဖြစ်သည်ဟူ၍ ပြောဆိုခဲ့လျှင် အကြောင်းမဲ့ပြောဆိုရန် မလွယ်ပါချေ။ နတ်တို့က ဖန်ဆင်းပြသခြင်းဖြစ်သည် ဟူ၍သာ သမိုင်းကျောက်စာအတိုင်း မှတ်ရန်ရှိပေတော့သည်။

## တန်ခိုးထက်လှ ဘိုးယက္ခ

အတတ်ပညာသည်သုံးယောက်ကို ဦးဆောင်၍ ကြွလာသော ဂန္ဓာရီဆရာတော်ကြီးသည် ကြည့်မြင်တိုင် ပဒင်းကန်းသို့သွား၍ ကျောက်ဆစ်သမားတစ်ဦးထံ၌ ကျောက်ဘီလူးရုပ်တစ်ရုပ် ထုလုပ်



ပေးပါရန် ပုံပန်းသဏ္ဌာန် အချိုးအစားနှင့်တကွ ပြောပြ၍ အပ်နှံခြင်းပြုလေသည်။ အဖိုးလက်ခ ၇၅၀ ကျပ်နှင့်ပြောဆို၍ စရန်အဖြစ် ၃၅၀ ကျပ် ပေးခဲ့လေသည်။

ကျန်ငွေ ၄၀၀ ကျပ်ကို ပစ္စည်းရွေးယူသောအခါမှ ယူရန်ကိုလည်း မှာကြားခဲ့လေသည်။

## ညညအချိန် မတည်ငြိမ်

ဤသို့သောနည်းအားဖြင့် ဘီလူးရုပ်ကြီးထုလုပ်၍ ပြီးစီးသည့်တိုင်အောင် အပ်နှံသောဆရာတော်ကြီးသည် လာရောက်၍ ရွေးယူခြင်း မပြုပါ။

သို့သော် ထုလုပ်ပြီးသော ဘီလူးရုပ်ကြီးသည် ညညရောက်သောအခါ ပန်းပုဆရာအိမ်၌ အစွမ်းပြပါတော့သည်။ ယင်း၏မျက်လုံးများ နီရဲလာသည်၊ အသံဗလံသုံး၍ ဝုန်းဒိုင်းကြဲလာသည်။

ထိုသို့သော အကြောင်းများကြောင့် ပန်းပုဆရာသည် ကြောက်လန့် တုန်လှုပ်လျက် မိမိအိမ်၌ မထားရဲအောင် ဖြစ်ရလေတော့သည်။

## အိမ်မှာမမွေ့ ကိုးထပ်ရွှေ့

ဖော်ပြပါအကြောင်းများကြောင့် ပန်းပုဆရာသည် နံနက်လင်းသောအခါ ကိုးထပ်ကြီးဘုရားဒါယကာ ဦးကြင်ထံသို့ သွားရောက်၍ "ဘုရားဒကာကြီးခင်ဗျား၊ ကျောက်ဘီလူးရုပ်ကြီးကို ကိုးထပ်ကြီးဘုရားကုန်းတော်ပေါ်၌ ထားပါရစေ၊ ကျန်သော လက်ခငွေ ၄၀၀ ကျပ်ကိုလည်း ဘုန်းတော်ကြီးလာမှ ယူတော့မည်ဖြစ်ကြောင်း" ပြောဆိုလျက် ကျောက်ဘီလူးရုပ်ကြီးကို ကိုးထပ်ကြီးကုန်းတော်ပေါ်သို့ ပို့ဆောင်ခဲ့လေသည်။ မြောက်ဘက်မုခ်ဦးအတက် လက်ဝဲဘက်နား၌ ထားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အုဋ္ဌဂူအထူး ကျောက်ဘီလူး

ထိုကျောက်ဘီလူးရုပ်ကြီးသည် ယခုအခါဌ်မူကား အုဋ္ဌဂူနှင့် သားနားစွာရှိပေသည်။

ဂေါပကလူကြီးမင်း ဦးကျော်မြင့်သည် အုဋ္ဌဂူနှင့်ထား၍ ပူဇော်လေသည်။

ယင်း ကျောက်ဘီလူးရုပ်ကြီးအား ဘိုးယက္ခဟု အခေါ်အဝေါ် များပြား လူသိများလေသည်။

ယင်း ဘိုးယက္ခအား အချို့ပုဂ္ဂိုလ်များသည် လက်တွေ့ဆန်၍ အတော်ယုံကြည်ဆည်းကပ်ကြလေသည်။

တန်ဖိုးအလွန်ကြီးမားလှသော ငါးသုံးလုံး စီးကရက်များကိုပင် ဘူးလိုက် ဆက်သကြလေသည်။ ဝတ်လဲတော်များ၊ ဖောင်းတော်များကိုလည်း အကောင်းစား တန်ကြေးကြီးမားသည်များကို ဆက်သကြကြောင်း သိရှိရလေသည်။

ဘိုးယက္ခ၏ ဂူနန်းပြသာဒ်ကို ဘုရားဂေါပက လူကြီးမင်း ဦးကျော်မြင့် ဇနီး ဒေါ်တင်စိန်၊ မြင့်မိုရ်လမ်း၊ စမ်းချောင်းတို့က တစ်ဦးတည်း ကုသိုလ်ယူ ပြုပြင်မွမ်းမံ တည်ဆောက်ထားလေသည်။

ဤအကြောင်းအရာများကို သမိုင်းက ဤသို့ဆိုလေသည်။

၂၁။ ဂန္ဓာရီ ဝိဇ္ဇာဓရောတု၊
    သိပ္ပိကာနံ ဝိနာယကော။
    ကြည့်မြင်တိုင် ပဒင်းတန်းဒေသံ၊
    ဂန္ဓာန သေလမာနိတံ။ ။



၂၂။ ယဒိစ္ဆကံ ဝဏ္ဏံ ဝဏ္ဏာ၊
    ယက္ခရုပံ ဝိမာနိတုံ။
    ပဏ္ဍာသာဓိကေနသတ္တ၊
    သတေန ယက္ခမာနိတံ။ ။

၂၁/၂၂

| | |
|---|---|
| သိပ္ပိကာနံ၊ | လက်သမား၊ အင်ဂျင်နီယာ၊ ပန်းရံဆရာတို့၏။ |
| ဝိနာယကော၊ | ခေါင်းဆောင်အကျော်၊ ဆရာတော်ဖြစ်သော။ |
| ဂန္ဓာရီ ဝိဇ္ဇာဓရောတု၊ | ဂန္ဓာရီတတ်ကျွမ်း၊ ဝိဇ္ဇာလမ်းဖြင့်၊ ဖြတ်သန်းရောက်လာ ယင်းဆရာသည်ကား။ |
| ကြည့်မြင်တိုင် ပဒင်းတန်းဒေသံ၊ | ကြည့်မြင်တိုင်မြို့နယ်၊ ပဒင်းတန်းရပ်ကွက်သို့။ |
| ဂန္ဓာန၊ | လုပ်ငန်းအတွက် ကြွရောက်လျက်သာလျှင်။ |
| သေလမာနိတံ၊ | ရုပ်လုံးရုပ်တု၊ အမျိုးမျိုးထုသော ရုပ်တုဆရာကို။ |
| ယက္ခရုပံ၊ | ဘုရားစောင့်အထူး၊ ကျောက်ဘီလူးကို။ |
| ဝိမာနိတုံ၊ | ဉာဏ်သွင်းမယုတ်၊ ဖန်ဆင်းထုလုပ်ခြင်းငှာ။ |
| ယဒိစ္ဆကံ ဝဏ္ဏံ၊ | ကြိုတင်ကြံဖန်၊ လိုချင်သောပုံစံကို။ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ဝတ္ဗာ၊ | ချိန်းချက်စကား၊ ပြောဆိုမှာကြား၍။ |
| ပဏ္ဏာသာဓိကေန | |
| သတ္တသတေန၊ | ခုနစ်ရာကျော်လတ်၊ ငါးဆယ်ကျပ်ဖြင့်။ |
| ယက္ခမာနိတံ၊ | ဘုရားစောင့်အထူး၊ ကျောက်ဘီလူးကို၊ နည်းထူး သတ်မှတ်၊ ချီးကျူးလတ်အောင်၊ ထုအပ်စေခဲ့လေပြီ။ |

၂၃။ ဒတွာ အနုစတုသတံ၊
သေသ မူလံ ဂဟီတသ္မိံ။
ဝုတ္တမာနောပိ သောထေရော၊
နာဂတောဝ ယထာကတံ။ ။

| | |
|---|---|
| အနုစတုသတံ၊ | စရန်သတ်မှတ်၊ သုံးရာ့ငါးဆယ်ကျပ်ကို။ |
| ကတိကေန၊ | သဘောတူစာချုပ်၊ ချုပ်ဆိုလတ်၍။ |
| ဒတွာ၊ | ကြိုတင်အနေ၊ ပေးခဲ့ပေ၍။ |
| သေသ မူလံ၊ | ကျန်ငွေသတ်မှတ်၊ လေးရာကျပ်ကို။ |
| ယက္ခရူပေ၊ | ဘုရားစောင့်အထူး၊ ကျောက်ဘီလူးကို။ |
| ဂဟီတသ္မိံ၊ | လက်ခကန်ကျွေး၊ အကုန်ပေး၍၊ ရွေးသောအခါ၌။ |
| ဂဏှာဟိ၊ | ယူပေလော့။ |
| ဣတိ၊ | ဤသို့။ |
| ဝုတ္တမာနောပိ၊ | ပြောဆိုမှာကြား၊ အပ်နှံထားခဲ့ပါသော်လည်း။ |
| သောထေရော၊ | ထိုဝိဇ္ဇာဓိုရ်မဟာထေရ်ဆရာသည်။ |



| | |
|---|---|
| ယထာကတံ၊ | ဘီလူးပုံထုတ်၊ ကျောက်ထုရုပ်ကို၊ ထုလုပ်၍ပြီးစီးသည့်တိုင်အောင်။ |
| နာဂတောဝ၊ | လက်ကျန်အကြွေး၊ လာမပေးဘဲ၊ မရွေးတော့သည်သာလျှင်တည်း။ |

၂၄။ သောဟိယက္ခော အဂ္ဂဟိတော
အကာလေ အနုရတ္တိယံ
တံဂေဟေ သေလကတဿ၊
ဝိရူပေါ် လောဟိတကက္ခိ ဘော ။ ။

| | |
|---|---|
| ဘော၊ | အိုအချင်းတို့ |
| ဟိ၊ | ထွင်းထုပြီးလျှင် ဘီလူးမင်း၏ ထန်ပြင်းအဟုန် ခြောက်လှန့်ပုံကို ပြဆိုပါဦးအံ့။ |
| အဂ္ဂဟိတော၊ | ဝိဇ္ဇာဓိုရ်ဆရာ မယူလာသော။ |
| သောယက္ခော၊ | ထွင်းထုပြီးလျှင် ထိုဘီလူးမင်းသည်။ |
| အကာလေ၊ | လူခြေတိတ်၍ ဆိတ်ငြိမ်လှစွာသော |
| အနုရတ္တိယံ၊ | သန်းခေါင်ထက်ဝယ်၊ ညဉ့်နက်ချိန်ခါ ရောက်ရှိရာ၌ |
| သေလကတဿ၊ | ရုပ်လုံးရုပ်တု အမျိုးမျိုးထုသော ကျောက်ထုဆရာ၏။ |
| တံဂေဟေ၊ | ထိုနေအိမ်၌။ |
| ဝိရူပေါ်၊ | ခြောက်လှန့်သောဟန်၊ ဖောက်ပြန်သောအသံ ရှိသည်ဖြစ်၍။ |
| ဘာယိတော၊ | ကျောက်ဆစ်ဆရာအိမ်၊ မငြိမ်မသက်၊ ကြောက်မက်ဖွယ်ဖြစ်၍။ |

www.burmeseclassic.com

www.burmeseclassic.com



**လောဟိတက္ခိ၊** နေဝင်ခါဆီ နေလုံးနီသို့ အလွန်နီရဲ ကြောက်လန့်ဖွယ်သော မျက်လုံးအစုံ ရှိသည်။

**အဟောသိ၊** ဖြစ်ခဲ့လေပြီ။

၂၅။ တသ္မာဘီတော သေလကတော၊
အဝီသဟောဝ ဂေဟာသို့။
ဦးကြင်သန္တိကံ အာဂမ္မ
ပဟိဏိ စေတိ ယင်္ဃော။ ။

**တသ္မာ၊** ထိုသို့အထူး ကျောက်ဘီလူး၏ ကြောက်လန့်ဖွယ်ရာ ခြောက်လှန့်ခဲ့ပါသောကြောင့်။

**သေလကတော၊** ရုပ်လုံးရုပ်ထု၊ ထွင်းထု၍စား၊ ကျောက်ဆစ်သမားသည်။

**ဘီတော၊** တုန်လှုပ်ခြောက်ခြား၊ ကြောက်လန့်တကြား ဖြစ်၍။

**ဂေဟာသို့၊** သားငယ် သမီးငယ်၊ ဇနီးသည်နှင့်၊ သွယ်သွယ်များပြား နေငြားလေရာ မိမိအိမ်ဂေဟာ၍။

**ထေရဿ၊** ဂန္ဓာရီတတ်ကျွမ်း၊ ထေရ်ရဟန်း၏။

**ယာဝဂဟိတံ၊** စာချုပ်အပါ၊ ကတိစာဖြင့် ယူလာသည်တိုင်အောင်။

**ဌပိတုံ၊** ကျောက်ရုပ်ဟာပဲ၊ စိတ်မှာစွဲ၍၊ ထားမြဲထားခြင်းငှာ။



**အဝီသဟောဝ၊** ကြက်သီးမွေးညင်း၊ ထခွင်ကြောက်ရွံ့၊ စိတ်မှာတွန့်၍ မဝံ့တော့သည်သာလျှင်တည်း။

**တံသေလယက္ခံ၊** ထိုဂဏာမငြိမ် အိမ်မှာခြောက်ဖူး၊ ကျောက်ဘီလူးကို။

**ဦးကြင်သန္တိကံ၊** ဘုရားဒကာမှန်၊ ဦးကြင်ထံသို့။

**အာဂမ္မ၊** ဆိုင်းလဲမပါ၊ ဗုံလဲမဆင့်၊ ဗလာပင့်၍။

**စေတိယင်္ဃော၊** ကိုးထပ်ကြီးဘုရားရင်ပြင်တော်ပေါ်၌။

**ပဟိဏိ၊** အိမ်မှာထားရန် ကြောက်လန့်ဟန်ကြောင့် အမြန်ပင် ပို့ခဲ့လေပြီ။

၂၆။ တံ စတုသတံ ဂဏှိဿံ၊
ဣစ ထေရေ ပုနာဂတေ။
ဥဇ္ဈာရာရုဠှာယ ဝါမံ၊
ဌပိတံ ယက္ခရူပကံ။ ။

**ဣစ=ဣမသို့၊** ကိုးထပ်ကြီးဌာနေ၊ ဤ ကိုးထပ်ကြီးဘုရားသို့။

**ထေရေ၊** စရံပေးလျက်၊ နှုတ်မြွက်အပ်သွား၊ ဆရာဘုရားသည်။

**ပုနာဂတေ၊** ဤသို့တစ်ဖန်၊ ပြန်၍လာသည်ရှိသော်။

**တံသေသစတုသတံ၊** ထိုကျန်ငွေရစရာ၊ ငွေလေးရာကို။

**ဂဏှိဿံ၊** ယူပါတော့အံ့။

**ဣတိဝတွာ၊** ဤသို့အာလယမကင်း၊ ပြောဆိုလျှင်း၍။

www.burmeseclassic.com



**ဥတ္တရာသာဠှာယ၊** ဒိသာမြောက်ဘက်၊ စောင်းတန်းအတက် ၏။

**ဝါမံ=ဝါမသ္မိံ၊** လက်ျာဆန့်ကြင်၊ လက်ဝဲရင်ပြင်၌။

**ယက္ခရူပကံ၊** ဘုရားစောင့်အထူး၊ ကျောက်ဘီလူးကို။

**ဌပိတံ၊** ငဲ့ကွက်ခြင်းကင်း၊ ကြောက်ရွံ့ခြင်းဖြင့်၊ အတင်းပင် ထားခဲ့လေပြီ။

၂၇။ ရက္ခကော သော သေလယက္ခော

ဣဒါနိ ပန ဂူဟာ သ္မိံ။

ဦးကျော်မြင့်တိ ဂေါပကေန၊

ဂူဟံ ကတွာန ပူဇိတော။ ။

**သောသေလယက္ခော၊** ထိုဘုရားစောင့်အထူး၊ ကျောက်ဘီလူးကို။

**ဦးကျော်မြင့်ဂေါပကေန၊** ဦးကျော်မြင့်နှင့် မလင့်ပါရမီ၊ ဆင့်ကာမှီ၍၊ တူညီမပျက်၊ လိုက်ဖက်တာသိရ်၊ ဒေါ်တင်စိန်သည်။

**ဂူဟံ ကတွာန၊** အုဌ်ဂူတစ်ရပ်၊ သတ်မှတ်အနေ၊ ပြုလုပ်ပေ၍။

**သမ္ပဇနာနံ၊** ယုံကြည်ကိုးစား၊ အားထားလိုမှု၊ သူသူငါငါ၊ များတကာတို့၏။

**အတ္တာယစ၊** လောကီဆတိုး၊ စီးပွားမျိုးဖြင့်၊ အကျိုးများပါ စေခြင်းငှာလည်းကောင်း။

**ဗုဒ္ဓဿ၊** အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီး နာမဘွဲ့တော်သဘော မြတ်စွာဘုရားကို။



**ရက္ခနတ္တာယစ၊** ရန်စွယ်အမှောက်၊ အမှန်တကယ် ပျောက်အောင် စောင့်ရှောက်ပါစေခြင်းငှာ လည်းကောင်း။

**ပူဇိတော၊** သဒ္ဓါစေတ်ပေါ်၊ စိတ်ထားတော်၍၊ ပူဇော်အပ်လေပြီ။

၂၈။ သဒ္ဓါယုပ ဂမနာ တေ၊

ကေစိ ယက္ခဿ ပူဇကာ။

မံသေန အနဂ္ဃေနစ၊

ငါးသုံးလုံး စီကရေနစ ။ ။

၂၉။ ဥဏှိသံ ဝေဠှနာ ဒိနာ၊

တံ ဝန္ဒိတွာ ခမာပိကာ။

ဣစ္ဆိတိစ္ဆိတံ ပူရေန္တိ၊

လဘန္တိ သုခ သမ္ပဒါ ။ ။

(၂၈/၂၉)

**သဒ္ဓါယုပဂမာန၊** ယုံကြည်မှုသဒ္ဓါ၊ ပြည့်စုံစွာဖြင့်၊ လာရောက်ချဉ်းကပ်ကြကုန်သော၊

**ကေစိ၊** အချို့ကုန်သော။

**ယေယေ၊** အကြင် အကြင်သူတို့သည်။

**ယက္ခဿ၊** ဘုရားစောင့်အထူး၊ ကျောက်ဘီလူးအား။

**မံသေနစ၊** အမဲနွားသား၊ ပိဿာအားဖြင့် လည်းကောင်း၊

**အနဂ္ဃေန၊** တန်ဖိုးဈေးအား၊ အလွန်များသော။

**ငါးသုံးလုံးစီကရေနစ၊** ငါးသုံးလုံးအထူး၊ စီးကရက်ဘူးဖြင့် လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



**ဥဏှီသံ=ဥဏှီသေစန၊** မကိုင်ရှိသင်းကျစ်၊ ဥသျှောင်အစစ်ဖြင့် လည်းကောင်း၊
**ဝေဌနာဒိနာစ၊** ဦးရစ်ခေါင်းပေါင်း စသည်ဖြင့် လည်းကောင်း။
**တံ–ယက္ခံ၊** ထိုဘုရားစောင့်အထူး၊ ကျောက်ဘီလူးကို။
**ဝန္ဒိတွာ၊** ဦးညွှတ်ရှိကျိုး၊ ရှိခိုးကန်တော့၍။
**ပူဇာကာ၊** လေးမြတ်ကော်ရော်၊ ပူဇော်လေ့ရှိကြကုန်၏။
**ခမာပိကာ၊** တောင်းပန်ခယ၊ ကန်တော့ကြကုန်၏။
**တေတေ၊** ထိုထိုသူတို့သည်။
**ဣစ္ဆိတိစ္ဆိတံ၊** ရောင်းဝယ်ဖောက်ကား၊ စသည်များစွာ၊ လိုရာရာကို။
**ပူရေန္တိ၊** ပြည့်စုံကြကုန်၏။
**သုခသမ္ပဒါ=သုခသမ္ပဒါနိ၊** ချမ်းသာသုခ အဝဝနှင့် စစကုန်လုံ၊ ပြည့်စုံပေပြား၊ အကျိုးတရားတို့ကို။
**လဘန္တိ၊** လက်ငင်းချက်ချင်း၊ ပက်ပင်းမုချ၊ ရရှိကြလေကုန်၏။

၃၀။ ယေ ပူဇံ ဒိဋ္ဌံ လဘန္တိ၊
ဝေ ကိရ ဝဒန္တိ တေ။
ယက္ခောသော မံ သင်္ဂဏှာတိ၊
ယက္ခောမေ အနုကမ္ပကော။ ။

**ယေယေ၊** အကြင် အကြင်သူတို့သည်။
**ယက္ခသာ၊** အဖိုးအနဋ္ဌ၊ တိုးတက်ရအောင်၊ ကျိုးဆက်ပြသား၊ ဖိုးယက္ခအား။



**ပူဇံ ပူဇာယ၊** ပန်းကုံး၊ စီးကရက်၊ ယုံကြည်ချက်နှင့်၊ ဆက်လက်မငြီး၊ ဆီမီးလျှံထိန်၊ စမြိန်ဒန်ပေါက်၊ ထံမှောက်ဝပ်စင်း၊ ပူဇော်ခြင်းဖြင့်။
**ဒိဋ္ဌံ၊** လူ့ဘဝအားလုံး၊ သုခပွားတိုး၊ ဒိဋ္ဌဓမ္မအကျိုးကို။
**လဘန္တိ၊** မုချမသွေ၊ ရရှိကြလေကုန်၏။
**တေတေ၊** ချမ်းသာသုခ၊ ရရှိကြသူ၊ ထိုထိုသူတို့သည်။
**သောယက္ခော၊** အဖိုးအနဋ္ဌ၊ တိုးတက်ရအောင်၊ ကျိုးဆက်ပြသ၊ ထိုဘိုးယက္ခသည်။
**မံ၊** ငါ့ကို။
**သင်္ဂဏှာတိ၊** သိသာပြီးမြောက်၊ ခရီးရောက်အောင်၊ ချီးမြှောက်မ,စ၏။
**သောယက္ခော၊** အဖိုးအနဋ္ဌ၊ တိုးတက်ရအောင်၊ ကျိုးဆက်ပြသ၊ ထိုဘိုးယက္ခသည်။
**မေ မမ၊** ငါ့အား။
**အနုကမ္ပကော၊** အစဉ်သဖြင့် အဆင့်သင့်အောင် စောင့်ရှောက်၏။
**ဝေ၊** ဤသို့။
**ဝဒန္တိကိရ၊** ကိုယ်တွေ့သဘော၊ လိုသရွေ့နှော၍၊ ပြောဆိုကြလေကုန်သတဲ့။

ယင်းကဲ့သို့ ဖော်ပြခဲ့သည့်အတိုင်း ယနေ့တိုင်အောင် ဦးယက္ခသည် တန်ခိုးထွားလျက် ရှိနေပေသည်။ ပူဇော်ပသသူများ မပြတ်မလပ်အောင်ပင် ပေါ်များလှ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တစ်ခြား ပူဇော်ပသသူများ တိုး၍တိုး၍နေသည်ကို တွေ့မြင်ရ၏။

မည်သူ တစ်စုံတစ်ယောက်ကမှ သွေးဆောင်၍ ပေးအောင် ပြောပြရခြင်းမရှိပေ။ သူတို့ရဲ့ ယုံကြည်ချက်ဖြင့် ပူဇော်ပသနေကြခြင်း ဖြစ်ပေ၏။ တစ်ချို့များ ဦးယက္ခရယ် ဘာရယ်ဟူ၍ အထူးမသိကြ။ ထူးဆန်းသော ဂုနန်းဖြစ်၍ ဝင်ရောက်အမိဋ္ဌာန်လျှင် ညဦးအမိဋ္ဌာန် လျှင် နံနက်ခါရောက် အောင်မြင်သည်ဟုပင် ကိုယ်တွေ့ဖြစ်သူများက ပြန်၍ပြောပြနေသည်ကို တွေ့ကြရသည်။

## ဘုရားတည်စ ဦးယက္ခ

ဖြစ်လည်း ဖြစ်နိုင်လောက်သည်။ ဦးယက္ခသည် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား တည်စကပင် ဝိဇ္ဇာမိုရ်ရှိအစီအမံဖြင့် အပ်နှံ၍ထားခဲ့ခြင်း ဖြစ်သည်။

ဦးယက္ခကို ဘုရားစောင့်အဖြစ် ၇၅ဝိ/- ကျပ်နှင့် လက်ခံ၍ ထုလုပ်ပေးခဲ့သည်။ ၃၅ဝိ/ ကျပ်သာ စရံပေး၍ ကျန်ငွေ ၄ဝဝိ/- ကျပ်ကို ရွေးယူသောအခါမှပေးမည်ပြော၍ လာမရွေးတော့ပဲ ထားခဲ့ ခြင်းဖြစ်သည်။

## မည်သူ့အသက်သွင်းသနည်း

ဦးယက္ခသည် ထူးပေဆန်းပေသည်။ သန်းခေါင်ထက်ဝက်၊ ညဦ့နက်သောအခါ ကမ္ဘသိဒ္ဓိမျိုး တန်ခိုးပြလေသည်။ ချိုးချိုးချွတ်ချွတ် အသံများကြားနေရသည်။ မီးဖွင့်ကြည့်လျှင် ဘာမျှမတွေ့ရပေ။ တစ်အိမ်လုံး ပြောင်းဆန်အောင် ခြောက်ခြားစေသည်။



ညနေစောင်း နေဝင်ခါနီးအခါ နီရဲသောနေလုံးကြီးကဲ့သို့ ၎င်း၏ မျက်လုံးကြီးများ နီရဲ၍လာသည်ကို ကြောက်မက်ဖွယ်ရာ မြင်တွေ့ ကြရသည်။

ကျောက်ဆစ်ဆရာ မိသားစုသည် အထိတ်တလန့် ကြောက်ရွံ့ တုန်လှုပ်လျက် နံနက်လင်းသောအခါ မိမိအိမ်၌ မထားရဲတော့ဘဲ ကိုးထပ်ကြီးဘုရားရင်ပြင်တော်ပေါ်သို့ ဘုရားဒကာ ဦးကြင်ထံ အမြန် အပ်နှံ၍ ထားခဲ့ရသည်။ ဤသည်ကား ဘုရားစောင့်အထူး ကျောက် ဘီလူး၏ ထူးခြားပုံ ဖြစ်လေသည်။

## ပုဂံရာဇဝင်

ကောဇာသက္ကရာဇ် ၂၉၃ ခုနှစ်က ဖြစ်သည်။ ပုဂံမင်းဆက် များတွင် သမုဒ္ဒရာဇ်မင်းမှစ၍ ရေတွက်လျှင် ၃၈ ယောက်မြောက်၊ ပုပ္ပါးစောရဟန်းမှစ၍ ရေတွက်လျှင် ၁၈ ယောက်မြောက်မင်းသည် တောင်သူကြီးမင်း ဖြစ်သည်။

ယင်းကိုပင် နတ်တော်ကျောင်းဒကာ မင်းချမ်းသာမင်း ဟူ၍ လည်းကောင်း၊ တောင်သူကြီးမင်းဟူ၍ လည်းကောင်း၊ ညောင်ဦး စောရဟန်းမင်းဟူ၍ လည်းကောင်း ခေါ်စမှတ်ပြုကြသည်။

## မင်းဖြစ်ပုံနှယ် လွန်ဆန်းကြယ်

တောင်သူကြီးမင်း-မင်းဖြစ်ပုံကား (ကမ္မဝိပါကော အစိန္တေယျော) ဟူသည်နှင့်အညီ ကံအကျိုးပေး ဆန်းကြယ်ပေစွ။ တောင်သူကြီးမင်း သည် မင်းမျိုးမင်းနွယ်မဟုတ်ဘဲနဲ့ တောင်သူဘဝကနေ မင်းဖြစ်ရ၏။ ထို့ကြောင့် "မရှယ်ဘဲ စော်ကဲမင်းဖြစ်" ဟူ၍ ဥဒါန်းတစ်ရပ်တွင်၍ ကျန်ရစ်ခြင်းဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## သခွါးခင်းမှ မင်းဖြစ်ရ

ပုဂံမင်းတို့တွင် သိန်းခိုမင်းသည် တောကစားထွက်ရာတွင်မှ မင်းပရိသတ်နှင့်ကွဲ၍ တစ်ယောက်တည်းဖြစ်ခိုက် ဆာလောင်မွတ်သိပ်ခြင်း ပြင်းပြသဖြင့် ယာခင်းထဲမှာ တွေ့ရှိရသည့် သခွါးပင်မှ သခွါးသီးများကို ပိုင်ရှင်ဖြစ်သူထံ မတောင်းခံဘဲ ခူးဆွတ်စားမိလေ၏။

ယင်းအဖြစ်ကို ယာခင်းရှင် တောင်သူကြီး မြင်သောအခါ ပိုင်စိုးပိုင်နင်း စားရကောင်းလားဟု စိတ်ကိုမထိန်းနိုင်တော့ပဲ မင်းအဖြစ်ကို မသိ၍ တူရွင်းနဲ့ရိုက်သောကြောင့် ထိုနေရာ၌ပင် စုတေရလေ၏။

**မှတ်ချက်** ။ ။ *တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူဖြစ်ပါလျက် ပိုင်ရှင်ဖြစ်သူအား မတောင်းခံမိဘဲ ဆာလောင်မွတ်သိပ်မှုကို သည်းမခံနိုင်၍ မဆင်မခြင် စားသုံးမိသောကြောင့် ပရူပဃာတ ဥပစ္ဆေဒကကံဖြင့် အသေဆိုးသေရခြင်းသည် ရာဇဝင်ရိုင်းလေစွ။ ထို့ကြောင့် အများဗိုလ်လူ ခပ်သိမ်းသောသူများသည် သူတစ်ပါးပစ္စည်းများကို တောင်းခံရယူခြင်း၊ ဝယ်ယူခြင်း စသော တရားသောနည်းလမ်းဖြင့် ရရှိမှသာ စားသုံးခြင်း ပြုသင့်ကြပေသည်။*

ထိုအခါ သိန်းခိုမင်း၏ မြင်းခံသည် သိန်းခိုမင်းကွယ်လွန်ပြီးမှ အခင်းဖြစ်ပွားသော နေရာသို့ ရောက်ရှိလာ၍ တောင်သူကြီးအား ဤသို့ပြောဆိုလေ၏။ "ဟယ် . . . တောင်သူကြီး၊ ငါတို့ အရှင်ကို အဘယ့်ကြောင့် ရိုက်ရသနည်း" ဟု ပြောဆို၏။

"နင့်သခင်သည် ငါ့သခွါးသီးကို ငါမပေးဘဲ စားဘိသည်။ မရိုက်ဘဲ ရှိတော့မည်နည်း"

**မှတ်ချက်** ။ ။ *မြင်းခံဟူသည် မြင်းထိန်းကို ခေါ်သည်။*

ထိုအခါ မြင်းခံက "ဟယ် . . . တောင်သူကြီး၊ မင်းကို သတ်သောသူသည် မင်းပြုရမြဲဖြစ်သည်။ ထို့ကြောင့် နေပြည်တော်သို့လိုက်၍ မင်းပြုရမည်"



ထိုအခါ တောင်သူကြီးသည် . . .

"ဒီနှစ် ငါ့သခွါးပင်များသည် ခွေးမကြီးရဲ့နို့ကို ခွေးကလေးများစို့ဘိသကဲ့သို့ ပွတ်ခဲနေအောင် သီးဘိသည်။ ငါ မင်းမလုပ်လို" ဟု ငြင်းပယ်လေသည်။

"ဟယ် တောင်သူကြီး၊ နင် မင်းဖြစ်လျှင်၊ သခွါးခင်းကိုလည်း နင်ပိုင်ရမည်၊ မင်းစည်းစိမ်ကိုလည်း နင်သာခံစားရမည်။ မင်း၏ စည်းစိမ်မည်သည်ကား အလွန်ပင်ချမ်းသာကြီးစွ၊ တော်ရုံတန်ရုံသူမျိုး ရနိုင်သောအရာမဟုတ်ချေ၊ အဝတ်ကောင်း၊ အစားကောင်း၊ ရွှေငွေ ဆင်မြင်း၊ ကျွန်သင်းဆိတ်ဝက်၊ ဘဲကြက်ကျွဲနွား၊ စပါး ဆန်ရေလည်း များလှစွာ၏" ဟု မြင်းခံမှ အမျိုးမျိုးပြောကြား ဖြားယောင်းလှည့်ပတ်ပြီးလျှင် မင်းဝတ်တန်ဆာဝတ်ဆင်လျက် မင်းစီးသောမြင်းနှင့် နေပြည်တော်သို့ ဆောင်ယူခဲ့လေ၏။

နန်းတော်သို့ ရောက်သောအခါ နန်းတော်လှေကားရင်းတွင် ထားခဲ့၍ အကြောင်းဥသုံ အလုံးစုံကို နန်းတော်မိဖုရားကြီးအား လျှောက်တင်လေသည်။

နန်းမတော် မိဖုရားကြီးသည် မြင်းခံကို ပညာရှိလှ၏ဟု ချီးမွမ်းစကားပြောကြား၍ မင်းကြီး မရှိပြီဟု သတင်းစကား ပေါက်ကြားသွားလျှင် သူမင်းပြုချင်၊ ငါမင်းပြုချင်၊ အချေအတင် ငြင်းဆို လုယက်သဖြင့် ပြည်ထဲရေး မငြိမ်မသက်ဖြစ်ရာသည်ဟု ဆင်ချင်စဉ်းစားပြီးသော် တောင်သူကြီးကို နန်းတော်ထက်သို့တင်လျက် ဆံမုတ်ဆိတ်တို့ကို ကောင်းစွာပြုပြင်ပြီးမှ အမွှေးနံ့သာ အထုံရည်တို့ဖြင့် ကြေးညှင်းတွန်းစေလျက် မင်း၏ အဆောင်အယောင် အခမ်းအနားတိတ်တဆိတ် ကျင်းပပေးသည်။

မင်းတို့၏ အမူအယာ၊ အပြောအဆိုတို့ကို လေ့ကျင့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လေ့ကျင့်ပေးနေသောရက်များ အတောအတွင်းမှာ ရွှေနန်းသခင် အရှင်မင်းကြီး တောကစားရာမှအပြန် ကိုယ်လက်မခန့်မကျန်းဖြစ်၍နေသည်ဟူ၍ ကြေငြာလျက် . . .

အတွင်းလူ အပြင်မထွက်ရ၊ အပြင်လူ အတွင်းမဝင်ရ ဟူ၍ အမိန့်ထုတ်ထားလေသည်။

## မိဖုရားငယ် မချေငံ၊ သေွးပွက်ပွက်အန်

ထိုကဲ့သို့ ပြုလုပ်ပေးနေသော ရက်အတွင်းမှာ မိဖုရားငယ်တစ်ယောက်သည် တောင်သူကြီးအား ဤသူသည် တို့ရဲ့အရှင် သိန်းခိုမင်းမဟုတ် "တောင်သူကြီးပါတကား" ဟု မထေမဲ့မြင် မခန့်မငြားပြောမိလေ၏။

တောင်သူကြီးသည် "ဤကျွန်မကို ဘယ်သူထောင်းအံ့နည်း" ဟုဆို၏။ ထိုအခါ နန်းတော်တံခါးဝယ်ထားသော ကျောက်ဘီလူးရုပ်ကြီးသည် ပြေးတဲ့၍ မိဖုရားငယ်အား ထောင်းသောကြောင့် ယင်းမိဖုရားငယ်သည် သွေးအန်၍ မချိမဆန့်ခံရလေသည်။

ထိုကဲ့သို့သောဖြစ်ရပ်ကိုမျက်မြင်ကိုယ်တွေ့ဖြစ်သော နန်းတွင်းသူနန်းတွင်းသား အားလုံးတို့သည် အလွန်လျှင် ကြောက်ရွံ့ရိုသေလေးစားခြင်း ရှိကြကုန်သည်။

ဤနည်းအားဖြင့် ခြောက်ရက်မြောက်သို့ ရောက်သောကာလ . . .

"မင်းကြီး၊ နက်ဖန်ခါ ထွက်တော်မူမည်၊ မှူးမတ်ကလန်သံပျင်တစ်ယောက်မကြွင်း အတွင်းတော်သို့ဝင်စေ" ဟု မောင်းကြေးနင်းခတ်၍ ခုနစ်ရက်မြောက် မိုးသောက်သို့ရောက်သော် မည်သူမလာ၊ မည်သူလာဟု မိဖုရားကြီးကိုယ်တိုင် စစ်ကြောစီရင်၍ ညီညွတ်ပြီးသောအခါ



ဥကင်တံခါးကို ရုတ်ခြည်းဖွင့်လိုက်လေသည်။ ဗိုလ်ပါ ပရိသတ်တို့သည် အလျင်အမြန် လက်အုပ်ချီလျက် ဦးတိုက်ကြရကုန်၏။

ယင်းဗိုလ်ပါပရိသတ်တို့တွင် အမတ်ကြီးတစ်ယောက်သည် . . .

"ဤသူသည် ငါတို့အရှင် သိန်းခိုမင်းမဟုတ်၊ ရှင်မိဖုရားတို့သည် ငါတို့မှူးကြီးမတ်ရာကိုမျှ မတိုင်ပင် ကိုယ်လိုရာကိုယ်ပြုလေသည်" ဟု အပြစ်တင်စကားပြောလေလျှင် တောင်သူကြီးမင်းသည် . . .

"ဤကျွန်ယုတ်ကို မည်သူထောင်းအံ့နည်း" ဟုဆိုလျှင် ယခင်နည်းအတိုင်း နန်းတော်တံခါးတွင်ထားသော ကျောက်ဘီလူးရုပ်ကြီးသည် ပြေးတည့်၍ ပြောဆိုသော အမတ်ကြီးအား ထောင်းသဖြင့် အပြစ်ပြောသော အမတ်ကြီးသည် နေရာ၌ပင် စင်းစင်းသေလေသည်။

ထိုဖြစ်ရပ်ကို မြင်တွေ့ကြရသော မှူးမတ်ကလန်၊ သံပျင် အစရှိသော ပြည်သူပြည်သားအားလုံးတို့သည် အလွန်လျှင် ကြောက်ရွံ့ခန့်ငြား ရှိကြလေကုန်၏။

"သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်လာ၊ သူတစ်ယောက်မှာ ပျက်လင့်ကာသာ၊ ဓမ္မတာတည့်" ဟူသော အနန္တသူရိယအမတ်ကြီး၏ စကားကို သတိထားသင့်ပေသည်။ ထိုမင်းသည်-

၁။ နတ်တော်ကျောင်းဒကာ မင်းချမ်းသာ

၂။ တောင်သူကြီးမင်း

၃။ ညောင်ဦးစောရဟန်းမင်း ဟူ၍ အမည်သုံးမျိုး ခေါ်ဆိုကြလေသည်။

ထိုမင်းနန်းစည်းစိမ် (၃၃) နှစ်ရှိလတ်သော် . . .

ကျောင်းဖြူမင်း သို့မဟုတ် ကွမ်းဆော်မင်းဖြစ်မည့် မင်းလောင်းအား သိကြားမင်းသည် သူအိုယောင်ဆောင်၍ လာပြီးလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com



"အမောင်၊ ငါစီးသော မြင်းကို ပုဂံသို့ ယူဆောင်သွားစမ်းပါ၊ ငါသည် ဤနေရာတွင် ပြုဖွယ်ကိစ္စ ရှိနေသေးလို့" ဟု ပြောလာ၏။

မင်းလောင်းဖြစ်သော ကွမ်းဆော်သည် (မိမိကိုယ်ကို မင်းလောင်း အဖြစ်ကို မသိ၍) "ကျွန်ုပ်သည် မင်းလောင်းကို ကြည့်မိအောင် သွားရပါမည်၊ အဖိုးရဲ့မြင်းကို မဆောင်နိုင်ပါ" ဟု ငြင်းပယ်၏။

**သိကြားမင်းအဖိုးအို** ။ ။ "အမောင်၊ လူချည်းသွားရသောထက် မြင်းကိုစီး၍ သွားရသော် ခရီးမတွင်ပါလော့" ပြော၍ "ဤမြင်းကိုစီး၊ ဤပတ္တမြားဥသျှောင်ကိုဆောင်း၊ ဤပတ္တမြားလက်စွပ်ကိုဝတ်၊ ဤသီလဝံသစားနှင့် အရိန္ဒာမာလှံတို့ကို စွဲကိုင်လျက်သွားပါ။ ငါမမီလာလို့ ရှိလျှင်လည်း နန်းတော်မင်းရင်ပြင်သို့တိုင်အောင် သွားနှင့်ပါ" ဆို၍ ပေးလိုက်သည်။

## ကျောက်ဘီလူးကတွန်း၍ ဥွန်းပြန်ကျ

မင်းလောင်းဖြစ်သော ကွမ်းဆော်သည် ဤသို့တိုင်အောင် ကိုယ့်ကိုယ်ကို မင်းလောင်းမှန်း မသိသေးပါ။

ထို့ကြောင့် မင်းလောင်းလာသည်ကို စိတ်ဝင်တစားဖြစ်၍ ကြည့်မိအောင် သွားမည်ဟု မြင်းကိုအပြင်းဒုံးစိုင်း၍ လာသည်ကို မှူးမတ်ကလန်၊ သံပျင်အစရှိသော ပြည်သူပြည်သားအပေါင်းတို့မြင်လျှင် -

မင်းလောင်းကား ဤသူပင်ဖြစ်သည်ဟု ဦးတိုက်၍ အရိုအသေ ပြုကြလေကုန်၏။

ထိုအခါ မင်းလောင်းဖြစ်သော ကွမ်းဆော်သည် မင်းလောင်း ဟူသည်ကား တခြားမဟုတ်၊ ငါပင်ဖြစ်တော့သည်။ စကြမ်းပင်စောင့် နတ်သည်လည်း ရှေးမဆွကပင် ကြိုတင်၍ ငါ့ကို မင်းဖြစ်မည်ဟု ကိုယ်ထင်ရှားပြ၍ ပြောဆိုဖူးသည်ကို နှလုံးပိုက်၍ ရဲဝံ့စွာပင် နန်းတော်တွင်းသို့တိုင်အောင် မြင်းစီး၍ဝင်လေ၏။



လက်ရှိဖြစ်သော တောင်သူကြီးမင်းခေါ် ညောင်ဦးစောရဟန်း မင်းသည် "ငါသို့သောမင်း ထင်ရှားရှိလျက် အဘယ်မည်သော မင်းလောင်း ပေါ်ရမည်နည်း" ဟု နန်းတော်ဦးကရပ်၍ ပြောဆို ကြုံးဝါးလေသည်။

ထိုရောအခါ "နန်းတော်တံခါးဝတွင်ထားရှိသော ယခင် ကျောက် ဘီလူးရုပ်သည် တွန်းလှန်ချသောကြောင့် ဦးစောက်ဥွန်းပြန်ကျ၍ အနိစ္စရောက်လေ၏" ဟု တွင်းသင်းမြန်မာရာဇဝင်တွင် ဖော်ပြထား ပေသည်။

* မြင့်ကြွားမာန၊ တက်လွန်းကလည်း၊ လျှောကျနောက်ဆုံးရှိချေ၏။

## အရုပ် (၂) မျိုး

၁။ အသက်မဝင်သော အရုပ်။

၂။ အသက်ဝင်သော အရုပ်၊ (တစ်နည်းအားဖြင့် အစောင့်ရှိသော အရုပ်) ဟူ၍ နှစ်မျိုးနှစ်စားရှိလေသည်။

ထိုတွင် သက္ကရာဇ် ၂၉၃ ခုနှစ်လောက်က ပေါ်ပေါက်ခဲ့သော ပုဂံရာဇဝင် အလွန်ထင်ရှားသော အဆိုပါကျောက်ဘီလူးသည် (၂) နံပါတ်အမျိုးအစားဝင် အစောင့်အရှောက်နှင့် စီမံပြုလုပ်ထားသကဲ့သို့ -

ယခု ကိုးထပ်ကြီးဘုရား၏ ရင်ပြင်တော်တွင် ကျောက်ဘီလူး ဘိုးယက္ခသည် ဂန္ဓာရီတတ်ကျွမ်း၊ ဝိဇ္ဇာလမ်းနှင့် စီမံပြုလုပ်ထား သည်ဖြစ်သောကြောင့် (၂) နံပါတ်အမျိုးအစားဝင် အစောင့်အရှောက် ရှိကြောင်း လက်တွေ့ဖြစ်ရပ်များက သက်သေပြ၍နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## လက်ကျိုးခြေကျိုး အမှုတိုး

ဘိုးယက္ခ၏ ကမ္မဇိဒ္ဓိ တန်ခိုးနှင့် အကျိုးရှိမှု၊ ရောင်းဝယ်ဖောက်ကား၊ စီးပွားတိုးမှုများအား များပြားလှ၏။ လက်တွေ့အကျိုးခံစားရသူများ များစွာရှိပေသည်။

ထိုမှတစ်ဖန် အပြန်အားဖြင့် ကြည့်လျှင် ယုံကြည်ကိုးစားသူများ အကျိုးခံစားမှု ရရှိသလို . . .

ကိုးထပ်ကြီးရင်ပြင်တော်ပေါ်၌ ခိုက်ရန်ဒေါသ ဖြစ်ပွားမှု၊ ဆဲဆိုတိုင်းထွာမှု၊ ကျိန်ဆဲမှုစသည်ဖြင့် မသမာမှုများ ပြုလုပ်မိလျှင်လည်း ထိုသူများ၌ ခိုက်မိတိုက်မိ ဒဏ်ရာအနာတရဖြစ်မှု၊ သွေးထွက်သံယိုဖြစ်မှု လက်ကျိုးခြေကျိုး အရင်းအနှီးပြုတ်၊ ဆိုင်ပြုတ်၊ ရုံးပြင်ကန္နားရောက် အမှုပေါ်၍ အတော်ဆုံးရှုံးနစ်နာမှုများ ရှိကြသည်ကိုလည်း ကြားသိရပေသည်။

ထို့ကြောင့် သမိုင်းကျောက်စာ၌ . . .

၃၁။ သဒ္ဓါဒိတ္တေ ဂါရဝေန၊
ယက္ခေ ပူဇံ ကရောန္တိယေ။
တေ ကုတ္တိတေဝ လာဘန္တေ၊
ကုတာရေ ပန ဒုက္ခိတံ။ ။

| | |
|---|---|
| ယေ၊ | အကြင်သူတို့သည်။ |
| သဒ္ဓါစိတ္တေ–သဒ္ဓါစိတ္တေန၊ | ယုံကြည်အားကိုး၊ စိတ်ထားမျိုးဖြင့်။ |
| ဂါရဝေန၊ | လေးလေးစားစား၊ ဂါရဝအားဖြင့်။ |
| ယက္ခေ–ယက္ခသာ၊ | အဖိုးအနွှ၊ တိုးတက်ရအောင်၊ ကျိုးဆက်ပြသား၊ ဘိုးယက္ခအား။ |
| ပူဇံ၊ | ကြည်ဖြူပေးကမ်း၊ လှူဒါန်းပူဇော်ခြင်းကို။ |



| | |
|---|---|
| ကရောန္တိ၊ | သင်းကျစ်သရဖူ၊ ဝတ်လဲကူ၍၊ ကြည်ဖြူစွာ ပြုလုပ်ကြကုန်၏။ |
| တေ၊ | ထိုသူတို့သည်။ |
| ကုတ္တိတေ၊ | တောင့်တခြင်းရာ၊ လိုအပ်ရာကို။ |
| လာဘန္တေဝ၊ | လွယ်လင့်တကူ၊ ကယ်ပင့်ကူ၍၊ ရရှိပါသော်လည်း။ |
| ကုတာရေပန၊ | ယုံကြည်အားနည်း၊ သဒ္ဓါမဲ့၍၊ ဆဲရေးတိုင်းထွာ၊ ရိုင်းစိုင်းစွာပြုမူသောသူတို့သည်ကား။ |
| ဒုက္ခိတံ၊ | ကားမှောက်ကားတိုး၊ သွားကျိုး လက်ကျိုး၊ ခြေကျိုးထိခိုက်၊ မိုက်ပြစ်မိုက်ဒဏ်၊ ဆိုးကျိုးအတန်တန်ကို။ |
| လာဘန္တိ၊ | မုချအနေ၊ ဒုက္ခပေွအောင် ရရှိကြလေကုန်၏။ |

၃၂။ ဇဝံ ယင်္ဂေ ဌိတာသာ၊
အယျ ယက္ခသာ ကာရဏံ။
ဥဒ္ဒရိတွာ ပကာသေတွာ၊
ကတ္တုမ္ဗိ တသာ နိဋ္ဌိတံ ။ ။

| | |
|---|---|
| ဇဝံ ကုမိနာဝစနက္ကမေန၊ | ဤသို့လျှင် ရာဇဝင်ပုံပြင်၊ စုံလင်မရိုး၊ ဂဏန်းထိုး၍၊ အမျိုးမျိုးသော စကားအစဉ်ဖြင့်။ |
| ယင်္ဂယေ၊ | အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီး ဘုရားရင်ပြင်တော်ပေါ်၌။ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| **ဋ္ဌိတဿ၊** | တာဝန်တစ်ရပ်၊ ချမှတ်အပ်သော။ |
| **ဗုဒ္ဓပါလကဿ၊** | ဘုရားစောင့်အထူး၊ ကျောက်ဘီလူး ဖြစ်သော။ |
| **အယျုယက္ခဿ၊** | အဖိုးအနဂ္ဃ၊ တိုးတက်ရအောင်၊ ကျိုးဆက်ပြဘိ၊ ဘိုးယက္ခ၏။ |
| **ကာရဏံ၊** | ခြင်းရာအဖုံဖုံ၊ အကြောင်းစုံကို။ |
| **ဥဒ္ဓရိတွာ၊** | ထုတ်ဆောင်၍။ |
| **ပကာသေတွာ၊** | ထင်စွာပြ၍။ |
| **တဿအယျ၊** | အဖိုးအနဂ္ဃ၊ တိုးတက်ရအောင်၊ ကျိုးဆက်ပြဘိ၊ ဘိုးယက္ခ၏။ |
| **ကဏ္ဍမှိ၊** | အခန်းကဏ္ဍသည်လည်း။ |
| **နိဋ္ဌိတံ၊** | ဤတွင်တစ်ရပ်၊ ကမ္ပည်းမှတ်၍ အပြီးသတ်ပါတော့သတည်း။ |

## စိတ္တပါသာဏကဏ္ဍ

သာသနာ ၂၅၃၉ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၇) ရက်၊ (၁၈-၇-၁၉၉၅) အင်္ဂါနေ့ အမြိတ္တစုတ်ရက်ဖြစ်သော ရက်ထူးရက်မြတ်၌။

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့မှ ဒေါ်လှလှအမည်ရှိသော ဥပါသိကာသီတင်းသည်မ တစ်ဦးသည်။

အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား၏ ဂေါပကလူကြီးမင်းများထံ အပ်နှံ၍ ထူးဆန်း အံ့သြဖွယ်ရာ ကောင်းလှစွာ ကျောက်တုံးကြီး (၁) တုံးကို ပို့ဆောင်အပ်နှင်း လှူဒါန်းခြင်း ပြုခဲ့လေသည်။



## ရွှေထုပ်တဲ့မြပုဝါ

အဆိုပါကျောက်တုံးကြီးသည် "မြင်ရပုံအခြေနုပ်သော်လည်း၊ ရွှေထုပ်ထုပ်တဲ့မြပုဝါ" ဆိုဘိသို့ အပေါ်ယံကကြည့်လျှင် သာမညအရာဝတ္ထုဟု ထင်ရပေမယ့် အတွင်းသားမှာ စဉ်းစားစရာဖြစ်သော "အစ္ဆရိယအဗ္ဘုတ" မဖြစ်ဖူးမြဲ ထူးကဲဆန်းကြယ်သော အရာဝတ္ထုများ ရှိ၍နေပေသည်။

"အပွေးမြင် အပင်သိ၊ အသွေးမြင် အသွင်သိ" ဆိုသည့်အတိုင်း ဇေကန်ကြည့်လျှင် အဖြေမှန်သိ၍နေကြလေပြီ။

## တိုးမပေါက်အောင်စည်ကား

- ❁ ကောင်းကျိုးချမ်းသာများ ပေးစွမ်းနိုင်ခြင်း။
- ❁ ခက်ခဲသောပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးနိုင်ခြင်း။

အစရှိသည့် အကျိုးတရားတွေကို ကိုယ်တွေ့သမားတွေ များပြားသလောက် မိမိတို့၏ ယုံကြည်မှုဖြင့် အမိဋ္ဌာန်ဝင်နေကြသူတွေ ကိုးထပ်ကြီးဘုရားမှာ နေ့စဉ်နှင့်အမျှ စည်ကားလှပေသည်။

အကျိုးသက်ရောက်သူတွေ တိုးမပေါက်အောင်ရှိ၍ နေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## သုတေသီ ကိုနန်း

အကျယ်ကိုသိလိုပါမူ သုတေသီ ကိုနန်း ကြီးကိုးကြီးအမိဋ္ဌာန် သမိုင်းစာအုပ်တွင် ကြည့်ရှုနိုင်ကြပေသည်။

တေနေတံ ဥတ္တံ --

၃၃။ သဗ္ဗေပူရေန္တိ သင်္ကပ္ပါ၊
သဒ္ဓါ အဓိဋ္ဌဟန္တိယေ။
ဝိဇ္ဇာ ဓရေဟိ စိတြောသော
ပါသာဏော နူန မာပိတော။ ။

၃၄။ ကေဒါ မိဋ္ဌာနကာနံ၊
ကော ဘိက္ခု အပါပုဏိ။
တေနူပရူပရိ ဝုတ္တံ၊
ပါသာဏ မိဓ ပါပိတံ။ ။

၃၅။ အဟာတ္တကော အသာဋ္ဌေယျော၊
အမုခေါယံ အယာစကော။
အာက မုံ ယထာ ပေသနံ၊
ဗယာပေတိ နုဝတ္တိယော။ ။

၃၆။ ပမတ္တေ သန္တေ နေတိ၊
အမတ္တေ,ယံ နုပေက္ခကော။
သန္တေ ပန ဗယာပေတိ၊
အသန္တေ ပိ နရက္ခတော,တိ ။ ။

၃၇။ သေလာမိဋ္ဌာန ပေါတ္တကေ၊
သုတေသိနာ ဟိ ကာရဏံ။
ယံ ဝိတ္ထာရတော ဝတ္တိတံ၊
တံ တံ ပဿန္တု သာဓဝေါ ။ ။



၃၃။ သဗ္ဗေ ပူရေန္တိ သင်္ကပ္ပါ၊
သဒ္ဓါ အဓိဋ္ဌဟန္တိယေ။
ဝိဇ္ဇာ ဓရေဟိ စိတြောသော၊
ပါသောဏော နူန မာပိတော။ ။

| | |
|---|---|
| တေန၊ | ထို့ကြောင့် |
| တံ၊ | ထိုကျောက်တုံးဒြပ်၊ ဖြစ်လတ်တုံဘိ၊<br>ဂုဏ်သတ္တိကို။ |
| ပေါတ္တကေ၊ | ကြီးကိုးကြီးဝင်၊ သမိုင်းစဉ်စာအုပ်၌။ |
| ကာရကေန၊ | သမိုင်းအနေ၊ ရှာဖွေစုးစမ်း၊<br>သုတေသီကိုနန်းသည်။ |
| ဝုတ္တံ၊ | သကာတ်သဘော၊ အတတ်ဟော၍၊<br>ထပ်လောင်းပြောဆိုခဲ့လေပြီ။ |
| ကိံ၊ | အဘယ်သို့။ |
| ဝုတ္တံ၊ | ပြောဆိုသနည်းဟူမူကား။ |
| ၃၃၊ | ယေ၊ အကြင်သူတို့သည်။ |
| သဒ္ဓါ=သဒ္ဓါယ၊ | ကျောက်တုံးဒြပ်၊ ယင်းသကာတ်၌၊<br>ထပ်ထပ်မပျက်၊ ယုံကြည်ချက်ဖြင့်။ |
| ပါသာဏေ၊ | ခြေလက်မပါ၊ မာယာမသုံး၊<br>ယင်းကျောက်တုံး၌။ |
| အဓိဋ္ဌဟန္တိ၊ | ဖြစ်လိုရာဖန်၊ စိတ်အကြံဖြင့်၊<br>အဓိဋ္ဌာန်ကြကုန်၏။ |
| တေ၊ | ထိုသူတို့သည်။ |
| သဗ္ဗေ၊ | ခပ်သိမ်းကုန်သော။ |

www.burmeseclassic.com



**သက်ပွါ၊** ထိုထိုဤဤ၊ အလီလီနှင့် ကြံစည်သမျှ
အကြံအစည် ဟူသမျှတို့သည်။

**ပူရေန္တိ၊** မရွေ့မသုံ၊ လေ့ဂုဏ်ဖြင့်၊
ပြည့်စုံရရှိကြလေကုန်၏။

**အစေတနီကော၊** ကျောက်တုံးအတိ၊ ပကတိမှို့
အသိစိတ်မရှိသော။

**သောပါသာဏော၊** ခြေလက်မပါ၊ မာယာမသုံး၊
ထိုကျောက်တုံးသည်။

**ဝိဇ္ဇာဓရေဟိ၊** ဂန္ဓာရီဂိုဏ်းဝင်၊ ဝိဇ္ဇာသူတော်စင်တို့သည်။

**မာပိတောနူန၊** အမှန်မယွင်း၊ အကြံသွင်း၍၊
ဖန်ဆင်းသည်ဖြစ်လေယောင်တကား။

၃၄။ **ကေဒါ ဓိဋ္ဌာနကာနံ၊**
**ကော ဘိက္ခု အပါပုဏိ။**
**တေနုပရူပရိ ဝုတ္တံ၊**
**ပါသာဏာ မိမ ပါဝိတံ။ ။**

**ကေဍ္ဍါ၊** တရံရောအခါ၌။

**အဓိဋ္ဌာနကာနံ၊** အဓိဋ္ဌာန်ဝင်၊ သူတော်စင်တို့၏။

**သန္တိကံ၊** အထံသို့။

**ကောဘိက္ခု၊** ရဟန်းတော်တစ်ပါးသည်။

**အပါပုဏိ၊** ကြွရောက်ခဲ့လေပြီ။

**တေနဘိက္ခုနာ၊** ထိုရဟန်းတော်သည်။

**တံဝစနံ၊** ဤသို့သောစကားကို။

**ဝုတ္တံ၊** ပြောဆိုအပ်၏။



**ကိံ၊** အဘယ်သို့။

**ဝုတ္တံ၊** ပြောဆိုအပ်သနည်းဟူမူကား။

**ဥပရူပရိဝုတ္တံ=ဥပရူပရိဝုတ္တေန၊**
အထက်အထက်ဆရာကြီးများ၏
မိန့်ဆိုညွှန်ကြားချက်ဖြင့်။

**မယာ၊** ရဟန်းမည်သာ၊ ငါဆရာသည်။

**ပါသာဏံ၊** ခြေလက်မပါ၊ မာယာမသုံး၊
ယင်းကျောက်တုံးကို။

**ဣမ=ဣမသ္မိံဌာနေ၊** အတုလာဓိပတိ မဟာမုနိသကျ
ဤကိုးထပ်ကြီးဘုရားရင်ပြင်တော်ပေါ်
သို့။

**ပါဝိတံ၊** ဂုဏ်အင်မချို့၊ စုံလင်မျို့ဖို့၊
ပို့ဆောင်အပ်လေပြီ။

၃၅။ **အဟတ္ထကော အသာဒ္ဓေယျော၊**
**အမုခါယံ အယာစကော။**
**အာက မံ ယထာ ပေသနံ၊**
**ဖယာပေတိ နုဝတ္တိယော။ ။**

**အယံပါသာဏော၊** ဤကျောက်တုံးအတိ၊ ပကတိသည်။

**အဟတ္ထကော၊** ဘယ်ညာနှစ်ဘက်၊ လက်မပါသည်ဖြစ်၍။

**ကဿစိ၊** တစ်စုံတစ်ယောက်သောသူကို။

**အသာဒ္ဓေယျော၊** ဆင်းရဲအောင်၊ စဉ်းလဲကောက်ကျစ်ခြင်း
မပြုတတ်ပေ။

**အယံပါသာဏော၊** ဤကျောက်တုံးအတိ၊ ပကတိသည်။

www.burmeseclassic.com

www.burmeseclassic.com



**အမုခေါ၊** ဟိုဟိုဒီဒီ၊ မတည်ကြည်ဘဲ၊ လော်လည်လှည့်ပတ်၊ ပြောဆိုတတ်သော ပါးစပ်မပါသည်ဖြစ်၍။

**ကဿစိ၊** တစ်စုံတစ်ယောက်သောသူကို။

**အယာစကော၊** ရလိုသည့်ဟန်၊ အကြောင်းခံဖြင့်၊ တောင်းခံတတ်သော သဘောမရှိပေ။

**အယံပါသာဏော၊** ဤကျောက်တုံးသည်။

**ယထာအာကန္ခံ၊** အရာရာမလွဲ၊ မပါ,ပါအောင် ဆွဲဆောင်နေသည့်အတိုင်း။

**ယထာပေသန္ခံ၊** မကောင်းမဖက်၊ အကောင်းဘက်ကို စေခိုင်းနိုင်သည့်အတိုင်း။

**အနုဝတ္တိယော၊** အစဉ်တစိုက်၊ လိုက်နာကြကုန်သော သူတို့ကို။

**ဇယာပေတိ၊** မရှောင်မလွှဲ၊ အခေါင်စွဲအောင်၊ အောင်ပွဲခံစေနိုင်လေ၏။

၃၆။ အပမတ္တေ သန္တေ နေတိ၊
အမတ္တေ,ယံ နပေက္ခကော။
သန္တေ ပန ဇယာပေတိ၊
အသန္တေ ပိ နရက္ခတော,တိ ။ ။

**အယံပါသာဏော၊** မာယာမသုံး၊ ဤကျောက်တုံးသည်။

**အပမတ္တေ၊** ရတနာသုံးတန်၊ ကံ,ကံ၏အကျိုးကို မမေ့လျော့ကြကုန်သော။

**သန္တေ၊** အနေမစောင်း၊ သူတော်ကောင်းတို့ကို။



**သုခိတဌာနံ၊** ငြိမ်းချမ်းကုံလုံ၊ သုခဘုံသို့။ /

**နေတိ၊** လျှင်မြန်မယွင်း၊ ပို့ဆောင်လျင်း၏။

**အယံပါသာဏော၊** မာယာမသုံး၊ ဤကျောက်တုံးသည်။

**ပမတ္တေ၊** ရတနာသုံးတန်၊ ကံ,ကံ၏အကျိုးကို မေ့လျော့ကြကုန်သော။

**အသန္တေ၊** သူတော်မဟုတ်၊ ယုတ်မာသောသူတို့ကို။

**နပေက္ခကော၊** ဥပေက္ခာပြု၊ လျစ်လျူရှုတတ်၏။

**အယံပါသာဏော၊** မာယာမသုံး၊ ဤကျောက်တုံးသည်။

**အသန္တေ၊** သူတော်မဟုတ်၊ ယုတ်မာသောသူတို့ကို။

**နရက္ခကောပိ၊** ဥပေက္ခာပြု၊ လျစ်လျူရှုတတ်သော်လည်း။

**သန္တေပန၊** အနေမစောင်း၊ သူတော်ကောင်းတို့ကိုကား။

**ဇယာပေတိ၊** အောင်သံအဆင့်ဆင့်၊ အောင်လံလွှင့်၍၊ အောင်သင့်အောင်ကြောင်း၊ အောင်မောင်းခတ်တီး၊ အောင်စည်တီး၍၊ အအောင်ကြီးအောင်စေနိုင်လေ၏။

**ဣတိ၊** ဤသို့။

**ကာရကေန၊** သမိုင်းအနေ၊ ရှာဖွေစုစမ်း၊ သုတေသီကိုနန်းသည်။

**ဝုတ္တံ၊** သကတ်သဘော၊ အတတ်ဟော၍၊ ထပ်လောင်းပြောဆိုခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## သမိုင်းစာညွှန်းလျက် တိုက်တွန်းချက်

၃၇။ သေလာမိဋ္ဌာန ပေါတ္ထကေ၊
သုတေသိနာ ဟိ ကာရဏံ။
ယံ ဝိတ္ထာရတော ဝဏ္ဏိတံ၊
တံ တံ ပဿန္တု သာဓဝေါ ॥ ॥

**သာဓဝေါ၊** နှစ်လုံးပျော့ပျောင်း၊ သူတော်ကောင်းတို့။
**ဟိ၊** အမှာစကား၊ ပြောကြားပါဦးအံ့။
**သေလာမိဋ္ဌာနပေါတ္ထကေ၊** ကျောက်တုံးအဓိဋ္ဌာန်၊ ဖြစ်ရပ်မှန်ကို ဧကန်ပြုထုတ်၊ ယင်းစာအုပ်၌။
**သုတေသိနာ၊** သမိုင်းအရာ၊ အလှိုင်းဖြာအောင်၊ ဖွေရှာစူးစမ်း၊ သုတေသီကိုနန်းသည်။
**ယံကာရဏံ၊** ကျောက်တုံးနှင့်စပ်ရာ၊ အကြွင် အကြောင်းအရာကို။
**ဝိတ္ထာရတော၊** ယုတ္တိယုတ္တာ၊ နှိုင်းစာထောက်ထား၊ အကျယ်အားဖြင့်။
**ဝဏ္ဏိတံ၊** တလေးတစား၊ အရေးထား၍၊ ရေးသားဖွင့်ဆိုအပ်လေပြီ။
**တံ=တသ္မာ၊** ထို့ကြောင့်။
**တံကာရဏံ၊** ထိုကျောက်တုံးအစွမ်း၊ ထူးဆန်းဖုံဖုံ၊ အကြောင်းစုံကို။
**သာဓဝေါ၊** သူတော်ကောင်းဖြစ်ကြကုန်သော။
**တုမှေ၊** သင်တို့သည်။
**ပဿန္တု၊** အရှိတရား၊ အသိပွားအောင်၊ ကြည့်ထား ကြကုန်ရာတော့သတည်း ॥ ॥



## ကိုးထပ်ကြီးတြင်းကြေ နဝင်းကြေဘုရားရှိခိုး

၃၈။ သောဘိတံ ထောမိတံဗုဒ္ဓံ၊
ကိုးထပ်ကြီးတိ သုမင်္ဂလံ။
ဗားကရာ ရာမေ နိမ္မိတံ၊
ဝန္ဒာမိ သိရကာ မဟံ။

**သတ္တသဋ္ဌိဒွေကေ၊** လူတို့ဝေါဟာ၊ ကောဇာတွက်စစ်၊ သက္ကရာဇ် ၁၂၆၇ ခုနှစ်၌။
**ဗားကရာ ရာမေ၊** ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်တွင် မချို့ ငယ်အောင် အခြေချ၍ ကေဆယ့်လေး၊ လွန်တုံသေး၍၊ တွက်ရေး သတ်မှတ်၊ တစ်မတ်သာလွန်၊ အမွန်များစွာ၊ အလား အလာကောင်း၊ တရားဘာဝနာ မစောင်း သော၊ ဗားကရာကျောင်းတိုက်ကြီးအတွင်း ၌။
**နိမ္မိတံ၊** ဇမ္ဗူတစ်ခွင်၊ တူယှဉ်ပြိုင်ရလျှင်ဖြင့်၊ လူတွင် မကာ၊ နတ်တွေကပါ၊ ဖန်ဆင်းလာ၍၊ ဝိလာသဂ္ဂ၊ စိတြဒေဟံ၊ ကြ္တသရရွှေညာဏ် ဖြင့်၊ မသွေအမှန် ဝင့်ထည်၊ ဧဝကံ တင့်တယ်အောင်၊ ဖူးချင့်စဖွယ် ညာဏ်သွင်း ၍၊ ဖန်ဆင်းတော်မူအပ်ပေထသော။
**သောဘိတံ၊** မြန်မာမှာ စံပြုရတဲ့၊ မဟာဗန္ဓုလ စစ် ခမောက်ပုံလို၊ မျိုးဂုဏ်ဇာတိ၊ တန်ခိုးဂုဏ် အဋ္ဌာကြည့်လျက်၊ မြန်မာ၏ကျမ်းအရကို၊ မှန်းဆရှုကြည့်၍၊ ဂန္ဓကုဋိကျောင်းတော်

www.burmeseclassic.com

www.burmeseclassic.com



အမိုးတို့ဖြင့်၊ သောင်းကျော်အောင် တန်ခိုး ဝင့်ထည်သောကြောင့်၊ အမျိုးမျိုး တင့်တယ်ခြင်းလည်း ရှိတော်မူပေထသော။

**ထောမိတံ၊** ဖူးမျှော်သူ ခရီးပန်းပေမဲ့၊ အထူးကျော်လိုမူ တစ်နည်းဆန်းတာက၊ စည်းကမ်းအရာရာ အဖုံဖုံ၊ ချီးမွမ်းစရာစုံအောင်၊ တန်ခိုးဂုဏ်တို့နှင့်လည်း ပြည့်စုံတော်မူပေထသော။

**ကိုးထပ်ကြီး** မုနိကိုး၀၊ နောက်ဆုံးပြ၍၊ အစစမညီးနွမ်း၊

**တိတိနဝမံ၊** တစတစ တန်ခိုးအစွမ်းတို့ကြောင့်၊ ကိုးဂဏန်းနဝင်းကြေ၊ ဧြင်းကြေခြင်းနှင့်လည်း ပြည့်စုံတော်မူပေထသော။

**သုမင်္ဂလံ၊** ဂွမ်းဆီထည့်ဝါ၊ ရွှန်းပီတိဖြာ၊ သညာထွင်ကာ၊ အစဉ်အလာ ကောင်းသဖြင့်၊ မင်္ဂလာအပေါင်းနှင့်လည်း ပြည့်စုံတော်မူပေထသော။

**သုနိဟိတံ၊** သက်တော်ထင်ရှား၊ မြတ်ဘုရား၏၊ ကိုယ်စားတော်မှတ်၊ ဓာတ်တော်မြတ်တို့၊ ကိန်းဝပ်စံပျော်၊ ရွှေကြုတ်တော်ကို၊ "ရွှေစေတီ၊ ငွေစေတီ၊ ရွှေဆင်းတု၊ ငွေဆင်းတု" အစုစုအ၀၀၊ စုပေါင်းကြ၍၊ ကျနထင်လင်း၊ ဝမ်းဗိုက်တော်မှာသွင်း၍၊ ဌာပနာခြင်းလည်း ရှိတော်မူပေထသော။

**ဗုဒ္ဓံ၊** ပလ္လင်ဗွေမှ၊ သင်္ကေတဖြင့်၊ ယ - ဏသေချာ၊ ပေတိုင်းပါသော်၊ ထိပ်တော်မဏိ၊ အမြင့်ထိက၊ ခုနစ်ဆယ့်နှစ်ပေမျှ၊ ပမာဏ



ဖြင့်၊ ကာယပြည့်ဖြိုး၊ ထာဝရအသိတိုးအောင်၊ ကိုးဂဏန်းအရ၊ တန်ခိုးအစွမ်းပြတော်မူနိုင်သော "အတုလာဓိပတိ မဟာမုနိသကျ" ဘွဲ့တော်သသား ရှင်တော်မြတ်ဘုရားကို။

**အဟံ၊** လောကမှာလည်း ချမ်းသာ၊ သံသရာမှာလည်း တစ်ပန်းသာ၊ နိဗ္ဗာန်တိုင်အောင် လျှမ်းဖြာဖို့၊ မှန်းကာရည်ရော် တပည့်တော်သည်။

**သိရသာ၊** ဦးခေါင်းရတနာ၊ မြတ်အင်္ဂါဖြင့်။

**ဝန္ဒာမိ၊** ဆယ်ချောင်းအစုံ၊ ကြာပဒုံကို၊ ထိပ်မှာထင်မိုး၊ ဦးနှိမ်ချိုးလျက်၊ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား။

## မုနိကိုးပါးနှင့် ကိုးထပ်ကြီး

၁။ တာဝတိံသာနတ်ပြည်၌ နတ်အများ ကိုးကွယ်ပူဇော်သော "စူဠာမဏိမုနိ"ဘုရား။

၂။ သုဒ္ဓါဝါသ အကနိဋ္ဌ ဗြဟ္မာ့ဘုံ၌ ဗြဟ္မာများ ကိုးကွယ်ပူဇော်သော "ဒုဿမုနိ"ဘုရား။

၃။ ရာဇဂြိုဟ်ပြည်၌ "ရာဇမုနိ" ဘုရား။

၄။ သာဝတ္ထိပြည်၌ "စိန္တာမုနိ" ဘုရား။

၅။ ကပိလဝတ်ပြည်၌ သာကီဝင်မင်းမျိုးတို့ ကိုးကွယ်သော "သကျမုနိ" ဘုရား။

၆။ ဂိရိမဏ္ဍလတောင်၌ မဟောသရနတ်ဘီလူးကြီး ကိုးကွယ်သော "လောကမုနိ" ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



၇။ ဓညဝတီ ရခိုင်ပြည်၌ "မဟာမုနိ" ဘုရား။

၈။ အမရပူရ အင်းဝနေပြည်တော်၌ ဘိုးတော် ပဒုံမင်းတရား ကိုးကွယ်သော "စန္ဒာမုနိ" ဘုရား။

၉။ ရန်ကုန်တိုင်း၊ ယခင်ကြည့်မြင်တိုင်မြို့နယ်၊ ယခု စမ်းချောင်း မြို့နယ်၌ လွန်ခဲ့သော အနှစ်(၉၆)နှစ်ခန့်မှစ၍ ရဟန်းရှင်လူ၊ ပြည်သူအများတို့ ကိုးကွယ်နိုင်ရန် တည်ထားအပ်သော "အတုလာဓိပတိ မဟာမုနိသကျ" ဘုရား၊ တနည်းအားဖြင့် မုနိ ကိုးဆူမြောက် အနေတည်ထားလေသောကြောင့် "ကိုးထပ်ကြီး ဘုရား"ဟူ၍ ခေါ်ဝေါ်ပညတ်၊ သမုတ်အပ်၏ ဟူလိုသော်။ ။

## မုနိကိုးပါးကေဗိုဒ်ရတု

* မုနိကိုးဖြာ၊ သိဖို့ရာကို၊ သင်္ချာသရုပ်၊ ထင်စွာထုတ်အံ့၊ အဟုတ် ကြိုးကြိုး၊ ဂဏန်းထိုးလော့၊ ဆိုရိုးမှန်စွာရှိသည် မှာကား . . .

၁။ တာဝတိံသာ၊ နတ်တို့ရွာ၌၊ ဒေဝါနတ်များ၊ ညွတ်တွားဦးခိုက်၊ ပူဇော်ထိုက်ဖို့၊ သမိုက်သညာ၊ [၁]"စူဠာမဏိမုနိ" တစ်ဆူရှိ၏။

၂။ တည်ဘိတစ်ဝ၊ အကနိဋ္ဌ၊ ဗြဟ္မာ့ဘုံကျ၊ ထိုဌာန၌၊ [၂]"ဒုဿမုနိ" ရှိ၏ဗဟို၊ များကြည်ညိုရ၊ တစ်ဆူပြ၏။

၃။ ရာဇဂြိုဟ်မည်ရ၊ ပြည်ဌာနမှာ၊ [၃]"ရာဇမုနိ" ရှိ၏တစ်ဝ၊ မှတ်တုံ ကြလော့။

၄။ သာဝတ္ထိမှာ၊ တည်လာတုံဘိ၊ [၄]"စိန္တာမုနိ" ရှိ၏တစ်ဝ၊ မှတ်တုံ ကြလော့။

၅။ ကပိလပုရီ၊ ပြည်ဌာနီ၌၊ သာကီဝင်များ၊ တည်ထားတုံကြ၊ [၅]"သကျမုနိ" တစ်ဆူရှိ၏။

၆။ ဂိရိမင်္ဂလာ၊ ပဗ္ဗတ၌၊ မဟေသရ၊ နတ်ယက္ခ၏၊ ဦးချနှိမ်ချိုး၊ ရှိခိုးရာတည့်၊ [၆]"လောကမုနိ" ရှိတုံဘိရှင့်။



၇။ မဟာဝိဟိတာ၊ ဓညဝတီ၊ ရခိုင်ပြည်၌၊ တည်ရှိမှန်လှ၊ လောက ဝိသုဒ္ဓိ၊ [၇]"မဟာမုနိ" ရှိတုံဘိရှင့်။

၈။ သိရီဘိဘူဝနာ၊ မဟာအမရ၊ မြို့အင်းဝ၌၊ ရဇပဒုံ၊ တည်တုံ ပြန်ရာ၊ [၈]"စန္ဒာမုနိ" ရှိ၏မှန်စွာ၊ ရှစ်ဆူသာတည့်။

၉။ စုံရာတစ်ဖုံ၊ မှန်စွာစုံဖို့ ရန်ကုန်မဟာ၊ စမ်းချောင်းမှာ၌၊ တည်လာ တုံဘိ၊ [၉]"အတုလာဓိပတိ မဟာမုနိသကျ" ဘွဲ့တော်သ၍၊ စစထင်လင်း၊ အောင်စာရင်းဖြင့်၊ တြင်း,နဝင်းကြေ၊ အောင်ပါ စေဟု၊ အသရေမည်ိုး၊ ပရမေတန်ခိုးဖြင့်၊ ကိုးဂဏန်းထား၊ ကိုးဆူပွားကြောင်း၊ မှတ်သားမရိုး၊ ထပ်ပွားတိုးသဖြင့် "ကိုးထပ်ကြီး" ဘုရား၊ မည်တုံငြားသည်၊ အများလူတို့ သိစေ သောဝ် . . .။ ။

www.burmeseclassic.com

## နိဂုံးပတ္ထနာခန်း

၁။ ကိုးထပ်ကြီးတိ ဂေါပကေဟိ၊
ဂါရဝေနစ ယာစိတော။
ဗဟူဟိ ပဏ္ဍိ တောစေဝ၊
သုတကာမီဟိ သာဓဝေါ ။ ။

၂။ တေသံ ဆန္ဒံ ပူရေတွာန၊
ဂေါပကဿစ ယာစနံ။
အဂဏေတွာ ပရိဿမံ၊
အပေက္ခိယစ သာသနံ ။ ။

၃။ ဟားကရေစ ခုက္ကမြေနံ၊
စာဒီယန္တေန ဇွောကံ။
ပလာတာလေ သမ္ဘတ္တေစ၊
ပေါဋ္ဌပါဒေစ ဇုဏှကေ ။ ။

၄။ နိပါတ ရာဇ ဝံသာဒိ၊
သာခကေန ပကာသိယ။
မြန်မာဘာသာ စုဘယေန၊
ကိုးထပ်ကြီးတီတိ ပါဠိယာ ။ ။

၅။ ဗုဒ္ဓဿ ပသန္နတ္တာယ၊
ဟိတတ္ထာယစ သာသနံ။
လီနတ္ထံ ဥဒ္ဓရိတွာန၊
အဋ္ဌတိံသေဟိ ကာရိတံ ။ ။

၆။ ယုတ္တာယုတ္တံ တုလယိတွာ၊
ယုတ္တံဂဏှေယျ ပဏ္ဍိတော။
အယုတ္တမ္ပိစေ ပဿေယျ၊
တံခိပေယျ အဝဏ္ဍိတော ။ ။



၇။ ဣမိနာ ပုညကမ္မေန၊
ဂုဏဍ္ဎရော သုပါကဋော။
ပရေသဥ္စ အဟံ သေယျံ၊
သုခမေဝစ အာဝဟံ ။ ။

၈။ အသဒ္ဓေ နောပသေဝေယျံ၊
သဒ္ဓေ သေဝေ ဘဝါဘဝေ။
ပဏ္ဍိတေဟိ ဝဏ္ဍိတောစ၊
ကောသလ္လောစ ပကာရဏေ ။ ။

၉။ ဗဟိဘာဝေန မေတ္တာယျေ၊
နိပ္ပါဘိညာ ပဋိပဒံ။
သီဃံ ပပ္ပေါမိ နိဗ္ဗာနံ၊
ဘဝေယျံ မူလသာဝကော ။ ။

၁၀။ ဣမဿ ပုညဿ ဘာဂံ၊
မာတာဒယော လဘန္တုမေ။
ဥပကာရာ စရိယာစ၊
ဉာတကာ စ ပဇာသမံ ။ ။

၁။ ကိုးထပ်ကြီးတိ ဂေါပကေတိ၊
ဂါရဝေနေစ ယာစိတော။
ဗဟူတိ ပဏ္ဍိ တောစေဝ၊
သုတကာမီဟိ သာဓဝေါ ။ ။

**သာဓဝေါ၊** ရတနတ္တယဂုဏ်ရည်ကို၊ ယုံကြည်အားကိုး၊ မြတ်နိုးတုံ့ရှောင်၊ သူတော်ကောင်းတို့။

**ကိုးထပ်ကြီးတီတိ၊** မြန်မာပြည်အပြင်၊ ထက်အောက်ခွင်မှာ။

**စေတိယဿ၊** လွန်စွာထင်ရှား၊ ကိုးထပ်ကြီးဘုရား၏။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| **ဂေါပကာကေဟိ၊** | ဂေါပကခေါ်လျှင်း၊ လူကြီးမင်းတို့သည်။ |
| **ဂါရဝေန၊** | ဂါရဝရှေ့ထား၊ လေးစားလှစွာ။ |
| **ယာစိတောစ၊** | ကိုးထပ်ကြီး၏ နှိုင်းခိုင်းထောက်ထား၊ သမိုင်းသွားကို၊ ရေးသားပါရန်၊ အကြောင်းခံဖြင့်၊ တောင်းပန်အပ်သည်ဖြစ်၍ လည်းကောင်း။ |
| **သုတကာမီဟိ၊** | သုတကြားမြင်၊ များဖျင်းထိုထို၊ ပို၍ ပို၍ အလိုရှိကြကုန်သော။ |
| **ဗဟူဟိ၊** | များပြားပိုမို၊ ထိုထိုသော ရဟန်းရှင်လူတို့သည်။ |
| **ပတ္ထိတောစေဝ၊** | သိလိုကြောင့်ကြ၊ မဖြောင့်လှအောင်၊ တောင့်တအပ်သည်ဖြစ်၍ လည်းကောင်း။ |

(ကာရိတံ)၌စပ်

၂။ **တေသံ ဆန္ဒံ ပူရေတွာန၊**
**ဂေါပကာသဿစ ယာစနံ။**
**အဂကောတွာ ပရိသမံ၊**
**အပေက္ခိယစ သာသနံ ॥ ॥**

| | |
|---|---|
| **သုတကာမီနံ၊** | သုတကြားမြင်၊ များဖျင်ထိုထို၊ ပို၍ ပို၍ အလိုရှိကြကုန်သော။ |
| **ဗဟူနံ၊** | များပြားပိုမို၊ ထိုထိုသော ရဟန်းရှင်လူတို့၏။ |
| **ဆန္ဒဥ၊** | တောင့်တနေကြ၊ အလိုဆန္ဒကို လည်းကောင်း။ |



| | |
|---|---|
| **ဂေါပကာသဿ၊** | ကိုးထပ်ကြီးဘုရား၊ ထင်ရှားမြဲမြံ၊ ဂေါပကအဖွဲ့၏။ |
| **ယစနဥ၊** | ရိုသေရှေးရှု၊ တောင်းပန်မှုကို လည်းကောင်း။ |
| **ပူရေတွာနစ၊** | အာသာငင်းငင်း၊ တောင့်တခြင်းကို၊ ပြည့်တင်းစေ၍လည်းကောင်း။ |
| **သာသနံ၊** | ရှင်စောမြတ်စွာ၊ သာသနာကို။ |
| **အပေက္ခိယစ၊** | ရှုကြည့်၍လည်းကောင်း။ |
| **ပရိသမံ၊** | ကိုယ်စိတ်၏ ပင်ပန်း၊ နွမ်းနယမှုကို။ |
| **ပရိသမံ၊** | အကြောတောင့်တင်း၊ ပင်ပန်းခြင်းကို။ |
| **အဂဏေတွာ၊** | မရေတွက်မူ၍။ |

(ကာရိတံ)၌စပ်

၃။ **ဗားကရေစ ဥက္ကဋ္ဌေန၊**
**စာဒိယန္တေန တွေကာံ။**
**ပလာတာလေ စ သမ္ဘတ္တော၊**
**ပေါဋ္ဌပါဒေစ ဇုဏှကေ ॥ ॥**

| | |
|---|---|
| **ဗားကရေ** | ရန်ကုန်တိုင်း၊ အနောက်ပိုင်းခရိုင်၊ စမ်းချောင်းမြို့နယ်၊ ထယ်ဝါသမိုက်၊ ဗားကရာတိုက်၌။ အာရာမိဿရိယသသ တိုက်တာအုပ်ချုပ်ရေးအဖွဲ့၏။ |
| **ဥက္ကဋ္ဌေန၊** | ကြီးကဲသမုတ်၊ ဥက္ကဋ္ဌဖြစ်သော။ |
| **သြဝါဒါစရိယေနစ၊** | ကိုးထပ်ကြီးဂေါပကအဖွဲ့၏။ |

www.burmeseclassic.com

www.burmeseclassic.com



**စာဒိယန္တေန၊** စအစ, ယအဆုံး၊ သုံးလုံးတိကျ၊ ဘွဲ့နာမရှိသော

**မယာ၊** မင်းဘူးခရိုင်၊ အပိုင်ပွင့်ဖြူ၊ ပဋိရူတန်း၊ ဇောင်ချမ်းကုန်းရွာဇာတိ၊ စရိယသမုတ်၊ အကျွန်ုပ်သည်။

**ပလာတာလေစသမ္မတ္တေ၊** လူတို့ဝေါဟာ၊ ကောဇာတွက်စစ်၊ ၁၃၆၃ ခုနှစ်သို့ရောက်လစ်သောအခါကာလ၌။

**ပေါဋ္ဌပါဒေဇုဏှကေ၊** ပင်မြင့်ယင်းမာ၊ ပန်းမာလာတို့၊ မြိုင်ဝနာအတွင်း ကြိုင်စွာသင်းသည်၊ တော်သလင်းလဆန်း (၃)ရက်၊ မပျက်မရွေ့၊ ကြွက်မင်းနေ့၌။

၄။ နိပါတ ရာဇ ဝံသာဒိ၊
သာခကေန ပကာသိယ။
မြန်မာဘာသာ စုဘယေန၊
ကိုးထပ်ကြီးတီတိ ပါဠိယော ။ ။

**နိပါတရာဇဝံသာ၊** ဇာတ်, နိပါတ်၊ ရာဇဝင်သမိုင်းစဉ်သုံး၊

**ဒိသာခကေန၊** ယုတ္တိထုံးနှင့်။

**ယုတ္တံ၊** ယှဉ်လျက်။

**ကိုးထပ်ကြီးသမိုင်းတိ**

**ပကရဏံ၊** ကိုးထပ်ကြီးသမိုင်း၊ ဖြန့်လိုင်းကြံဆောင်၊ ကျမ်းစာစောင်ကို။

**မြန်မာဘာသာယစ၊** တကောင်းကစ၊ ကောင်းပထမမို့၊ မြန်မာ့ဝေါဟာ၊ မြန်မာဘာသာဖြင့်လည်းကောင်း။



**ပါဠိယာစ၊** ဘုရားမြတ်စွာ၊ နှုတ်ကလာဘိ၊ သဒ္ဒါရှိသည့်၊ ပါဠိဘာသာဖြင့်လည်းကောင်း။

**ဥဘယေန၊** ပါဠိ, မြန်မာ၊ နှစ်ဖြာယှက်ရှုံ၊ နှစ်ပါးစုံဖြင့်။

**ပကာသိယ၊** သုတ်အဘိဓမ္မာတစ်ဝ၊ ယုတ္တိသာခကေနှင့်၊ ထုတ်ညှိကာပြ၍။

(ကာရိတံ)၌စပ်

၅။ ဗုဒ္ဓဿ ပသန္နတ္တာယ၊
ဟိတတ္တာယစ သာသနံ။
လီနတ္တံ ဥဒ္ဒရိတ္တာန၊
အဋ္ဌတိသေဟိ ကာရိတံ။ ။

**ဗုဒ္ဓဿ၊** အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဟု၊ ကမ္ဘည်းပြုညွှန်၊ အလွန်ထင်ရှား၊ မြတ်ဘုရားအား။

**ပသန္နတ္တာယစ၊** ကြည်ညိုသဒ္ဓါတရား၊ ပွားများပါစေခြင်းငှာလည်းကောင်း။

**သာသနံ=သာသနဿ၊** ဗုဒ္ဓမြတ်စွာ၊ သာသနာတော်၏။

**ဟိတတ္တာယစ၊** အကျိုးစီးပွား၊ များပါစေခြင်းငှာလည်းကောင်း။

**လီနတ္တံ၊** ကိုးထပ်ကြီးခေါ်၊ သမိုင်းတော်၏၊ မပေါ်တိမ်မြုပ်၊ ငုပ်၍နေငြား၊ အကြောင်းအရာများကို။

**ဥဒ္ဒရိတ္တာန၊** မြုပ်သည်ကိုဖော်၊ ငုပ်သည်ပေါ်အောင်၊ စေ့ဆော်ကြည့်ရှု၊ ထုတ်ဆောင်ပြု၍။

www.burmeseclassic.com

www.burmeseclassic.com



**အဋ္ဌတိံသေဟိ ဝုတ္တေဟိ၊** (၃၈)ဂါထာတို့ဖြင့်

**ကာရိတံ၊** သိလွယ်မှတ်လွယ်၊ အဖတ်လွယ်အောင် မကျယ်မကျဉ်း၊ မိပွါယ်သွင်း၍၊ ရှင်းလင်းစွာ ရေးသားအပ်လေပြီ။

၆။ **ယုတ္တာယုတ္တံ တုလယိတွာ၊**
**ယုတ္တံဂဏှေယျ ပဏ္ဍိတော။**
**အယုတ္တမွိစေ ပဿေယျ၊**
**တံခိပေယျ အဝဏ္ဏိတော။ ။**

**ပဏ္ဍိတော၊** တွေးခေါ်မြင်သိ၊ ပညာရှိသည်။

**ဣမပေကာရဏော၊** မျိုးနွယ်တစ်ရပ်၊ ကိုးကွယ်တတ်ဖို့၊ သတ်မှတ်ယှဉ်နှိုင်း၊ ဤကိုးထပ်ကြီးသမိုင်း၌။

**ယုတ္တာယုတ္တံ၊** သင့်,မသင့်၊ တော်,မတော်ကို။

**တုလယိတွာ၊** သုခမိန်လိုင်း၊ တုချိန်နှိုင်း၍။

**ယုတ္တံ၊** ပါဠိအာဂမ၊ သဒ္ဒါကျ၍၊ သာဓကမှန်၊ ကျမ်းဂန်အလျော်၊ သင့်တော်သည်ကို။

**ဂဏှေယျ၊** အတွေးကျယ်ကျယ်၊ ဘေးမဖယ်ဘဲ၊ ရွေးချယ်ရယူရာ၏။

**အယုတ္တံ၊** အနှစ်မပါ၊ အကာအတိ၊ ပါသည့်အရာ၊ သိမ်ဖျင်းစွာကို။

**စေပဿေယျ၊** အကယ်မသွေ၊ တွေ့ခဲ့ပေအံ့။

**အဝဏ္ဏိတော၊** ဂုဏ်ကျေးဇူးမဲ့၊ ကဲ့ရဲ့သင်္ဂြိုဟ်၊ စကားတင်း မဆိုဘဲ။



**တံအယုတ္တံ၊** ထိုအနှစ်မပါ၊ အကာအတိ၊ ပါသည့်အရာ သိမ်ဖျင်းစွာကို။

**ခိပေယျ၊** ရတနာအလယ်၊ အကာဖယ်သလို၊ မတာမတွယ်ပဲ၊ ပစ်ပယ်ရာ၏။

၇။ **ဣမိနာ ပုညကမ္မေန၊**
**ဂုဏာဍ္ဍရော သုပါကဋော။**
**ပရေသဥ္စ အဟံ သေယျံ၊**
**အာဝဟံ သုခမေဝစ။ ။**

**ဣမိနာပုညကမ္မေန၊** ကိုးထပ်ကြီးဟု၊ သမိုင်းပြုစု၊ ဤကောင်းမှု ကြောင့်။

**အဟံ၊** စရိယဟု၊ မှည့်ထသမုတ်၊ အကျွန်ုပ်သည်

**ဘဝါဘဝေ၊** ဖြစ်လေရာရာ၊ အခါမဆိုင်း၊ ဘဝတိုင်း၌။

**ဂုဏာဍ္ဍရော၊** အကြောင်းစုံအောင်၊ ကောင်းဂုဏ် ဆောင်နိုင်သည်ဖြစ်၍။

**ဂုဏာဍ္ဍရော၊** တိပိဋက, ဓရ ဂုဏ်ရောင်၊ သုံးပုံဆောင်နိုင် သည်ဖြစ်၍။

**သုပါကဋော၊** နေ,လအသွင်၊ အလွန်လျှင် ထင်ရှားသည်။

**ဘဝေယျံ၊** ဖြစ်ရပါလို၏။

**ပရေသဥ္စ၊** မိမိမှအခြား၊ သူတစ်ပါးတို့ကိုလည်း။

**အဟိံသေယျံ၊** မညှင်းဆဲ၊ မနှိပ်စက်ရပါလို။

**အဟိံသေယျံ၊** အရမ်းသက်သက်၊ အကြမ်းဖက်၍၊ စိတ်ပျက်စရာ၊ နှိပ်စက်တာမျိုး ကင်းရပါ လို၏။

www.burmeseclassic.com



**ပရေသံ၊** မိမိမှအခြား၊ သူတစ်ပါးတို့၏။
**သုခမေဝစ၊** ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာခြင်းကို သာလျှင်။
**အာဝဟံ=အာဝဟန္တော၊** ဆောင်ရွက်နိုင်သည်။
**ဘဝါမိ၊** ဖြစ်ရပါလို၏။

၈။ အသန္တေ နောပသေဝေယျံ
သန္တေ သေဝေ ဘဝါဘဝေ။
ပဏ္ဍိတေဟိ ဝဏ္ဏတော စ၊
ကောသလ္လော စ ပကာရတော ။ ။

**ဘဝါဘဝေ၊** ဖြစ်လေရာရာ၊ အခါမဆိုင်း၊ ဘဝတိုင်း၌။
**အသန္တေ၊** သူတော်မဟုတ်၊ ယုတ်မာသောသူတို့ကို
**နောပသေဝေယျံ၊** မမှီဝဲရပါလို။
**သန္တေ၊** ငြိမ်းချမ်းလိုကြောင်း၊ ဓမ္မကိန်းအောင်း၊ သူတော်ကောင်းတို့ကို။
**သေဝေ=သေဝါမိ၊** မှီဝဲဆည်းကပ်ရပါလို၏။
**ပဏ္ဍိတေဟိ၊** တွေးတောကြံသိ၊ ပညာရှိတို့သည်။
**ဝဏ္ဏိတော စ၊** ကောင်းဂုဏ်တစ်ရပ်၊ ကောင်းဂုဏ်တပ်၍၊ ချီးမွမ်းအပ်သည်လည်းကောင်း။
**ပကာရတော၊** ဘုရားဟောဖော်၊ ပါဠိတော်နှင့်၊ အာဘော်ပြမှာ၊ ဋ္ဌကထာဋီကာ၊ ယောဇနာ အစုံ၊ ကျမ်းအဖုံဖုံ၌။
**ကောသလ္လော စ၊** ပါးနပ်လိမ္မာ၊ ကျွမ်းကျင်စွာ၊ ရှိသည်၏ အဖြစ်သည်လည်းကောင်း။



**ကောသလ္လော စ၊** သဒ္ဒါလည်းတတ်၊ ပရမတ်လည်းမြင်၊ ဝိနည်းတွင် ထိပ်ခေါင်စွဲသည်လည်း။
**သဝေယျံ၊** ဖြစ်ရပါလို၏။

၉။ ဖဟိဘာဝေန မေတ္တေယျ၊
ဒိပ္ပါဘိညာ ပဋိပဒံ။
သီဃံ ပပ္ပေါမိ နိဗ္ဗာနံ၊
ဘဝေယျံ မူလသာဝကော။ ။

**အနာဂတေ၊** ရှည်မြင့်လှစွာ၊ နောင်အခါ၌။
**ဉပ္ပန္နကော၊** ကံ့ကော်ပင်မင်း၊ ခြေအရင်း၌၊ ထင်လင်းပိုမို၊ အရဟတ္တဖိုလ်ဖြင့်၊ ရောင်ခြည်သင့်၍၊ ပွင့်တော်မူလတ္တံ့ဖြစ်သော။
**မေတ္တေယျ၊** မေတ္တေယျဘုရား၊ ထံတော်ပါး၌။
**ဒိပ္ပါဘိညာပဋိပဒံ၊** လျှင်သော အဘိညာဏ်၊ လျှင်သော အကျင့်ရှိသည်ဖြစ်၍။
**ဖဟိဘာဝေန၊** ဧဟိဘိက္ခုရဟန်း၏အဖြစ်ဖြင့်။
**သီဃံ၊** လျင်မြန်စွာ။
**နိဗ္ဗာနံ၊** ဒုက္ခခပ်သိမ်းအကုန်ငြိမ်းသော၊ နိဗ္ဗာန်သို့
**ပပ္ပေါမိ၊** ရောက်ရပါလို၏။
**မူလသာဝကော၊** တေဒဂ်ရာထူး၊ အထူးမပြ၊ မူလသာဝက သည်။
**ဘဝေယျံ၊** ဖြစ်ရပါလို၏။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ဣမသ္မိ ပုညသ္မိ ဘာဂံ၊
မာတာဒယော လဘန္တုမေ။
ဥပကာရာ စရိယာစ၊
ဉာတကာ စ ပဏာသမံ။ ။

| | |
|---|---|
| ဣမသ္မိပုညသ္မိ၊ | ကိုးထပ်ကြီးဟု၊ သမိုင်းပြုစု၊ ဤကောင်းမှု ၏။ |
| ဘာဂံ၊ | အဖို့ဘာဂကို။ |
| မေ၊ | အကျွန်ုပ်၏။ |
| မာတာဒယောစ၊ | ဦးဘိုးသန့်-ဒေါ်အိမ်ဇီ တည်ကြည်ခန့်ငြား မိဘများတို့သည်လည်းကောင်း။ |
| မေ၊ | အကျွန်ုပ်အား။ |
| ဥပကာရာ၊ | သွန်သင်ထုံးပြ၊ ဆိုဆုံးမဘူး၊ အကြောင်း ထူးကြောင့်၊ ကျေးဇူးတရား၊ အလွန်များ ကုန်သော။ |
| အာစရိယာစ၊ | ဆရာတော်ဦးကဝိ၊ စရိုမျှားပြား၊ ဆရာသမားတို့သည်လည်းကောင်း။ |
| ဉာတကာစ၊ | မိဆွေဖမျိုး၊ ဆွေမျိုးဉာတိ၊ ရှိရှိသမျှတို့ သည်လည်းကောင်း။ |
| ကောဋိသဘာဝေ၊ | သုံးဆယ့်တစ်ဘုံအတွင်း၌။ |
| အဝစရန္တာ၊ | ကျင်လည်ကျက်စား၊ သွားလာ၍နေကြ ကုန်သော။ |
| ပဏာစ၊ | ခပ်သိမ်းများစွာ၊ သတ္တဝါတို့သည် လည်း ကောင်း။ |
| မယာ၊ | အကျွန်ုပ်နှင့်။ |



| | |
|---|---|
| သမံ၊ | ထပ်တူထပ်မျှ။ |
| လဘန္တု၊ | ရရှိကြပါစေကုန်သတည်း။ |
| လဘန္တု၊ | အဖို့ အမျှ မချို့ရ၍၊ ချမ်းသာကြပါစေ သောဝ် . . . ။ |

**ဘဒ္ဒန္တစရိယ**
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
အောင်မင်္ဂလာကျားကျောင်း
ဗားကရာတိုက်၊ စမ်းချောင်း
၁၃၆၃ ခုနှစ်၊ တော်သလင်းလွှန်း (၃)ရက်
**(20.9.2001)**